ဦးသောင်းဝင်း (ပန်းချယ်ရီ)

ကိုယ်တိုင်လေ့လာသင်ခန်းစာ

# YouTube

## in 10 Minutes



Myanmar Heritage

# ကိုယ်တိုင်လေ့လာ YouTube သင်ခန်းစာ

အစဓမ့ဒိမ်စာပေ
ဂ၆၊ ပန်းဆိုးတန်းလမ်း
ဖုန်း 382100

# ကိုယ်တိုင်လေ့လာ YouTube သင်ခန်းစာ

ဦးသောင်းဝင်း (ပန်းချယ်ရီ)

Myanmar Heritage

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ၊

စောင်ရေ ၅၀၀၊

❑

ထုတ်ဝေသူ

ဒေါ်ခင်မာချို(၀၃၇၃၈)၊ ပန်းဝေဝေစာပေ

၃၆၀၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့၊ ရန်ကုန်တိုင်းဒေသကြီး။

❑

ပုံနှိပ်သူ

ဦးမောင်လွင်၊ နေလင်းပုံနှိပ်တိုက်

အမှတ် ၅၆၊ တောင်ဒဂုံ စက်မှုဇုန် ၂၊ ရန်ကုန်တိုင်းဒေသကြီး။

၀၀၆

ဦးသောင်းဝင်း(ပန်းချယ်ရီ)

ကိုယ်တိုင်လေ့လာ YouTube သင်ခန်းစာ /

ဦးသောင်းဝင်း(ပန်းချယ်ရီ)။ - ရန်ကုန်။

ပန်းဝေဝေစာပေ၊ ၂၀၁၁။

၁၈၃ စာ၊ ၁၄ x ၂၁ စင်တီ။

(၁) ကိုယ်တိုင်လေ့လာ YouTube သင်ခန်းစာ

# မာတိကာ

| | | |
|---|---|---|
| အခန်း ၁ | ရင်းနှီးကျွမ်းဝင်စေခြင်း | ၁၁ |
| | လက်ကမ်းကြိုဆိုစရာ | ၁၁ |
| | YouTube အခင်းအကျင်း | ၁၂ |
| | လုပ်ကိုင်ပေးပုံ | ၁၃ |
| | YouTube Home Page လမ်းညွှန် | ၁၄ |
| | Home Page ကို စိတ်ကြိုက်စီစဉ်ခြင်း | ၁၆ |
| | အကူအညီရယူခြင်း | ၁၇ |
| | YouTube Account တစ်ခု ဖန်တီးယူခြင်း | ၁၈ |
| | အခန်း ၁ အနှစ်ချုပ် | ၁၉ |
| အခန်း ၂ | ဗီဒီယိုများကို လေ့လာကြည့်ခြင်းနှင့် ရှာဖွေယူခြင်း | ၂၀ |
| | ဗီဒီယိုများကို browsing လုပ်ခြင်း | ၂၀ |
| | ရှာဖွေကြည့်ရှုခြင်း | ၂၆ |
| | Search တစ်ခုရဲ့ သဘာဝ | ၂၇ |
| | အခန်း ၂ အနှစ်ချုပ် | ၃၀ |
| အခန်း ၃ | YouTube ဗီဒီယိုတစ်ခုကို ကြည့်ရှုခြင်း | ၃၁ |
| | ဗီဒီယို Page ကို လမ်းညွှန်ပြသခြင်း | ၃၁ |
| | Video Player ကို အသုံးချခြင်း | ၃၂ |
| | ဗီဒီယိုနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်များကို ကြည့်ရှုခြင်း | ၃၄ |
| | ဗီဒီယိုများနဲ့ ပတ်သက်သမျှ စူးစမ်းလေ့လာခြင်း | ၃၅ |
| | ကြည့်ရှုရတဲ့ ဗီဒီယိုရဲ့ အဆင့်သတ်မှတ်ခြင်း | ၃၆ |
| | မကြည့်သင့်တဲ့ ဗီဒီယိုများကို တင်ပြခြင်း | ၃၆ |
| | အခန်း ၃ အနှစ်ချုပ် | ၃၇ |

အခန်း ၄ **အရည်အသွေးမြင့်မြင့်မားမားနဲ့ High-Definition Videos များကြည့်ခြင်း** ၃၉
Resolution အကြောင်း နားလည်ခြင်း ၃၉
HQ Video များကို ကြည့်ခြင်း ၄၁
HD Video များကို ကြည့်ခြင်း ၄၁
အခန်း ၄ အနှစ်ချုပ် ၄၂

အခန်း ၅ **အကြိုက်ဆုံး ဗီဒီယိုများကို သိမ်းဆည်းယူခြင်း** ၄၃
ကြည့်လိုတဲ့အခါ ကြည့်နိုင်ဖို့ QuickList တစ်ခု ဖန်တီးခြင်း ၄၃
နှစ်သက်တဲ့ ဗီဒီယိုတစ်ခုကို ဖမ်းသိမ်းယူခြင်း ၄၅
Favorite Video များကို ကြည့်ခြင်း ၄၅
Favorite Videos တွေကို QuickList တို့ Playlist တို့မှာဖြည့်သွင်းခြင်း ၄၆
အခန်း ၅ အနှစ်ချုပ် ၄၇

အခန်း ၆ **Video Playlist တစ်ခု ဖန်တီးခြင်း** ၄၉
Playlists အကြောင်း နားလည်သိရှိခြင်း ၄၉
Video Page တစ်ခုကနေ Playlist တစ်ခု ဖန်တီးယူခြင်း ၄၉
Playlist တစ်ခုတည်းကို ဗီဒီယိုထည့်ယူခြင်း ၅၁
Playlist တစ်ခုတည်းကို Favorite Video တစ်ခုထည့်ယူခြင်း ၅၁
Playlists ထဲက ဗီဒီယိုကိုကြည့်ခြင်း ၅၂
Playlists ကို တည်းဖြတ်ယူခြင်း ၅၃
Playlist တစ်ခုကို တခြားသူများအား မျှဝေယူခြင်း ၅၃
အခန်း ၆ အနှစ်ချုပ် ၅၄

အခန်း ၇ **ဗီဒီယိုများကြည့်ဖို့ စာရင်းသွင်းခြင်း** ၅၅
Channels နဲ့ Subscriptions များကို နားလည်သိရှိခြင်း ၅၅
User တစ်ဦးနဲ့ ဗီဒီယိုများကြည့်ဖို့ စာရင်းသွင်းခြင်း ၅၆
မိမိရဲ့ Subscriptions ကို စီမံဆောင်ရွက်ခြင်း ၅၆
အခန်း ၇ အနှစ်ချုပ် ၅၇





အခန်း ၈ **အီးမေးလ်မှတစ်ဆင့် YouTube Video မျှဝေခြင်း** ၅၉
ဗီဒီယိုတစ်ခုချင်း မျှဝေပေးခြင်း ၅၉
Playlist တစ်ခုကို မျှဝေခြင်း ၆၁
အခန်း ၈ အနှစ်ချုပ် ၆၂

အခန်း ၉ **Link များကို အသုံးချခြင်း** ၆၃
YouTube video တစ်ခုကို link နဲ့ ချိတ်ဆက်လုပ်ဆောင်ခြင်း ၆၃
မိမိ website ထဲသို့ YouTube Video ကို embedding လုပ်ယူခြင်း ၆၄
Embedded Video တစ်ခုကို customize လုပ်ခြင်း ၆၆
အခန်း ၉ အနှစ်ချုပ် ၆၈

အခန်း ၁၀ **Blog ပေါ်မှာ YouTube Video တင်ပြခြင်း** ၆၉
Blog တင်ပြချက်များအတွက် YouTube ကို တွဲဖက်စီစဉ်ယူခြင်း ၆၉
ဗီဒီယိုတစ်ခု တင်ပြခြင်း ၇၁
အခန်း ၁၀ အနှစ်ချုပ် ၇၂

အခန်း ၁၁ **YouTube ပေါ်မှ ဗီဒီယိုများ ရယူခြင်း** ၇၃
RealPlayer နဲ့ download ရယူခြင်း ၇၄
ဗီဒီယိုတစ်ခုကို ဆွဲချယူခြင်း ၇၄
ဆွဲချယူထားတဲ့ ဗီဒီယိုတစ်ခုကို ဖွင့်ကြည့်ခြင်း ၇၅
iPod ထဲကို ဗီဒီယိုဆွဲချယူခြင်း ၇၇
ကိုယ်ပိုင်ဗီဒီယိုများကို ဆွဲချယူခြင်း ၇၈
အခန်း ၁၁ အနှစ်ချုပ် ၇၉

အခန်း ၁၂ **iPhone ပေါ်မှာ YouTube Videos များကို ကြည့်ရှုခြင်း** ၈၁
iPhone ပေါ်မှာ ဗီဒီယိုရှာယူခြင်း ၈၁
iPhone ပေါ်မှာ မိမိကြိုက်နှစ်သက်ရာ ဗီဒီယိုများ ခင်းပြခြင်း ၈၃
ရှာဖွေဖို့ တခြားနည်းလမ်းများ အသုံးပြုခြင်း ၈၅
iPhone ပေါ်မှာ ဗီဒီယိုများကြည့်ခြင်း ၈၅
အခန်း ၁၂ အနှစ်ချုပ် ၈၆

| | | |
|---|---|---|
| **အခန်း ၁၃** | **YouTube အတွက် ဗီဒီယိုရိုက်ကူးခြင်း** | ၈၇ |
| | Webcam နဲ့ ရိုက်ကူးခြင်း | ၈၇ |
| | Camcorder နဲ့ ရိုက်ကူးခြင်း | ၈၉ |
| | YouTube videos ကောင်းကောင်းရိုက်ယူ၊ ရယူနိုင်ဖို့ အညွှန်းများ | ၉၂ |
| | အခန်း ၁၃ အနှစ်ချုပ် | ၉၇ |
| **အခန်း ၁၄** | **ဗီဒီယိုတစ်ခုကို တင်ပို့ထားဖို့ ပြင်ဆင်ခြင်း** | ၉၉ |
| | ဗီဒီယိုတည်းဖြတ်ခြင်း | ၉၉ |
| | ဗီဒီယိုတည်းဖြတ်ရေး ပရိုဂရမ်ရွေးချယ်ခြင်း | ၉၉ |
| | Video File Formats များကို နားလည်ခြင်း | ၁၀၄ |
| | ဗီဒီယိုကို YouTube ပေါ် တင်ပို့ဖို့အတွက် ညှိနှိုင်းဆောင်ရွက်ခြင်း | ၁၀၈ |
| | အခန်း ၁၄ အနှစ်ချုပ် | ၁၀၉ |
| **အခန်း ၁၅** | **YouTube ပေါ်ကို ဗီဒီယိုတစ်ခု တင်ပို့ခြင်း** | ၁၁၁ |
| | မိမိပီစီကွန်ပျူတာမှ ဗီဒီယိုတစ်ခုကို တင်ပို့ခြင်း | ၁၁၁ |
| | Quick Capture ကို အသုံးချပြီး webcam က ဗီဒီယိုတင်ပို့ခြင်း | ၁၁၃ |
| | မိုဘိုင်းလ်ဖုန်းကနေ ဗီဒီယိုတင်ပို့ခြင်း | ၁၁၄ |
| | အခန်း ၁၅ အနှစ်ချုပ် | ၁၁၅ |
| **အခန်း ၁၆** | **ဗီဒီယိုသတင်းအချက်အလက်ပြုစုခြင်း** | ၁၁၇ |
| | သတင်းအချက်အလက်တည်းဖြတ်ခြင်း | ၁၁၇ |
| | ဗီဒီယိုနမူနာပုံသေးများ အပြောင်းအလဲလုပ်ခြင်း | ၁၂၀ |
| | YouTube မှ ဗီဒီယိုတစ်ခုကို ဖယ်ထုတ်ခြင်း | ၁၂၀ |
| | အခန်း ၁၆ အနှစ်ချုပ် | ၁၂၁ |
| **အခန်း ၁၇** | **ဗီဒီယိုတစ်ခုပေါ်မှာ အသံဖလှယ်ယူခြင်း** | ၁၂၃ |
| | ဘာကြောင့် အသံဖလှယ်ရသလဲ | ၁၂၃ |
| | AudioSwap ကို အသုံးပြုခြင်း | ၁၂၄ |
| | အခန်း ၁၇ အနှစ်ချုပ် | ၁၂၅ |
| **အခန်း ၁၈** | **ဗီဒီယိုကို ခေါင်းစီးစာတန်းထည့်သွင်းခြင်း** | ၁၂၇ |
| | ဘာကြောင့်ခေါင်းစီးစာတန်းထည့်ရသလဲ | ၁၂၇ |
| | ခေါင်းစီးစာတန်းထည့်ခြင်း | ၁၂၈ |
| | ခေါင်းစီးစာတန်းနဲ့ ဗီဒီယိုကို ဖွင့်ကြည့်ခြင်း | ၁၃၀ |
| | အခန်း ၁၈ အနှစ်ချုပ် | ၁၃၁ |
| **အခန်း ၁၉** | **ဗီဒီယိုတွင် မှတ်စု၊ မှတ်ချက်အညွှန်းများ ထည့်သွင်းခြင်း** | ၁၃၁ |
| | Annotations ကို နားလည်စေခြင်း | ၁၃၁ |
| | ဗီဒီယိုတစ်ခုကို annotating လုပ်ခြင်း | ၁၃၃ |
| | Annotate လုပ်ထားပြီးတဲ့ ဗီဒီယိုကို ပြန်ကြည့်ခြင်း | ၁၃၅ |
| | အခန်း ၁၉ အနှစ်ချုပ် | ၁၃၆ |
| **အခန်း ၂၀** | **ကြည့်ရှုသူတို့ရဲ့ ထင်မြင်ချက်များ စီစဉ်ပေးခြင်း** | ၁၃၇ |
| | ဗီဒီယိုကြည့်ရှုသူတွေရဲ့ ထင်မြင်ချက် ထည့်ခွင့်၊ မထည့်ခွင့်ကိစ္စ | ၁၃၇ |
| | Video Responses နဲ့ Comments များ အတည်ပြုပေးခြင်း | ၁၃၉ |
| | ကြည့်ရှုသူတို့ရဲ့ Comment နဲ့ Response များ ဖယ်ထုတ်ယူခြင်း | ၁၄၀ |
| | ထင်မြင်ယူဆချက်မပေးဖို့ တားဆီးယူခြင်း | ၁၄၀ |
| | အခန်း ၂၀ အနှစ်ချုပ် | ၁၄၁ |
| **အခန်း ၂၁** | **YouTube channel ကို ကိုယ့်စိတ်တိုင်းကျ ပြုလုပ်ယူခြင်း** | ၁၄၃ |
| | Channels များကို နားလည်ခြင်း | ၁၄၃ |
| | မိမိ channel page အတွက် ကိုယ်ပိုင်အမှတ်သားများ ပြုလုပ်ခြင်း | ၁၄၅ |
| | အခန်း ၂၁ အနှစ်ချုပ် | ၁၄၇ |
| **အခန်း ၂၂** | **ကြည့်ရှုသူတို့ကို ခြေရာကောက်မှတ်တမ်းတင်ယူခြင်း** | ၁၄၉ |
| | အခြေခံကြည့်ရှုသူများကို ခြေရာကောက်ယူခြင်း | ၁၄၉ |
| | Advanced Statistics ကို ကိုင်တွယ်ခြင်း | ၁၅၀ |
| | မိမိဗီဒီယိုအားလုံးရဲ့ စွမ်းဆောင်ရည်ကို လေ့လာယူခြင်း | ၁၅၃ |
| | အခန်း ၂၂ အနှစ်ချုပ် | ၁၅၄ |

| | | |
|---|---|---|
| **အခန်း ၂၃** | **YouTube Account ကို စီမံခန့်ခွဲခြင်း** | **၁၅၅** |
| | မိမိကိုယ်ရေးအကျဉ်းကို တည်းဖြတ်တင်ပြခြင်း | ၁၅၅ |
| | အီးမေးလ်လိပ်စာပြောင်းခြင်း | ၁၅၆ |
| | စကားဝှက်ပြောင်းခြင်း | ၁၅၆ |
| | Privacy နဲ့ Email Setting ကို စီမံခြင်း | ၁၅၇ |
| | ပြန်ကြည့်မှုအတွက် စိတ်ကြိုက်စီမံခြင်း | ၁၅၈ |
| | အခန်း ၂၃ အနှစ်ချုပ် | ၁၅၉ |
| **အခန်း ၂၄** | **တခြားအသုံးပြုသူနဲ့ ဆက်သွယ်ခြင်း** | **၁၆၀** |
| | YouTube Email လက်ခံပို့ယူခြင်း | ၁၆၀ |
| | မိတ်ဆွေများနဲ့ လုပ်ကိုင်ခြင်း | ၁၆၄ |
| | အခန်း ၂၄ အနှစ်ချုပ် | ၁၆၅ |
| **အခန်း ၂၅** | **မြင်ကွင်းအကြီးစားကြီးများပေါ်တွင် YouTube XL ကို ကြည့်ရှုခြင်း** | **၁၆၇** |
| | YouTube XL မိတ်ဆက် | ၁၆၇ |
| | YouTube XL ကို ကြည့်ခြင်း | ၁၆၈ |
| | ကွန်ပျူတာနဲ့ TV Display တို့ကို ဆက်သွယ်ယူခြင်း | ၁၇၀ |
| | အခန်း ၂၅ အနှစ်ချုပ် | ၁၇၃ |
| **အခန်း ၂၆** | **မိမိရဲ့ YouTube ဗီဒီယိုများကို အမှမ်းတင်ယူခြင်း** | **၁၇၅** |
| | ထည့်သွင်းပါဝင်နိုင်ခွင့် ရယူခြင်း | ၁၇၅ |
| | မိမိဗီဒီယိုများ ရှာဖွေကြည့်ရှုနိုင်ဖို့ စီမံခြင်း | ၁၇၆ |
| | မိတ်ဆွေများနဲ့ ဆက်သွယ်ပေးပို့စရာများကိစ္စ | ၁၇၈ |
| | ဗီဒီယိုများအတွက် ကြော်ငြာခြင်း | ၁၇၈ |
| | YouTube ပြင်ပမှ ကြော်ငြာကိစ္စ | ၁၈၂ |
| | အခန်း ၂၆ အနှစ်ချုပ် | ၁၈၃ |




# အခန်း ၁
# ရင်းနှီးကျွမ်းဝင်စေခြင်း

ပထမဆုံး YouTube ကို အသုံးချနိုင်စေဖို့ YouTube Website ကို ဘယ်လို ဆက်သွယ်ဆောင်ရွက်မလဲ။ YouTube account တစ်ခုကို ဘယ်လိုဖန်တီးရယူနိုင်မလဲ ဆိုတာကို လေ့လာကြရမှာ ဖြစ်တယ်။

## လက်ကမ်းကြိုဆိုစရာ

YouTube ဆိုတာ ဗီဒီယို မျှဝေကြည့်ရှုနိုင်တဲ့ နေရာဌာနလေးတစ်ခု ဖြစ်တယ်။ ဘယ်လို web browser ကိုမဆို အသုံးချပြီး YouTube အသုံးပြုသူတွေက အွန်လိုင်းပေါ်က ဗီဒီယိုရိုက်ချက်တွေကို ရယူကြည့်ရှုနိုင်သလို မိမိရိုက်ကူးထားတဲ့ ဗီဒီယိုရိုက်ချက်တွေကိုလည်း တင်ထားပြီး မျှဝေနိုင်တယ်။

Web ပေါ်မှာတော့ ဗီဒီယို မျှဝေရာ အကြီးဆုံး စခန်းကြီး ဖြစ်နေတယ်။ လူသိများကျော်ကြားလာရတာက ရုပ်ရှင်ထုတ်နုတ်ချက်တွေ၊ ရုပ်မြင်သံကြားကောက်နုတ်ချက်တွေ၊ ဂီတရှိုးပွဲတွေ၊ ကိုယ်ပိုင်ဗီဒီယိုရိုက်ချက်တွေ သန်းနဲ့ချီပြီး ရှိနေလို့ပဲ ဖြစ်တယ်။ ပေါ်ပြူလာအဖြစ်ဆုံးကတော့ အသုံးပြုသူအချင်းချင်း အီးမေးလ်ကတစ်ဆင့် ဗီဒီယိုရိုက်ချက်တွေကို ပေးပို့လက်ခံယူလို့ရစေတဲ့ အခွင့်အလမ်းပဲဖြစ်တယ်။ ဒါ့အပြင် ဗီဒီယိုတွေကို တခြား site တွေကဖြစ်ဖြစ်၊ blog တွေကဖြစ်ဖြစ်၊ ချိတ်ဆက်ကြည့်ရှုခံစားလို့လည်း ရတယ်။ YouTube ဗီဒီယိုတွေကို စိတ်ဝင်စားတယ်ဆိုရင် ရုပ်မြင်သံကြားထုတ်လွှင့်ချက်ထဲမှာရှိတဲ့ The Daily Show ကနေ မိမိကြိုက်နှစ်သက်ရာ website ရဲ့ front page မှာ ထွက်ပေါ်လာစေတဲ့အထိ ကြည့်ရှုခွင့် ရပါလိမ့်မယ်။

အသုံးပြုရလွယ်တယ်ဆိုတဲ့ အချက်ကလည်း နှစ်သက်စရာ ကောင်းလှတယ်။ ဗီဒီယိုတစ်ခုကို ရှာဖို့ဆိုတာ keyword ရှာသလောက်နဲ့ လုပ်ယူနိုင်တယ်။ ကြည့်ဖို့ကျတော့လည်း Play ဆိုတဲ့ ခလုတ်လေးကို ကလစ်လုပ်ရုံပဲရှိတယ်။ ဗီဒီယိုရိုက်ချက်တွေကို တင်ပို့ရာမှာလည်း ခလုတ်တစ်ချက်နှိပ်ရုံနဲ့ ပြီးစီးသွားနိုင်တဲ့ အနေအထားဖြစ်တယ်။ YouTube အပိုင်း

မှာတော့ ကြီးမားလှတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းဆောင်နေတာ ဖြစ်တယ်။ File conversion ထဲက အလုပ် hosting အလုပ်နဲ့ serving အလုပ်တွေကို အမြဲမပြတ် လုပ်ပေးနေရတယ်။ တင်ထားတဲ့ဗီဒီယို format ကို အသုံးပြုလိုတဲ့ format ဖြစ်ဖို့ လုပ်ငန်းစဉ်တွေ တင်ပို့လာသမျှ လက်ခံစီစဉ်ပေးတာတွေနဲ့ ကြည့်လိုသူတွေ ရှာဖွေရလွယ်လွယ်နဲ့ ကြည့်ရှုခွင့်ရနိုင်စေဖို့ ဝန်ဆောင်မှုတွေကို ပေးနေရတာဖြစ်တယ်။ YouTube အနေနဲ့ အီးမေးလ်က တစ်ဆင့် မိတ်ဆွေတို့၊ မိသားစုတို့ကို ဗီဒီယိုပေးပို့ခွင့်ပြုပေးရတဲ့အပြင် အသုံးပြုသူရဲ့ ကိုယ်ပိုင် website ဒါမှမဟုတ် blog ပေါ်ကို တင်ပြပေးနိုင်ဖို့ link လုပ်ပေးတယ်။

ဗီဒီယိုကို ကြည့်လိုက ကြည့်နိုင်ပြီး မျှဝေလိုက မျှဝေနိုင်တဲ့ အခွင့်အလမ်းကို YouTube ကနေ ရယူနိုင်တယ်ဆိုတော့လည်း တဖြည်းဖြည်း လူသိများလာပြီး အောင်မြင်မှုတွေ ရလာခဲ့တာ ဖြစ်တယ်။

## YouTube အခင်းအကျင်း

YouTube site ထဲမှာ ဘာတွေရှိနေသလဲလို့ မေးစရာ ရှိပါလိမ့်မယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့ ဗီဒီယိုအပိုင်းလေးတွေကို ထည့်ပေးထားနိုင်သလို စိတ်ဝင်စားစရာကောင်းတဲ့ ဗီဒီယိုရိုက်ချက်တွေကို ရှာကြည့်လို့လည်း ရပါတယ်။

YouTube မှာ အများဆုံးရှိနေမယ့် ဗီဒီယိုတွေကတော့ တစ်ဦးချင်း၊ တစ်ယောက်ချင်း ကောင်းနိုးရာရာ ထည့်တင်ပေးထားတဲ့ ဗီဒီယိုရိုက်ချက်တွေပဲ ဖြစ်တယ်။ မိသားစုတစ်ဦးဦးရဲ့ မွေးနေ့ကျင်းပပုံတို့၊ ထူးထူးခြားခြားဖြစ်စေမယ့် လျှပ်တစ်ပြက်ရိုက်ချက်တို့လို Home video တွေကို ဆိုလိုတာဖြစ်တယ်။ တချို့ကလည်း video blogs အနေနဲ့ နားလည်ထားကြတယ်။ တချို့ကလည်း အလွယ်တကူ vlogs လို့ သုံးနှုန်းပြောဆိုတာမျိုး ရှိတယ်။ ကိုယ်ပိုင်ဗီဒီယိုကင်မရာလေးနဲ့ ရိုက်ကူးထားတဲ့အထဲက ကောင်းနိုးရာရာလေးတွေကို ကမ္ဘာတစ်လွှားက YouTube အဖွဲ့ဝင်တွေ ကြည့်လို့ရအောင် အလွယ်တကူ တင်ပြနိုင်တယ်။

တခြားဗီဒီယိုတွေကို professional ဆန်ဆန်ဖြင့် တွေ့ရပါလိမ့်မယ်။ ဖူးသစ်စရုပ်ရှင်ရိုက်ကူးရေးပညာရှင်တွေရဲ့ လက်ရာတွေကို တွေ့ရမှာ ဖြစ်တယ်။ ရံဖန်ရံခါ ရုပ်ရှင်တွေရဲ့ ဇာတ်ကြောင်းအကျဉ်းတွေနဲ့နမူနာရိုက်ချက်တွေလည်းကြည့်ရှုနိုင်တယ်။ ရုပ်ရှင်ပညာသင်တွေရဲ့ ရိုက်ချက်တို့၊ သရုပ်ဆောင်ရဲ့ အစမ်းလေ့ကျင့်ပုံကို စီစဉ်ညွှန်ကြားနေကြတဲ့ပုံကိုလည်း တွေ့နိုင်သေးတယ်။

သမိုင်းကြောင်းနဲ့ ပတ်သက်တဲ့ ဗီဒီယိုရိုက်ချက်တွေကိုလည်း YouTube ပေါ်မှာ ပြတိုက်ထဲဝင်ကြည့်သလို ကြည့်ရှုခွင့်ရနိုင်သေးတယ်။ သဘောကျလှတဲ့အကွက်၊ ကူးယူသိမ်းဆည်းထားတဲ့ ရုပ်မြင်သံကြား ကြော်ငြာပြကွက်များ၊ ဂန္ထဝင်မြောက်တဲ့ တေးဂီတပွဲဗီဒီယိုများ၊ ရုပ်မြင်သံကြားပြကွက်များ အမျိုးမျိုးရှိနေမှာ ဖြစ်တယ်။ အင်မတန်ရှားပါးလှတဲ့



Shindig show အဟောင်းတွေက Ronettes ရဲ့အရုပ်ပုံတွေကြည့်မလား။ Ed Sullivan Show မှာပါတဲ့ Ronettes တွေကို ကြည့်မလား ဒါမှမဟုတ် ရှေးခေတ်က ရေပန်းစားခဲ့တဲ့ Astro Boy ကာတွန်းဇာတ်လမ်းတွေကို ကြည့်မလား။ ကြည့်ရှုခွင့်ရသွားစေမယ်။ ယုံချင်ယုံ မယုံချင်နေ လွမ်းတသသဖြစ်စေမယ့် ဗီဒီယိုတွေ YouTube မှာ ရှိနေမှာ ဖြစ်တယ်။

တေးဂီတဗီဒီယိုနဲ့ ပတ်သက်လို့ ပြောကြမယ်ဆိုရင်လည်း web ပေါ်မှာ YouTube လောက်ကောင်းတဲ့ site ရှာမရသလောက် ရှိနေပါလိမ့်မယ်။ စိတ်ထဲမှာ မှန်းဆကြည့်မိတဲ့ အမျိုးအစားထဲက တေးဂီတအနုပညာရှင်တွေနဲ့ ပတ်သက်တဲ့ ဗီဒီယိုတွေ ရှိနေစေတယ်။ ဒါ့အပြင် ခေတ်စားလာပြီးပေါ်ပြူလာဖြစ်လာတဲ့ တက်သစ်စတေးဂီတအဖွဲ့တွေနဲ့ တေးဂီတတွေကိုလည်း မြင်တွေ့နိုင်ပါသေးတယ်။ ရုပ်ရှင်ဗီဒီယိုကြိုက်သူဆိုရင် YouTube ကို ကြိုက်မှာဖြစ်သလို ဂီတမြတ်နိုးသူတွေကလည်း YouTube ကို တမြတ်တနိုး ဖြစ်ကြပါလိမ့်မယ်။

ရုပ်မြင်သံကြားအစီအစဉ်မှာ ထုတ်လွှင့်ခဲ့တဲ့အထဲက ကောင်းနိုးရာရာပြကွက်တွေ၊ ရုပ်ရှင်တွေ တစ်ပုံတစ်ပင် YouTube မှာ တွေ့နိုင်သေးတယ်။ ABC, CBS, PBS, BBC, Discovery Channel, National Geographic, TLC, Showtime, Starz စတဲ့ ရုပ်မြင်သံကြား ထုတ်လွှင့်ဌာနတွေက ထုတ်လွှင့်ပြီးသမျှထဲက ကောင်းနိုးရာရာမှန်သမျှလောက်နီးနီး ရှိနေတယ်။ သေချာတာကတော့ ဒါတွေအားလုံးကို အခမဲ့ကြည့်ရှုခွင့်ရတာကိုက အထူးအခွင့်အရေးတစ်ရပ် ဖြစ်တယ်။

## လုပ်ကိုင်ပေးပုံ

ဗီဒီယိုတစ်ခုကို ကြည့်ရှုခွင့်ရဖို့ လွယ်လွယ်လေးပါ။ ဒါပေမဲ့ ဒီလို အသင့်ကြည့်နိုင်ဖို့အတွက် YouTube အနေနဲ့ မြင်ကွင်းရဲ့နောက်ကွယ်မှာ နည်းပညာတစ်ပုံတစ်ပင် အသုံးပြုပေးနေရတယ်။

Video files တွေကို တင်ပို့ပုံက စပြောရမှာ ဖြစ်တယ်။ အသုံးပြုသူတွေက YouTube ပေါ်ကို တင်ပို့ပေးတဲ့အခါ Quick Time, AVI, MPEG, WMV စတဲ့ file formats အမျိုးမျိုးနဲ့ အသုံးပြုထားကြမှာဖြစ်တယ်။ YouTube ပေါ်ရောက်တာနဲ့ ဒီ video file တွေကို Flash format ကို ပြောင်းပစ်ပေးလိုက်တယ်။ (YouTube video ကြည့်လိုသူတွေအနေနဲ့ Macromedia Flash Player 7 အဆင့် ထည့်ထားပြီး ဖြင့်နေရပါလိမ့်မယ်)။ YouTube က တင်ပို့ပေးသမျှ ဗီဒီယိုအားလုံးကို သိမ်းထားပေးပြီး ကြည့်လိုသူရဲ့ web browser ထဲကို streaming video ပုံစံနဲ့ ပို့လွှတ်ပေးမှာ ဖြစ်တယ်။ Streaming video technology ကို သုံးထားတဲ့အတွက် YouTube အသုံးပြုသူအနေနဲ့ မိမိတို့ရဲ့ hard disk ထဲကို video files များကို ဆွဲသိမ်းထားလို့ မရတော့ပါ။ ဘာဖြစ်လို့လဲဆိုတော့ streaming video ဆိုတာ downloading video နဲ့ ကွားခြားနေလို့ပဲဖြစ်တယ်။ File တစ်ခုကို မိမိပီစီထဲကို down-

load လုပ်တယ်ဆိုပါစို့။ Download လုပ်ငန်းစဉ်မပြီးခဲ့ရင် ဝီစီမှာ ဖွင့်လို့ မရနိုင်ပါ။ Download လုပ်ငန်းစဉ် ပြီးစီးခဲ့မှသာ ဖွင့်လို့ရမှာ ဖြစ်တယ်။ Streaming လုပ်ငန်းစဉ်က အစိတ်အပိုင်းအချို့ကို တင်ပြပေးနေပြီး နောက်တချို့ကို download လုပ်တဲ့ လုပ်ငန်းစဉ်ကို လုပ်ကိုင်ပေးနေတဲ့ပုံစံဖြစ်တယ်။ ဒါကြောင့် ဆွဲသိမ်းယူထားနိုင်တဲ့ အခွင့်အလမ်း မရစေနိုင်တော့ပါ။ အင်တာနက် ဆက်သွယ်မှု လိုင်းကောင်းရင်ကောင်းသလို streaming video ကို ချောမွေ့ပြေပြစ်စွာ ကြည့်ရှုခံစားခွင့်ရနိုင်တယ်။

---

**အဓိပ္ပာယ်ဖွင့်ဆိုချက်**


**Streaming Video :** ကွန်ပျူတာထဲကို အပြည့်အစုံ download မပြီးသေးပေမယ်လည်း download လုပ်ပြီးသလောက်ကို ကြည့်ရှုနိုင်တဲ့ နည်းပညာ ဖြစ်တယ်။

---

## YouTube Home Page လမ်းညွှန်

YouTube (www.youtube.com) ကို ဝင်ရောက်လိုက်တာနဲ့ ပုံ ၁-၁ မှာ ပြထားသလို home page ကို တွေ့မြင်ရပါလိမ့်မယ်။ Site တစ်ခုလုံးကို ကိုယ်စားပြုထားတဲ့ မျက်နှာစာဖြစ်တယ်။ ဗီဒီယိုများအတွက် search, browse, access, upload စတဲ့ လုပ်ငန်းတွေကို လုပ်ကိုင်စရာအကွက်များ ပြသထားတယ်။

ပုံ ၁-၁ YouTube home page ပုံစံ






---

**Note : YouTube Accounts**

လစဉ်ကြေးပေးသွင်းပြီးထားခြင်းမရှိဘဲ ဒါမှမဟုတ် sign-in မလုပ်ထားရသေးသူအတွက် home page ပုံစံကတစ်မျိုး ဖြစ်နေလိမ့်မယ်။ Sign-in လုပ်ပြီးမှသာ site တစ်ခုလုံး အပြည့်အစုံကို ဝင်ရောက် အသုံးပြုခွင့်ရမှာ ဖြစ်တယ်။ ဒီအတွက် YouTube Account ကို ဖန်တီးဖို့ လိုမှာ ဖြစ်ပါတယ်။

---

Home Page ပါဝင်ထားချက်များ

- Page ရဲ့ထိပ်ဆုံးမှာ မိမိရဲ့ YouTube email inbox ကို ဆက်သွယ်လာမယ့် Link များ၊ မျှဝေလာမယ့် ဗီဒီယိုများ၊ မိမိရဲ့ YouTube account နောင်အခါ ကြည့်ရှု အမှတ်အသားပြုထားတဲ့ QuickList နဲ့ YouTube ရဲ့ help system များ ရှိတယ်။
- မိမိ account အမည်ကို ကလစ်လုပ်တဲ့အခါ ပေါ်ထွက်လာမယ့် page ရဲ့ ထိပ်ဆုံးမှာ My Video ဆိုတဲ့ မိမိတင်ပို့ထားခဲ့တဲ့ ဗီဒီယိုတွေဆီကို သွားနိုင်မယ့် link တွေ၊ မိမိ အနှစ်သက်ဆုံး video နဲ့ playlist တွေ စာရင်းသွင်းထားပြီး ကြည့်နိုင်မယ့် video တွေနဲ့ မိမိရဲ့ email inbox တို့ကို တွေ့ရလိမ့်မယ်။
- Search box တစ်ခုပါတဲ့ toolbar၊ မိမိကိုယ်ပိုင် ဗီဒီယိုတွေ တင်ပို့ဖို့အတွက် အသုံးပြုရတဲ့ upload button နှင့် YouTube site ရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတွေကို ဆက်သွားရာမှာ အသုံးပြုနိုင်မယ့် button တွေရှိတဲ့အပြင် Home page လောက် လစဉ်ကြေးပေးသွင်းရာမှာ သုံးမယ့်လောက်၊ အမျိုးအစားအလိုက် ခွဲခြားပြသထားတဲ့ ဗီဒီယိုများ၊ ကြော်ငြာတီဗွီပြကွက်များ၊ channel များကိုလည်း မြင်တွေ့နိုင်တယ်။
- သတင်းလွှာတွေ၊ ဝေဖန်ချက်တွေ၊ ဖိတ်ခေါ်ချက်တွေ ပြသပေးထားတဲ့ Inbox bar တစ်ခုပါတယ်။
- What's New box က YouTube မှာရှိနေတဲ့ နောက်ဆုံး feature များကို ပြပေးလိမ့်မယ်။
- မိမိစာရင်းသွင်း ပါဝင်ထားတဲ့ အသုံးပြုသူတွေဆီက ဗီဒီယိုတွေကို spotlight နဲ့ ကြည့်လို့ရတယ်။
- မိမိကြည့်ရှုလေ့ရှိတဲ့ အကြောင်းအရာပေါ် မူတည်ပြီး YouTube က မိမိအတွက် နမူနာ တင်ပေးထားချက်တွေကို Recommended for You မှာ တွေ့နိုင်တယ်။
- YouTube မိတ်ဆွေဆီက လတ်တလော တင်ပေးထားတဲ့ ဗီဒီယိုတွေကို Friends က ပြပေးတယ်။
- ဒီနေ့ YouTube ပေါ်မှာ ရေပန်းအစားသုံး ဗီဒီယိုတွေကို Featured Video မှာ တွေ့နိုင်တယ်။

- တခြားအသုံးပြုသူတွေကြည့်နေတဲ့ ဗီဒီယိုတွေကို သူတို့နဲ့အတူ တစ်ပြိုင်နက် ခံစားကြည့်ရှုလိုတယ်ဆိုရင် Video Being Watched Now ကနေ ကြည့်လို့ရတယ်။
- Home page ရဲ့ အောက်ဆုံးမှာတော့ help နဲ့ ကုမ္ပဏီသတင်းအချက်အလက်တွေ အပါအဝင် မကြည့်မဖြစ်တဲ့ site တွေရဲ့ link တွေကို တွေ့ရပါလိမ့်မယ်။

YouTube ရဲ့ တခြားအပိုင်းတွေကို ပြောင်းရွှေ့ကြည့်တဲ့နေရာမှာ သက်ဆိုင်တဲ့ button နဲ့ link ကို ကလစ်လုပ်ရုံပဲရှိတယ်။ ဥပမာအနေနဲ့ မိမိရဲ့ Account information ကို စီမံဆောင်ရွက်လိုရင် page ရဲ့ထိပ်က Account Link ကို ကလစ်လုပ်ယူရတယ်။ အမျိုးအစားအလိုက် ဗီဒီယိုတွေကို မြည်းစမ်းကြည့်မယ်ဆိုရင် video button ကို နှိပ်လိုက်ရတယ်။ မိမိတင်ပို့ထားပြီးတဲ့ ဗီဒီယိုတွေကို ပြန်ကြည့်လိုတယ်ဆိုရင် page ရဲ့ ထိပ်မှာရှိတဲ့ မိမိရဲ့ user name ဘေးက right arrow ကို ကလစ်လုပ်ပြီး My Videos ကို ထပ်နှိပ်ယူရတယ်။ ကြည့်လိုတဲ့ ဗီဒီယိုကို ကြည့်ဖို့ thumbnail ပုံပြထားတဲ့အထဲက မိမိကြည့်လိုတဲ့ ဗီဒီယိုကို ကလစ်လုပ်လိုက်ရုံနဲ့ ကြည့်နိုင်တယ်။

## Home Page ကို စိတ်ကြိုက်စီစဉ်ခြင်း

မိမိစိတ်ကြိုက်ပုံစံနဲ့ YouTube ကို တန်ဆာဆင်အသုံးချနိုင်ဖို့ customizing လွယ်လွယ်ကူကူ လုပ်နိုင်စရာတွေရှိပါတယ်။ Home page အတွက် content modules တွေကို ထည့်လိုသမျှထည့်သွင်းပြီး ဖယ်ထုတ်လိုသမျှကို ဖယ်ထုတ်ပေးနိုင်တဲ့ အစီပွယ်ဖြစ်တယ်။ YouTube ရဲ့ home page ရဲ့ content တွေကို အောက်ဖော်ပြပါ လုပ်ငန်းစဉ်အဆင့်တွေနဲ့ အပြောင်းအလဲ လုပ်ယူနိုင်ပါတယ်။

(၁) Add Remove Modules links ကို ကလစ်လုပ်ပါ။




ပုံ ၁-၂ Add/Remove Modules Link ပုံစံ

(၂) Customize Home Page ထွက်ပေါ်လာတဲ့အခါ ပုံ ၁-၃ မှာ ပြထားတဲ့အတိုင်း ပြလိုတဲ့ module တွေကို check (✓) အမှတ်အသားပြပေးပြီး မကြည့်ရှုလိုတဲ့ module တွေမှာ uncheck လုပ်တဲ့အနေနဲ့ check (✓) အမှတ်အသားတွေကို ဖြုတ်ပစ်ရပါတယ်။

(၃) Save Changes button ကို ကလစ်လုပ်ပေးလိုက်ပါ။






ပုံ ၁-၃ YouTube ရဲ့ home page ကို စိတ်ကြိုက်ဖန်တီးစရာပုံစံ

## အကူအညီရယူခြင်း

လုပ်ကိုင်ဆောင်ရွက်နေရတာအတွက် အခက်အခဲရှိရင် YouTube ရဲ့ home page ရဲ့ အပေါ်ထိပ်မှာ Help link လေးကို ကလစ်လုပ်ပြီး အကူအညီ ရယူနိုင်ပါတယ်။ Help Center link ကို ဖွင့်ကြည့်ရင် YouTube ကို အသုံးပြုရာမှာ အခက်အခဲရှိရင် လုပ်ဆောင်လို့ရနိုင်မယ့် လက်တို့အညွှန်းတွေကို ဆောင်းပါးပုံစံနဲ့ တင်ပြထားတာကို တွေ့နိုင်တယ်။ လိုအပ်ချက်အတွက် တိုက်ရိုက်သိရှိလိုရင် Search box မှာ ပြဿနာအကြောင်းအရာကို ရိုက်ထည့်ပြီး ရှာဖွေကြည့်နိုင်တယ်။

ပုံ ၁-၄ YouTube Help page ပုံစံ



## YouTube  Account တစ်ခု ဖန်တီးယူခြင်း

YouTube ရဲ့အင်္ဂါရပ်အားလုံးကို အသုံးချခွင့်ရစေနိုင်ဖို့ ကိုယ်ပိုင် YouTube account တစ်ခုကို set up လုပ်ယူဖို့ လိုအပ်တယ်။ ပုံမှန်အားဖြင့် ဘယ်လိုဗီဒီယိုမျိုးကိုမဆို တင်ဖို့ထားရှိနိုင်ဖို့ မကြိုးစားဓိ account တစ်ခုတော့ ရှိထားရမှာဖြစ်တယ်။ ဗီဒီယိုကြည့်ရှုပြီး တချို့ကို သိမ်းဆည်းထားဖို့ account တစ်ခုလည်း လိုပါတယ်။ သိမ်းဆည်းခွင့်အပြင် playlists ဖန်တီးခွင့်အုပ်စုများနဲ့ အသိုင်းအဝိုင်းအားလုံးကို ဆက်သွယ်ခွင့်ရဖို့အတွက်လည်း အသုံးပြုစေနိုင်မှာ ဖြစ်တယ်။

---

**မှတ်ချက် : YouTube and Google**

YouTube ကို Google က ပိုင်ဆိုင်ထားပါတယ်။ ဒီအတွက် Google account တစ်ခု ရှိထားသူအနေနဲ့ YouTube site ပေါ်မှာ စာရင်းသွင်းဖို့ ပိုပြီး လွယ်ကူသွားစေတယ်။

---




ပုံ ၁-၅  YouTube account တစ်ခု ဖွင့်ဖို့ Sign up ပုံစံ

ကံကောင်းထောက်မစွာပဲ YouTube account တစ်ခု ဖန်တီးယူရာမှာ လွယ်လွယ်ကူကူနဲ့ ပြုလုပ်နိုင်ပြီး အခမဲ့လည်း သုံးစွဲခွင့်ရှိတယ်။ YouTube Site ထဲဝင်ပြီး ပေါ်ထွက်လာတဲ့ home page ရဲ့ ထိပ်ဆုံးမှာရှိတဲ့ Sign Up ဆိုတဲ့  link ကို ကလစ်လုပ်လိုက်ရတယ်။ Sign Up လုပ်ပြီးတာနဲ့ ပုံ ၁-၅ မှာ ပြထားသလို Get  Started with Your Account ဆိုတဲ့ page တက်လာပါလိမ့်မယ်။ User name တစ်ခုထည့်သွင်းပြီးရင် နေရာဒေသ၊ စာပို့ လုပ်



ငန်းသုံး ကုဒ်၊ မွေးနေ့မွေးရက်၊ ကျား၊ မ ခွဲခြားပြသချက်တို့ကို ကိုယ်ရေးအချက် အလက်များကို ဖြည့်သွင်းပေးရတယ်။ နောက်ဆုံး YouTube ရဲ့ သဘောတူညီချက်ကို လက်ခံကြောင်း Accept button ကို ကလစ်လုပ်ပေးရမှာဖြစ်တယ်။ Google၊ YouTube account ကို ဖွင့်မလား၊ အရင်ရှိထားပြီးဖြစ်တဲ့ Google account ကို ဆက်လက် အသုံးပြုမလားလို့ မေးမြန်းတာမျိုး ရှိနိုင်ပါတယ်။ ဒီအခါမှာ မိမိရဲ့ လက်ရှိအခြေအနေအတိုင်း ကြိုက်သလို ဖြေပေးနိုင်ပါတယ်။

ကိုယ်ပိုင် account ဖန်တီးပြီးတာနဲ့ account ကို အသုံးပြုဖို့ YouTube ထဲမှာ စာရင်းပေးသွင်းဖို့ လိုတယ်။ YouTube home page ရဲ့ ထိပ်မှာရှိတဲ့ Sign In link ကို ကလစ်လုပ်ပြီး အမည်နဲ့ လျှို့ဝှက်အမှတ်အသားများ ထည့်သွင်းပေးလိုက်တဲ့အခါ စပြီးအသုံးပြုလို့ရသွားပါတယ်။

## အခန်း ၁ အနှစ်ချုပ်

YouTube ကို sign up ဘယ်လိုလုပ်ယူရတယ်ဆိုတာ သိခွင့်ရသလို  home page လမ်းညွှန်နဲ့ help ကို ဘယ်လိုရှာဖွေကြည့်ရှုနိုင်မလဲဆိုတာ သိခွင့်ရသွားမှာ ဖြစ်တယ်။

## အခန်း ၂
## ဗီဒီယိုများကို လေ့လာကြည့်ခြင်းနှင့် ရှာဖွေယူခြင်း

YouTube ပေါ်မှာ အခမဲ့ကြည့်ရှုနိုင်မယ့် ဗီဒီယိုအမျိုးမျိုး တစ်ပုံတစ်ပင်ရှိနေတာကို သိရှိပြီး ဖြစ်ပေမဲ့ ဘယ်လိုအစမ်းမြည်းကြည့်နိုင်မလဲ။ ကြည့်လိုတဲ့ ဗီဒီယိုအမျိုးအစားကို ဘယ်လို ရှာဖွေကြည့်နိုင်မလဲဆိုတာ လေ့လာကြည့်ကြရမှာ ဖြစ်တယ်။

### ဗီဒီယိုများကို browsing လုပ်ခြင်း

အခန်း ၁ မှာ YouTube ကို ရင်းနှီးကျွမ်းဝင်စေဖို့ မိတ်ဆက်ပေးရာမှာ YouTube ပေါ်ရှိ ဗီဒီယိုတွေကို browsing နည်းလမ်းနဲ့တစ်မျိုး၊ searching နည်းလမ်းနဲ့တစ်ဖုံ ရှာကြည့်နိုင်တယ်လို့ ဆိုထားခဲ့တယ်။ YouTube အသုံးပြုတဲ့ လူတစ်ယောက်အနေနဲ့ မလွဲမသွေ browsing လုပ်ပြီး မြည်းစမ်းကြည့်ကြရမှာဖြစ်တယ်။ အကြိုက်မတွေ့မချင်း အမျိုးအစားအလိုက် ခွဲခြားစုစည်းထားတဲ့ ဗီဒီယိုတွေကို တစ်ခုချင်းကလစ်လုပ်ပြီး ရှာဖွေ ကြည့်နိုင်တယ်။

---

**သတိပြုရန် : Limited Selection**

Browsing လုပ်ရာမှာ ပြဿနာတစ်ခု ရှိနိုင်တယ်။ ပေးထားတဲ့ ဗီဒီယိုလိုင်းကိုကြည့်ဖို့ ခက်ခဲတဲ့ပြဿနာဖြစ်တယ်။ Site ပေါ်မှာ ရနိုင်သမျှ ဗီဒီယိုအားလုံးကို မြည်းစမ်းကြည့်လို့ မရနိုင်တဲ့အတွက် အမျိုးအစားအလိုက် ခွဲခြားပြုစုထားတဲ့ စာရင်းတစ်ခုကိုသာ အရယူပြီး မြည်းစမ်းကြည့်ရပါလိမ့်မယ်။

---

### အမျိုးအစားအလိုက် browsing လုပ်ခြင်း


အသုံးပြုသူအများစုအတွက် အမျိုးအစားအလိုက် YouTube က ဗီဒီယိုတွေကို မြည်းစမ်းကြည့်ရှုတာ အကောင်းဆုံးဖြစ်တယ်။ အောက်ပါလုပ်ငန်းစဉ်အဆင့်တွေနဲ့ လုပ်ကိုင်သွားနိုင်တယ်။

(၁) YouTube page တစ်ခုမှာရှိနေတဲ့ toolbarပေါ်က Video button ကို ကလစ်လုပ်ပါ။

(၂) Page ရဲ့ ဘယ်ဘက်မှာရှိတဲ့ Categories link အတွင်းက အမျိုးအစားတစ်ခုကို ကလစ်လုပ်ပါ။

(၃) ပုံ၂-၁ မှာ ပြထားသလို page တစ်ခု ထပ်ပေါ်လာတဲ့အခါ category ထဲက ပေါ်ပြူလာဖြစ်နေတဲ့ ဗီဒီယိုတွေကြည့်ဖို့ Popular tab ကိုနှိပ်နိုင်၊ Category ထဲက လူအများဆုံးကြည့်ရှုနေတဲ့ ဗီဒီယိုကြည့်ဖို့ Most Viewed tab ကိုနှိပ်နိုင် ပထမဆုံး ရွေးချယ်မှုကို လုပ်နိုင်တယ်။

(၄) ပေါ်လာတဲ့အထဲက ကြည့်လိုတဲ့ ဗီဒီယိုရဲ့ thumbnail လေးကို ကလစ်လုပ်ကြည့်ပါ။




ပုံ ၂-၁ အမျိုးအစားလိုက် ဗီဒီယိုများကို ပြည်းစမ်းကြည့်တဲ့ပုံစံ

---

**သတိပြုရန် : More Options**

More link ကို ကလစ်လုပ်ပြီး Spotlight Videos, Rising Videos, Most Discussed Videos, Recent Videos, Most Responded to Videos, Top Favorite Videos, Top Rated Videos တို့ကို ကြည့်နိုင်တယ်။

---

YouTube က ဗီဒီယိုတွေကို အောက်ပါ အမျိုးအစားတွေနဲ့ ဖွဲ့စည်းထားတယ်။

- **Auto & Vehicles :** လေယာဉ်တွေ၊ ရထားတွေ၊ မော်တော်ကားတွေနဲ့ ပတ်သက်တဲ့ car chases, monster truck rallies, Flight films စသလို အမည်ပေးထားတဲ့ ဗီဒီယိုတွေ စုစည်းထားပေးတဲ့နေရာဖြစ်တယ်။



- **Comedy :** အိမ်သားတွေရဲ့ ရယ်စရာကောင်းတဲ့ အဖြစ်အပျက်တွေ၊ လျှပ်တစ်ပြက်ဟာသရိုက်ချက်တွေ တင်ပို့ပေးထားသမျှ စုစည်းစည်းရှိနေတဲ့နေရာ ဖြစ်တယ်။
- **Education :** ပညာရေးလောကနဲ့ သက်ဆိုင်တဲ့ ဗီဒီယိုရိုက်ချက်တွေပါတဲ့ ဗီဒီယိုအုပ်စု ဖြစ်တယ်။
- **Entertainment :** သောင်းပြောင်းထွေလာ ရုပ်ရှင်နမူနာလေးတွေ၊ ကောက်နုတ်ချက်တွေ၊ ရုပ်ရှင်သရုပ်ဖော်ဆောင်မှု ချို့ယွင်းချက်တွေနဲ့ အခါအားလျော်စွာ စိတ်ဝင်စားစရာ ရုပ်ရှင်အပိုင်းလေးတွေကို အုပ်စုဖွဲ့ထားတယ်။
- **Film & Animation :** အနုပညာရသမြောက်တဲ့ ရုပ်ရှင်တွေ၊ ဂန္တဝင်ကာတွန်းတွေ၊ ကွန်ပျူတာအသုံးပြုချက် အန်နီမေးရှင်းဇာတ်ကားတိုလေးတွေထားရှိတဲ့ အမျိုးအစားဖြစ်တယ်။
- **Gaming :** ဗီဒီယိုဂိမ်းနဲ့ ပီစီဂိမ်းနမူနာတွေ၊ ဝေဖန်ယူဆချက်တွေနဲ့ လက်တွေ့ကစားကွက်ပါရှိတဲ့ ဗီဒီယိုများကို စုဆောင်းထားရှိတယ်။
- **How to & Style :** လူမှုဘဝမှာ အကျိုးဝင်တဲ့ ကိစ္စတွေကို ဘယ်လိုလုပ်ရကိုင်ရတယ်၊ ဘယ်လိုဝတ်ဆင်ရကြတယ်လို့ ပြသပေးတဲ့ ဗီဒီယိုရိုက်ချက်တွေ ရှိနေတဲ့နေရာ ဖြစ်တယ်။
- **Music :** အရေအတွက်ပမာဏ အများဆုံး အမျိုးအစားဖြစ်တယ်။ တေးဂီတဆိုင်ရာဖျော်ဖြေမှုဗီဒီယိုတွေ၊ ဂန္တဝင်မြောက် သရုပ်ပြကွက်တွေ၊ အပျော်တမ်းသမားတို့ရဲ့ သီဆိုဖျော်ဖြေမှုဗီဒီယိုတွေနဲ့ တက်သစ်စတေးဂီတအဖွဲ့တွေရဲ့ ဂီတဖျော်ဖြေပွဲဗီဒီယိုတွေ တစ်ပုံတစ်ပင် ရှိနေတယ်။
- **News & Politics :** YouTube Site ပေါ်က သတင်းဝင်ဗီဒီယိုပြကွက်တွေ၊ ကြေးစားသတင်းထောက်ဆီက ရိုက်ကူးပေးပို့တဲ့ အကြောင်းအရာတွေ၊ အပျော်တမ်းသမားတွေ ရိုက်ကူးမိလိုက်တဲ့ သတင်းဗီဒီယို မှတ်တမ်းတွေထားရှိတယ်။
- **Nonprofits & Activism :** ပရဟိတလုပ်ငန်းနဲ့ ပတ်သက်တဲ့ လှုပ်ရှားမှုတွေ ရိုက်ကူးထားတဲ့ ဗီဒီယိုများ အုပ်စုလိုက်ထားရှိတယ်။
- **People & Blog :** ကိုယ်ရေးကိုယ်တာ ဗီဒီယိုဘလော့ဂ်တွေ အပါအဝင် အသုံးပြုသူရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝ တင်ပြချက် ဗီဒီယိုများကို လက်ခံ စုစည်းထားပေးတယ်။
- **Pet & Animals :** အိမ်မွေးတိရစ္ဆာန်တွေရဲ့ စရိုက်လေးတွေနဲ့ ချစ်စရာကောင်းတဲ့ ယဉ်ပါးမှုတွေကို ရိုက်ကူးထားတဲ့ ဗီဒီယိုများ စုဆောင်းထားရှိတယ်။
- **Science & Technology :** ကွန်ပျူတာတို့၊ ရိုဘော့တို့အပါအဝင် နည်းပညာနဲ့ သိပ္ပံပညာရပ်ဆိုင်ရာ သိကောင်းစရာဗီဒီယိုမှတ်တမ်းများကို စုစုစည်းရှိနေစေတယ်။

- **Sports :** ကြေးစားနဲ့ အပျော်တမ်းအားကစားနစ်မျိုးလုံးနဲ့ ပတ်သက်တဲ့ ဗီဒီယိုမှတ်တမ်းများ ရှိပါတယ်။
- **Travel & Events :** အပျော်တမ်းခရီးသွား မှတ်တမ်းနဲ့ ရေမြေတောတောင် သဘာဝ ပထဝီအနေအထားတွေကိုရိုက်ကူးထားတဲ့၊ ဗီဒီယိုမှတ်တမ်းတွေစုစည်းထားတဲ့နေရာ ဖြစ်တယ်။

---

**လက်တို့အညွှန်း : Most Recent Videos**

ဘယ်အမျိုးအစားထဲမှာဖြစ်ဖြစ် အသစ်လွင်ဆုံးဗီဒီယိုတွေကို ကြည့်လိုရင် ဗီဒီယိုစာရင်းထဲမှာ ကလစ်တစ်ချက်နှိပ်ရုံမျှနဲ့ ကြည့်ခွင့်ရနိုင်တဲ့ link တွေရှိနေတယ်။ ဗီဒီယိုစာရင်းမှာ ဒီနေ့၊ ဒီအပတ်၊ ဒီလ၊ ဒီနှစ် ဒါမှမဟုတ် အမြဲတစေဆိုတဲ့ ခြားနားမှု ရှိပါတယ်။

---

## လိုင်းအလိုက် မြည်းစမ်းကြည့်ခြင်း

YouTube ဗီဒီယိုတွေကို မြည်းစမ်းကြည့်ရာမှာ category အလိုက် မြည်းစမ်းကြည့်နိုင်တဲ့ နည်းလမ်းတစ်ခုတည်းရှိတာ မဟုတ်ပါ။ Channel အလိုက် ဗီဒီယိုဖွဲ့စည်းထားမှုလည်း ရှိနေပါသေးတယ်။ လူအများနဲ့ မျှဝေကြည့်ရှုတဲ့အခါ ဒီနည်းက အကောင်းဆုံး ဖြစ်နေပါလိမ့်မယ်။

---

**အဓိပ္ပာယ်ဖွင့်ဆိုချက် : Channel**

Channel တစ်လိုင်းဆိုတာ YouTube ပရိတ်သတ်တစ်ဦးစီက အကြိုက်ချင်းတူရတဲ့ ဗီဒီယိုတွေအားလုံးကို လိုင်းပုံစံပြုပြီး စုဆောင်းထားတာဖြစ်တယ်။ YouTube အနေနဲ့ သူ့ရဲ့လိုင်း၊ သူမရဲ့လိုင်းဆိုပြီး ခွဲခြားပြထားပါလိမ့်မယ်။

---

လိုင်းအလိုက်ရှိနေတဲ့ YouTube ဗီဒီယိုတွေကို အောက်ပါလုပ်ငန်းစဉ် အဆင့်အတိုင်း လုပ်ကိုင်ရင်း ကြည့်ရှုလို့ ရတယ်။

(၁) YouTube ရဲ့ page တစ်နေရာရာကနေ toolbar ပေါ်မှာရှိနေတဲ့ Channels button ကို ကလစ်လုပ်လိုက်ပါ။

(၂) Channels Categories list ကနေ လိုင်းအမျိုးအစားတစ်ခုကို ထပ်နှိပ်ယူပါ။

(၃) နောက် page တစ်ခု ထပ်ပေါ်လာတဲ့အခါ YouTube မှာ ရှိနေပြီး အများဆုံး စာရင်းသွင်းတင်ပြထားချက်တွေကိုကြည့်ဖို့ Most Subscribed tab ကို ကလစ်လုပ်ယူပါ။

(၄) ကြည့်ရှုလိုတဲ့ အသုံးပြုသူအတွက် channel page ကို ကြည့်ဖို့ video channel တစ်ခုပေါ်က user name ကို ထပ်ကလစ် လုပ်လိုက်ရပါမယ်။






ပုံ ၂-၂ Channel page သဘာဝပုံစံတစ်ခု

Channel link တစ်ခုကို ကလစ်လုပ်တဲ့အခါ အသုံးပြုသူရဲ့ channel page ကို ကြည့်ခွင့်ရသွားတယ်။ နမူနာအဖြစ် ပုံ ၂-၂ ပုံစံကို ရှုမြင်နိုင်တယ်။ အသုံးပြုသူတွေ ဗီဒီယိုတင်ပို့ထားချက်အားလုံးကို channel page မှာ ပြထားပေးတယ်။ ဒီ့အပြင် ဦးစားပေးအဆင့်ဝင် favorite videos, playlists နဲ့ တခြားသတင်းအချက်အလက်တွေကိုလည်း ပြဆိုထားတာကို တွေ့ရပါလိမ့်မယ်။

## ရုပ်မြင်သံကြားပြကွက်နဲ့ ဗီဒီယိုရုပ်ရှင်များ မြည်းစမ်းကြည့်ခြင်း

ပုံမှန်အသုံးပြုနေတဲ့ YouTube ပရိသတ်က တင်ပို့ထားတဲ့ ဗီဒီယိုတွေသာမက commercial TV show တွေနဲ့ ရုပ်ရှင်တွေကိုလည်း တွေ့နိုင်ပါသေးတယ်။ ဒီလိုစီးပွားရေးဆန်တဲ့ commercial content တွေကို အောက်ပါလုပ်ငန်းအဆင့်အတိုင်း ဝင်ရောက်ကြည့်ရှုနိုင်ပါလိမ့်မယ်။

(၁) YouTube တစ်နေရာရာကနေ YouTube toolbar ပေါ်က Shows button ကို ကလစ်လုပ်လိုက်ပါ။

(၂) အမျိုးအစားအလိုက် ခွဲခြားထားတဲ့ TV Show တွေကို ကြည့်ဖို့ page ရဲ့ ဘယ်ဘက်မှာ ရှိနေတဲ့ shows list မှာရှိတဲ့ category တစ်ခုကို ကလစ်လုပ်ယူပါ။

(၃) ရုပ်ရှင်အုပ်စုကိုကြည့်ဖို့ page ရဲ့ဘယ်ဘက်ပေါ်က Movie Link ကို ကလစ်လုပ်ပါ။

(၄) ရုပ်မြင်သံကြားပြကွက်တွေနဲ့ ရုပ်ရှင်တွေကြည့်ဖို့ အက္ခရာစဉ်လိုက်ရှိနေမယ့် Alphabetical tab ကို ကလစ်လုပ်ပြီး ရှာကြည့်နိုင်သလို အသစ်လွှင်ဆုံး ဗီဒီယိုတစ်ခုကို ကြည့်လိုရင် Most Recent tab ကို နှိပ်ယူရပါမယ်။ ဒါမှမဟုတ် ပေါ်ပြူလာအဖြစ်ဆုံး ပြကွက်နဲ့ ရုပ်ရှင်တွေကို ကြည့်လိုရင် Most Popular tab ကို နှိပ်ရသလို စတူဒီယိုတစ်ခုခုက ကွန်ရက်ချိတ်ပြသတဲ့ ပြကွက်နဲ့ ရုပ်ရှင်တွေကိုကြည့်ရင် Network tab ကို ကလစ်လုပ်ယူရပါတယ်။

(၅) အမျိုးအစားအလိုက် ရွေးချယ်ပြီးတဲ့အခါ ကြည့်လိုတဲ့ ရုပ်မြင်သံကြားပြကွက် ဒါမှမဟုတ် ရုပ်ရှင်တစ်ခုခုရဲ့ thumbnail image အပေါ်ကို ကလစ်လုပ်ပေးလိုက်ရတယ်။




ပုံ ၂-၃ YouTube ပေါ်က ရုပ်မြင်သံကြား ပြကွက်တစ်ခုကို ရှုမြင်ရပုံ

YouTube ပေါ်က ရုပ်မြင်သံကြားပြကွက်နဲ့ ရုပ်ရှင်တွေအားလုံးက အခမဲ့ ကြည့်ရှုနိုင်တာဖြစ်တယ်။ ငွေကြေးတစ်စုံတစ်ရာ ပေးသွင်းစရာမလိုပါ။

## ရှာဖွေကြည့်ရှုခြင်း

အမျိုးအစားအလိုက် browsing လုပ်ယူတယ်ဆိုတာ ဘယ်လိုဗီဒီယိုမျိုးကို ကြည့်ရမလဲလို့ အဆုံးအဖြတ်တစ်ခုမရှိတဲ့အခါ အသုံးပြုတဲ့နည်းလမ်းဖြစ်တယ်။ တကယ်လို့သာ ကြည့်လိုတဲ့ ဗီဒီယို အတိအကျဆုံးဖြတ်ထားတာမျိုးရှိခဲ့ရင် ရှာဖွေခိုင်းလို့ရတဲ့ searching ကို အသုံးချရမှာ ဖြစ်တယ်။



## Search တစ်ခုရဲ့သဘာဝ

Searching YouTube က ရိုးရှင်းတဲ့ လုပ်ငန်းစဉ်တစ်ခု ဖြစ်တယ်။ YouTube ရဲ့ page တိုင်းရဲ့ထိပ်မှာ search box တစ်ခု ရှိစမြဲပါ။ (တချို့ page တွေက search box ကို အောက်မှာ တွေ့မြင်ရတာမျိုးလည်း ရှိနိုင်တယ်) ဗီဒီယိုတစ်ခုကို ရှာဖွေကြည့်ရှုခံစားဖို့ search box ထဲကို အဓိကကျတဲ့ အမည်နာမစာလုံး ဒါမှမဟုတ် အကြောင်းအရာစာလုံးကို ရိုက်သွင်းပြီး search button ကို ကလစ်လုပ်ရုံပါပဲ။

ဥပမာအနေနဲ့ Coldplay ဗီဒီယိုအတွက် search box ထဲကို coldplay ဆိုတဲ့ စာလုံးကို ရိုက်ထည့်ပေးရတယ် (အင်္ဂလိပ်စာလုံး အကြီးအသေး ရွေးချယ်အသုံးပြုစရာမလိုပါ။) dancing monkeys လို့ ရိုက်ထည့်ရင် dancing monkey ရဲ့ ဗီဒီယိုကို ကြည့်ခွင့်ရပါလိမ့်မယ်။

## ရှာဖွေတွေ့ရှိချက်ကို လုပ်ကိုင်ပုံ

Search button ကို ကလစ်လုပ်တဲ့အခါ မိမိတောင်းဆိုလိုတဲ့ ဗီဒီယိုနဲ့ အကိုက်ညီဆုံးဖြစ်စေမယ့် စာရင်းကို ပုံ ၂-၄ အတိုင်း ထုတ်ပြပေးပါလိမ့်မယ်။ မိမိကြည့်လိုတဲ့ ဗီဒီယိုကို တွေ့ပြီဆိုတာနဲ့ကြည့်ဖို့ ကလစ်လုပ်ပေးလိုက်ရပါမယ်။ တကယ်လို့ ကွက်တိမရနိုင်ခဲ့ရင် ပိုကောင်းကျဉ်းရှာဖွေနိုင်ဖို့ အောက်ပါအတိုင်း ပြုလုပ်ထားပေးပါတယ်။

- **All, Channels, Playlists :** ဗီဒီယိုအားလုံးပြသဖို့ channels များနဲ့ ပတ်သက်သမျှပြသဖို့ သီးခြား channel တစ်ခုတည်း ဒါမှမဟုတ် playlist အနေနဲ့သာလျှင် စစ်ထုတ်ပြီး ရှာဖွေခွင့်ရှိတယ်။

ပုံ ၂-၄ YouTube search တစ်ခု ရယူချက်ပုံစံ



- **Sort By :** ရွေးချယ်ကောက်ယူဖို့အတွက် default နဲ့ လုပ်ကိုင်ပေးတဲ့ Relevance, Newest, Oldest, View Count, Rating တို့ကိုလည်း အသုံးချနိုင်တယ်။
- **Uploaded :** ဗီဒီယိုတွေကို တင်ပို့တဲ့အခါ Anytime (default), Today, This Week, This Month စသလို files တွေနဲ့ စစ်ထုတ်နိုင်တယ်။
- **Type :** ဗီဒီယိုအမျိုးအစား ခွဲထုတ်ဖို့အတွက် All(default), Partner Video, Annotation-video, Closed Captions-video, HD-videos စသလို စစ်ထုတ်သတ်မှတ်ယူနိုင်တယ်။

Search အရ ရှာဖွေရယူချက်တိုင်းမှာ အောက်ပါ သတင်းအချက်အလက်တွေ ရှိနေမှာ ဖြစ်တယ်။

---

**သတိပြုရန် : Promoted Videos**

ရှာဖွေတွေ့ရှိလို့ရတဲ့ pages အများစုရဲ့ဘက်မှာ promoted videos လို့ ရှိနေတတ်တာကို ဂရုပြုပါ။ ကြော်ငြာခပေးပြီး ပြသတဲ့ ဗီဒီယိုတွေဖြစ်တယ်။ တရားဝင်လုပ်ကိုင်တဲ့ပုံစံမဟုတ်ပါ။

---

- ဗီဒီယိုရဲ့ အဓိက Frame
- ဗီဒီယိုအမည်
- ဗီဒီယိုအကြောင်း အကျဉ်းဖော်ပြချက်
- ဗီဒီယိုရဲ့ အတိုင်းအတာ(မိနစ်၊ စက္ကန့်)
- ဗီဒီယိုရဲ့ အရည်အသွေးကို ကြယ်အမှတ်အသားနဲ့ ပြသချက်
- YouTube ထဲကို ထည့်သွင်းလာတဲ့ရက်စွဲ
- မြင်တွေ့ချိန်အထိ ကြည့်ရှုထားပြီးတဲ့ အကြိမ်ပေါင်း
- တင်ပို့ပေးသူရဲ့အမည်

---

**လက်တို့အညွှန်း : QuickList**


ဗီဒီယိုတစ်ခုကို ကြည့်ချင်တယ်။ ဒါပေမဲ့ လောလောဆယ်တော့ ကြည့်ချိန်မရသေးဘူးဆိုရင် ဗီဒီယို thumbnail ရဲ့ ဘယ်ဘက်အောက်ခြေမှာရှိတဲ့ "+" သင်္ကေတလေးကို ကလစ်လုပ်ပေးလိုက်ပါ။ ဒီအခါမှာ မိမိရဲ့ QuickList ထဲကို စာရင်းဝင်သွားပါလိမ့်မယ်။ "ကြည့်ရန်ရှိ"ဆိုတဲ့ သဘောနဲ့ YouTube page တိုင်းမှာ ပေါ်လာလေ့ရှိတဲ့ QuickList ကနေ ကြည့်လိုတဲ့အခါ ကြည့်ဖို့ အသင့်ဖြစ်နေပါလိမ့်မည်။

---



## Wonder Wheel ကို အသုံးချရှာဖွေခြင်း

Search results page တိုင်းရဲ့ ထိပ်မှာ Wonder Wheel Link ရှိနေတယ်။ ကျယ်ကျယ်ပြန့်ပြန့် ခြေဆန့်ရှာဖွေလိုတယ်ဆိုရင် Wonder Wheel Link ကို ကလစ်လုပ်ကြည့်လို့ရတယ်။ ထပ်ဆင့် မေးမြန်းစုံစမ်းနိုင်စေဖို့ ပုံ ၂-၅ မှာ ပြထားတဲ့အတိုင်း wheel တစ်ခု ပြထားပေးပါတယ်။ စက်ဘီးစပုတ်တိုင်လေးတွေလို ဖြာထွက်နေတဲ့ link တွေကနေ သွားကြည့်လို့ရတယ်။




ပုံ ၂-၅ Wonder Wheel ကို အသုံးချပြီး ရှာဖွေမှုကို ခြေဆန့်ယူပုံ


## ခေတ်မီတဲ့ ရှာဖွေမှုအခွင့်အလမ်း

YouTube ကို မွေးဖွားပေးခဲ့တဲ့ Google အနေနဲ့ ရှာဖွေမှုအတွက် ပိုပြီး အထောက်အကူပြုစေမယ့် advanced search options တချို့ကို ပံ့ပိုးဆောင်ရွက်ပေးထားတယ်။ You Tube ပရိသတ်အနေနဲ့ ဒီလို search option တွေကို အသုံးချခွင့် ရှိပါတယ်။ Search results page တိုင်းပေါ်မှာရှိနေတဲ့ Advanced Options link ကို ကလစ်လုပ်လိုက်ရုံနဲ့ အသုံးချခွင့်ရသွားစေတယ်။

ပုံ ၂-၆ မှာ ပြထားသလို Advanced search page ထွက်လာတဲ့အခါ အောက်ပါ option တွေ ပါဝင်လာမှာ ဖြစ်တယ်။

- သာမညပုံစံမဟုတ်တဲ့ ဗီဒီယိုများကို filter လုပ်ရန်

- ဖော်ညွှန်းချက် စကားရပ်အတိုင်း ရှာဖွေမှု၊ ဖော်ညွှန်းချက်နဲ့ နီးစပ်တဲ့ ရှာဖွေမှု၊ ဖော်ညွှန်းချက်စကားလုံးမပါတဲ့ ရှာဖွေမှုသတ်မှတ်ရန်
- အမျိုးအစားအားလုံး ဒါမှမဟုတ် Video, Channels, Playlists, Shows, Movies စတဲ့ ခွဲခြားမှုပုံစံနဲ့ ပြပေးရန်
- HD (High Definition), Annotations, Closed Captions, Promoted Videos စတဲ့ အင်္ဂါရပ်တွေနဲ့သာကြည့်ရန်
- Duration, Category, Language, Uploaded date, Uploaded Location စတဲ့ အသေးစိတ် ရွေးချယ်မှု ပြုလုပ်ရန်။




ပုံ ၂-၆ YouTube ရဲ့ advanced search options နမူနာပုံစံ

အဆင်ပြေတဲ့ option ကို check (√) အမှတ်ထားပြီး လိုအပ်တဲ့ အဓိကစကားလုံးကို ရိုက်သွင်းပြီး Search button ကို ကလစ်လုပ်ပေးလိုက်ရမှာ ဖြစ်တယ်။

---

**လက်တို့အညွှန်း : Content Filter**

မသင့်လျော်တဲ့ ဗီဒီယိုပြကွက်မျိုးပါတဲ့ ဗီဒီယိုများ ကလေးသူငယ်တွေ မကြည့်နိုင်စေဖို့ Advanced Search pane ထဲက Filter Videos That May Not Be Suitable for Minors ဆိုတဲ့ option ထဲမှာ check (✓) အမှတ်အသားပြထားပေးပြီး အကာအကွယ်ပြုထားနိုင်ပါတယ်။

---

## အခန်း ၂ အနှစ်ချုပ်

YouTube ဗီဒီယိုများနဲ့ ပတ်သက်ပြီး browsing နဲ့ searching ပုံစံနှစ်မျိုးလုံးနဲ့ ဘယ်လိုရှာဖွေကြည့်နိုင်မလဲဆိုတဲ့ ဖော်ပြချက်များသာဖြစ်တယ်။



# အခန်း ၃
# YouTube ဗီဒီယိုတစ်ခုကို ကြည့်ရှုခြင်း

မိမိအလိုရှိတဲ့ ဗီဒီယိုများကို ရှာဖွေလို့ရတဲ့အခါ ကြည့်လိုတဲ့ဗီဒီယိုတစ်ခုကို ဘယ်လိုကြည့်ရမလဲဆိုတာ သိရှိဖို့ လိုလာပါတယ်။

## Video page ကို လမ်းညွှန်ပြသခြင်း

ရှာဖွေလို့ရထားတဲ့ ဗီဒီယိုရဲ့ thumbnail ပေါ်ကို ကလစ်လုပ်လိုက်ရင် ဗီဒီယိုအတွက် page တစ်ခု ပေါ်လာမှာဖြစ်တယ်။ ပုံ ၃-၁ အတိုင်း ပေါ်ထွက်လာတဲ့ page မှာ အောက်ပါအတိုင်း ပိုင်းခြားမှုများ ပါရှိလာပါလိမ့်မယ်။

(၁) Video player : ဗီဒီယိုဖွင့်ကြည့်ဖို့ ဖြစ်တယ်။




ပုံ ၃-၁ YouTube video page ရဲ့ စတင်မြင်တွေ့ရမယ့် ပုံစံနမူနာ

(၂) Information : ဗီဒီယိုနဲ့ပတ်သက်တဲ့ အဓိကအကြောင်းအချက်တွေ ဖြစ်တယ်။

(၃) Related videos : အလားတူ ဗီဒီယိုများ ဆက်လက်ရှာဖွေကြည့်နိုင်ဖို့ ဖြစ်တယ်။

(၄) More from : အသုံးပြုသူဆီက အပိုဆောင်း ဗီဒီယိုများ ဖြစ်တယ်။

(၅) Options : ကြည့်နေတဲ့ ဗီဒီယိုကို မိတ်ဆွေတစ်ဦးဦးဆီကို မျှပေးခွင့် ဖြစ်တယ်။

(၆) Statistics & Data : ကြည့်ရှုနေတဲ့ ဗီဒီယိုနဲ့ပတ်သက်တဲ့ ပေါ်ပြူလာဖြစ်မှုပြဆိုတာ ဖြစ်တယ်။

(၇) Comments and responses : ဗီဒီယိုကြည့်ပြီး ဖော်ပြထားတဲ့ ရှုမြင်သုံးသပ်ချက်များ ဖြစ်တယ်။

## Video Player ကို အသုံးချခြင်း

Video page ရဲ့ အရေးကြီးဆုံး အပိုင်းကတော့ video player ပဲ ဖြစ်တယ်။ ဗီဒီယိုကို ဖွင့်ကြည့်ရာမှာ အသုံးပြုရတယ်။ ဗီဒီယို thumbnail အပေါ် ကလစ်လုပ်တဲ့အခါ video pageဖွင့်လာပြီးတဲ့နောက် စက္ကန့်ပိုင်းမှာတင် ဗီဒီယိုကိုအလိုအလျောက်ဖွင့်လှစ်ပြသပေးမှာ ဖြစ်တယ်။

---

**လက်တို့အညွှန်း : Slow Connections**

အင်တာနက်ဆက်သွယ်မှုကျပ်သိပ်နေတဲ့အခါ ဒါမှမဟုတ် အင်တာနက်ဆက်သွယ်မှု နှေးကွေးနေတဲ့အခါ ဗီဒီယိုဖွင့်ပြီးတဲ့နောက် တစ်ခါတစ်ရံ တချို့ဗီဒီယိုတွေက ခေတ္တရပ်သွားတာမျိုး၊ တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်နေတာမျိုး ရှိတတ်ပါတယ်။ ဒီအခြေအနေမျိုးက streaming video ကြည့်ရှုမှုအတွက် များစွာအနှောင့်အယှက် ဖြစ်စေတယ်။ ဒီလိုဖြစ်လာခဲ့ရင် Play, Pause button ကို ကလစ်လုပ်ပြီး ခေတ္တစောင့်ဆိုင်းကြည့်ရှုတဲ့ပုံစံနဲ့ ဆောင်ရွက်သင့်တယ်။

---

တင်ပို့ထားပြီးဖြစ်တဲ့ ဗီဒီယိုတိုင်းမှာ ပင်မဗီဒီယိုဖွင့်ဝင်းဒိုးလေးပါစမြဲ ဖြစ်တယ်။ Playbackcontrolတွေကိုပင်မဝင်းဒိုးလေးရဲ့ အောက်ခြေမှာတွေ့မြင်ကြရပါလိမ့်မယ်။Controls လေးတွေရဲ့ သဘာဝကို ဘယ်ဘက်နေရာကနေ ညာဘက်နေရာအထိ တန်းစီထည့်ပေးထားတဲ့ ထိန်းချုပ်ခလုတ်လေးတွေအကြောင်း အောက်ပါအတိုင်း သိရှိနားလည်ထားနိုင်ပါတယ်။



- Play/ Pause button က ဖွင့်လို့ရသလို ခေတ္တရပ်နားထားလို့လည်း ရတယ်။ ရပ်နားပြီး ပြန်ဖွင့်တဲ့အခါ ရပ်ထားတဲ့ အနေအထားကစပြီး ပြန်စဖွင့်ပေးတယ်။
- ဗီဒီယိုတစ်လျှောက်လုံး ဘယ်နေရာကိုဖြစ်ဖြစ် slider control နဲ့ နေရာချထား ဖွင့်ယူနိုင်တယ်။ (ဒီထိန်းချုပ်ကိရိယာက ပုံမှန်အားဖြင့် ဘယ်လောက်အထိ download လုပ်ပြီးနေပြီဆိုတဲ့ အခြေအနေကိုလည်း ပြပေးတယ်။ အနီရောင်အရိပ်ပြေးလေးနဲ့ ပြပေးနေတာ ဖြစ်တယ်)။
- Time display ကနေ ဗီဒီယိုကို အချိန်ပိုင်း ဘယ်လောက်ထိ ကြည့်ပြီးသွားပြီဆိုတာကို သိရှိနိုင်တယ်။
- အသံအတိုးအကျယ်ကို volume slider လေးနဲ့ ပြပေးနေတတ်တယ်။ ရုတ်တရက် အတိုးအကျယ်ကို မြှင့်တင်ဆောင်ရွက်လိုရင် Volume button ကို ကလစ်လုပ်ပြီးရွှေ့ပြောင်းနိုင်တယ်။
- ကြည့်ရှုတဲ့ဗီဒီယိုက အရည်အသွေးမြင့်မြင့်နဲ့ ရိုက်ကူးထားတာဆိုရင် ပိုပြီး မြင့်မားတဲ့ resolution ရဖို့ သင့်တော်တဲ့ ခလုတ်ကိုနှိပ်ပြီး ကြည့်နိုင်တယ်။
- မြင်ကွင်းကြည့်ဖို့ full-screen button ကို ကလစ်လုပ်ယူရတယ်။ ပုံမှန်အရွယ်အစားနဲ့ ပြန်ကြည့်လိုရင်တော့ Esc ခလုတ်ကို နှိပ်ပေးလိုက်ရတယ်။
- Closedcaptioningဒါမှမဟုတ်annotationsခွင့်ပြုထားတဲ့ဗီဒီယိုအမျိုးအစားအတွက် up arrow ခလုတ်ကိုနှိပ်ရင်း လိုအပ်တဲ့ options ကို ရွေးကာ Enter နှိပ် ဆုံးဖြတ်နိုင်တယ်။

---

**လက်တို့အညွှန်း : Full - screen Videos**

ဗီဒီ web browser အတွင်း ဗီဒီယိုကြည့်ဖို့ video page on ထက်ပိုပြီး လုပ်ကိုင်နိုင်ခြင်း မရှိပါ။ Browser window အစား မြင်ကွင်းပြည့်ကြည့်လိုတယ်ဆိုရင် video player ဝင်းဒိုးရဲ့ ညာဘက်အောက်ခြေမှာရှိတဲ့ full-screen button ကို နှိပ်ယူရမှာဖြစ်တယ်။

---

ဗီဒီယိုတစ်ခုကို ဖွင့်ကြည့်တဲ့အခါ YouTube က ပုံ ၃-၂ မှာ ပြထားတဲ့အတိုင်း screen တစ်ခုနဲ့ ခင်းကျင်းပြသပေးနေမှာ ဖြစ်တယ်။ မိတ်ဆွေတွေကို ဒီဗီဒီယိုနဲ့ပတ်သက်ပြီး မျှဝေစားစေလိုတယ်ဆိုရင် အီးမေးလ်ကတစ်ဆင့် ချိတ်ဆက်ပေးလိုက်ဖို့ show button ကို ကလစ်လုပ်ပေးရတယ်။ ဒီဗီဒီယိုကို နောက်ကြောင်းပြန်ကြည့်လိုရင် Replay button ကို ကလစ်လုပ်ရတယ်။

မှတ်ချက် : Respond

ဗီဒီယိုတွေကို ဖွင့်ကြည့်တဲ့အခါ တချို့မှာ Respond button တစ်ခုပါတာကို တွေ့နိုင်တယ်။ ဒီ Respond button ကိုနှိပ်ပြီး ကြည့်နေတဲ့ ဗီဒီယိုရိုက်ချက်တွေ ကူးယူထားနိုင်တယ်။




ပုံ ၃-၂ ဗီဒီယိုကို ဖွင့်ထားတဲ့အခါ မြင်တွေ့နိုင်မယ့် ပုံစံနမူနာ


## ဗီဒီယိုနဲ့ပတ်သက်တဲ့ သတင်းအချက်များကို ကြည့်ရှုခြင်း

Video player ရဲ့ ညာဘက်မှာ ဗီဒီဒီယိုနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက် အသေးစိတ်ဖော်ပြချက်တွေကို box တစ်ခုနဲ့ ပါရှိလာတတ်တယ်။ ပုံ ၃- ၃ မှာ ပြထားသလို အဲဒီ box ထဲမှာ မြင်တွေ့နိုင်တာကတော့ -

- ဗီဒီယိုရိုက်ချက်ကို တင်ပို့ထားသူရဲ့အမည်ကို အနည်းဆုံးတွေ့နိုင်တယ်။ သူရဲ့ YouTube Channel ကိုကြည့်ဖို့ အမည်ပေါ်မှာ ကလစ်လုပ်ပေးလို့ရတယ်။
- ဘယ်တုံးက ရိုက်ကူးထားတာလဲဆိုတာကိုလည်း တွေ့နိုင်တယ်။
- A brief description of the video; Click the More Info link to view the complete description.
- ဗီဒီယိုအတွက် web page URL ကို တွေ့နိုင်တယ်။ ဒီလိပ်စာက အညွှန်းကို ကူးလိုက်ပြီး မိမိရဲ့ ကိုယ်ပိုင် web page မှာဖြစ်ဖြစ်၊ blog မှာဖြစ်ဖြစ် ထည့်လိုက်ပြီး တိုက်ရိုက်ဆက်သွယ်ခွင့်ရသွားစေတယ်။



- လိုအပ်ရင်အသုံးပြုဖို့ HTML code လည်း မြှုပ်ထည့်ပေးထားတာတွေ့နိုင်တယ်။ မိမိကိုယ်ပိုင် web page ဒါမှမဟုတ် blog မှာ ကူးထည့်လို့ရတယ်။




ပုံ ၃-၃ ဗီဒီယိုမှ ပေးထားလေ့ရှိတဲ့ သတင်းအချက်အလက်ပုံစံ

လက်တို့အညွှန်း : Subscribe

သတင်းအချက်အလက် ဖော်ပြချက်တွေထဲမှာ Subscribe button တစ်ခုလည်း ပါဝင်ထားလေ့ရှိတယ်။ ဒီ Subscribe button ကို ကလစ်လုပ်ပြီး တင်ဆက်ပေးသူ ရိုက်ကူးသမျှ ဗီဒီယိုတွေအားလုံးကို ကြည့်ခွင့်ရသွားနိုင်တယ်။

## ဗီဒီယိုများနဲ့ ပတ်သက်သမျှ စူးစမ်းလေ့လာခြင်း

Video information box ရဲ့အောက်မှာ ပုံ ၃-၁ မှာ တွေ့ရသလို တခြားစိတ်ဝင်စားဖွယ်ရာ ဗီဒီယိုတွေ၊ အလားတူရိုက်ချက်တွေကိုကြည့်ဖို့ More From လို့ ပေးထားတယ်။ ဆက်စပ်နေတဲ့ ဗီဒီယိုတွေအတွက် Related Videos link ကနေ thumbnail တွေနဲ့ တွေ့နိုင်တယ်။ See All Videos link ကိုနှိပ်ပြီး အတန်းလိုက် ရှာကြည့်လို့လည်း ရတယ်။

လက်တို့အညွှန်း : Expand the Lists

တခြား ဗီဒီယိုတွေကို ပြထားပြီး hidden အနေအထားနဲ့ ရှိနေစေတယ်။ ဘယ် list ကမဆို ဆက်ပြီး ဖြန့်ကြက်ကြည့်ရှုနိုင်ဖို့ list ကို ကလစ်လုပ်ယူရတယ်။

## ကြည့်ရှုရတဲ့ ဗီဒီယိုရဲ့ အဆင့်သတ်မှတ်ခြင်း

YouTube နဲ့ပတ်သက်လို့ ထူးခြားတဲ့ အခြားလုပ်ဆောင်ချက်တစ်ခုကတော့ rating ဆိုတဲ့ ဗီဒီယိုအဆင့် သတ်မှတ်ခြင်းပဲဖြစ်တယ်။ အကောင်းဆုံးလို့ သတ်မှတ်ခဲ့ရင် ကြယ် ၅ ပွင့်နဲ့ rating သတ်မှတ်ယူတယ်။ ပြန်ကြည့်ချင်လောက်တဲ့ အဆင့်ရှိရင်တောင် ကြယ်ပွင့်နဲ့ပြသ သတ်မှတ်ပေးနိုင်တယ်။


ဗီဒီယိုကြည့်ရှုသူအနေနဲ့ မိမိရဲ့ web browser အတွင်းက YouTube video player အောက်ခြေမှ ပေးထားတဲ့ ကြယ်ပွင့်ဆီသို့ ပွိုင့်တာ cursor ကိုရွှေ့ပြီး ကလစ်လုပ်ပေးနိုင်တယ်။ ဒီလိုကြည့်ရှုပေးတဲ့သူတိုင်းက အဆင့်သတ်မှတ်ပေးချက်များအပေါ် အခြေပြုပြီး ဗီဒီယိုအဆင့်တစ်ခု ရသွားစေတယ်။

## မကြည့်သင့်တဲ့ ဗီဒီယိုများကို တင်ပြခြင်း

YouTube က self-policing community တစ်ခု ဖြစ်တယ်။ အမြင်မတော်တဲ့ ဗီဒီယိုအမျိုးအစားများကို တင်ပြသတ်မှတ်ခွင့် ရှိတယ်။ တင်ပြချက်အပေါ် မူတည်ပြီး YouTube က စစ်ဆေးပေးပြီး အနှောင့်အယှက်ကင်းစေဖို့ ဖယ်ထုတ်ပေးတယ်။

YouTube content ထဲမှာ မကြည့်သင့်တဲ့ အနေအထားမျိုးတွေ့ခဲ့ရင် အသုံးပြုသူအနေနဲ့ ဘယ်လိုလုပ်ရမလဲလို့ မေးစရာရှိပါလိမ့်မယ်။ ဝတ်လစ်စားလစ်ပုံတွေ ညစ်ညမ်းတဲ့ စကားပြောဆိုမှုတွေက မောင်နဲ့နှမ၊ သားနဲ့အမိ အတူမကြည့်သင့်တဲ့ အခြေအနေမျိုးမှာ video player ရဲ့အောက်က Option panel အတွင်းမှာရှိတဲ့ flag link ကို ကလစ်လုပ်လိုက်ရတယ်။ ပုံ ၃-၄ မှာ မြင်တွေ့ရသလို box ပေါ်လာပါလိမ့်မယ်။ ကြည့်ရှုမိတဲ့ ဗီဒီယိုနဲ့ ပတ်သက်လို့ အမြင်မတော်တဲ့ အကြောင်းပြချက်အတွက် Select a Reason list မှာ ဖော်ပြပေးရတယ်။

- လိင်ဆက်ဆံမှုပြကွက်
- ကြမ်းကြုတ်ရက်စက်တဲ့ပြကွက်
- နှိပ်စက်ညှဉ်းပန်းတဲ့ပြကွက်




ပုံ ၃-၄ မကြည့်သင့်တဲ့ ဗီဒီယိုဖြစ်ကြောင်း တင်ပြချက်ပုံစံ



- အများမသိသင့်တဲ့ ဝါဒဖြန့်မှုပြကွက်
- ကိုယ်ပိုင်အခွင့်အရေး ဆုံးရှုံးစေတဲ့ပြကွက်

အကြောင်းပြချက်ကို ရွေးချယ်ပြီးတဲ့အခါ Flag This Video button ကို ကလစ်လုပ်ရတယ်။ မိမိတင်ပြချက်ကို YouTube က ဆက်လက်အရေးယူ ဆောင်ရွက်ပေးပါလိမ့်မယ်။ အကြောင်းပြချက်နဲ့အညီ စစ်ဆေးကြည့်ပြီးတဲ့အခါ ဖယ်ထုတ်ထားပေးလိုက်မှာဖြစ်တယ်။

---

**လက်တို့အညွှန်း : YouTube Decides**

မိမိအနေနဲ့ မကြည့်သင့်တဲ့ ဗီဒီယိုဖြစ်ကြောင်း တင်ပြရုံနဲ့ ချက်ချင်း YouTube အဖွဲ့က လက်ခံဆောင်ရွက်ပေးမယ်လို့ မှတ်ယူမထားသင့်ပါ။ Content-related decisions က အတည်ပြုချက်ပြီးမှသာ ဖယ်ထုတ်တဲ့ ဗီဒီယိုဖြစ်သွားပါလိမ့်မယ်။

---

## အခန်း ၃ အနှစ်ချုပ်

YouTube ဗီဒီယိုများကို ကြည့်ရှုခြင်းနဲ့ အဆင့်သတ်မှတ်ခြင်း ကိစ္စတွေအတွက် သိရှိမှု ရစေတယ်။

# အခန်း ၄
# အရည်အသွေး မြင့်မြင့်မားမားနဲ့
# High - Definition Videos များကြည့်ခြင်း

High-Quality ဗီဒီယိုတွေ၊ high definition resolution နဲ့ ရိုက်ကူးထားတဲ့ ဗီဒီယိုမျိုးဖြစ်ပါက ရိုက်ကူးထားတဲ့ ဗီဒီယိုအရည်အသွေးကို ကြည့်ရှုနိုင်တဲ့ အခွင့်အလမ်းရှိပါတယ်။

## Resolution အကြောင်း နားလည်ခြင်း

ကွန်ပျူတာ screen နဲ့ပဲကြည့်ကြည့်၊ ရုပ်မြင်သံကြား display နဲ့ပဲကြည့်ကြည့် ဗီဒီယို ရိုက်ထားတဲ့ ရုပ်ပုံအရည်အသွေးကို resolution နဲ့ တိုင်းတာပြောဆိုကြတယ်။ ရုပ်ပုံထဲမှာ သုံးထားတဲ့ pixels အရေအတွက်ကို ပြဆိုတာ ဖြစ်တယ်။ Pixels အရေအတွက်များလေ resolution မြင့်မားစေလို့ သတ်မှတ်ထားကြတယ်။ အရည်အသွေးကောင်းသလောက် ရုပ်ပုံတွေ ပိုကျပြတ်သားမှုကို တွေ့နိုင်တယ်။

---

**အဓိပ္ပာယ်ဖွင့်ဆိုချက် : Resolution**

ရုပ်ပုံတစ်ခုရဲ့ အသေးစိတ်ဖော်ကျူးနိုင်မှုအင်အားက pixels အရေအတွက်များအပေါ် မူတည်တယ်။ Pixelsများတစ်ခုနဲ့တစ်ခုစုကျပ်နေလေ ရုပ်ပုံပိုကျပြတ်သားလေဖြစ်တယ်။ Pixels အရေအတွက်ပါရှိမှု အခြေအနေကို resolution လို့ ခေါ်ဆိုမှတ်သားကြတယ်။

---

---

**အဓိပ္ပာယ်ဖွင့်ဆိုချက် : Pixels**

ဒစ်ဂျစ်တယ်ပုံရိပ် တစ်ခုအတွင်းမှာရှိတဲ့ အသေးငယ်ဆုံး information အစိတ်အပိုင်းလို့ မှတ်ယူနိုင်တယ်။ Dots ဒါမှမဟုတ် square ပုံစံပြသေးသေးလေးတွေကို စုပေါင်းပြီး ပုံရိပ်တစ်ခုကို ဖော်ပြပေးတာဖြစ်တယ်။ ဒီလိုအသေးဆုံးအစက်လေးတစ်စက်က pixels ပဲ ဖြစ်တယ်။

---

YouTube က ပထမဆုံး ချပေးတဲ့အခါ ဗီဒီယိုအားလုံးကို အရည်အသွေးနိမ့်နိမ့်နဲ့ ချပေးလေ့ရှိတယ်။ အခြေခံ YouTube video player window အနေနဲ့ အမြင့် 320 pixels နဲ့ အလျား 240 pixels နဲ့ ပြပေးမှာဖြစ်တယ်။ ဒီလိုအခြေခံအနေမျိုးက standard definition television picture မှာရှိတဲ့ resolution ရဲ့ လေးပုံတစ်ပုံပဲ ရှိပါတယ်။ Video window လေးအတွက်တော့ လုံလောက်ပါတယ်။ ဒါပေမဲ့ broadcast standard တွေနဲ့တော့ မကိုက်ညီနိုင်ပါ။

တစ်ချို့ YouTube ပေါ် ရောက်လာနေတဲ့ ဗီဒီယိုတွေမှာ resolution ကောင်းကောင်းနဲ့ တင်ပေးထားကြတာဖြစ်တယ်။ YouTube အနေနဲ့ 640 x 480 pixels ရှိတဲ့ resolution တစ်ခုကို high-Quality (HQ) လို့ခေါ် ဆိုတယ်။ Standard definition television တစ်ခုနဲ့ တူညီစွာရှိတယ်။ ရုပ်မြင်သံကြားအစီအစဉ်တွေမှာ ပုံမှန်တင်ဆက်နေတဲ့ အရည်အသွေးမျိုး ဖြစ်တယ်။

---

**မှတ်ချက် : Widescreen**

တချို့ HQ video တွေက ၁၆း ၉ ပြထားတဲ့ မြင်ကွင်းကျယ်ပုံစံ ဖြစ်တယ်။ ဒီလို widescreen ပါ ဗီဒီယိုတွေရဲ့ အရည်အသွေးက 720 x 480 pixels ရှိတဲ့ resolution ဖြစ်ပါတယ်။

---

Standard definition television ဆိုတာ အရင်က သုံးနေကြတဲ့ နည်းပညာဟောင်း လို့ ဆိုရမှာ ဖြစ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီနေ့ခေတ်ပိုင်းမှာ high-definition television (HDTV) ဆိုတဲ့ နည်းပညာသစ်နဲ့ အစားထိုးပြောင်းလဲ ထုတ်လွှင့်နေကြပါပြီ။ HDTV ရဲ့ resolution က အနိမ့်ဆုံး 1280 x 720 pixels ရှိတယ်။ မြင်ကွင်းအနေအထားကလည်း အမြင့်အလျား သိပ်မကျလှတဲ့ ပုံစံမဟုတ်တော့ဘဲ widescreen ဆိုတဲ့ မြင်ကွင်းကျယ် အနေအထားနဲ့သာ ထုတ်လွှင့်ကြပြန်တယ်။ (standard display အဟောင်းက 4 : 3 aspect ratio ရှိပြီး widescreen က 16:9 aspect ratio ရှိတယ်)။

---

**အဓိပ္ပာယ်ဖွင့်ဆိုချက် : Aspect Ratio**

မြင်ကွင်းရဲ့ အမြင့်နဲ့ အလျားအချိုးအစားကို aspect ratio လို့ ခေါ်ဆိုပါတယ်။ ၁၆း၉ ဆိုရင် အမြင့်က ၉ ဖြစ်ပြီး အလျားက ၁၆ ဖြစ်ပါတယ်။

---

YouTube က နည်းပညာသစ်များအရ တင်ပို့ပေးနိုင်ဖို့နဲ့ high definition (HD) ဗီဒီယိုတွေ ပါရှိနိုင်ဖို့ စီမံဆောင်ရွက်ထားတယ်။ ဗီဒီယိုကို ဖွင့်ကြည့်ကြတဲ့အခါ စတီရီယိုအသံနဲ့ 1280 x 720 resolution ရှိတဲ့ widescreen ပုံစံပြ ဗီဒီယိုတွေကို ကြည့်ခွင့်ပေးထားတယ်။



ဒီလို HQ နဲ့ HD video တွေရဲ့ အကျိုးဆက်တွေကို ခံစားကြည့်ရှုတဲ့အခါ full-screen mode ကိုအသုံးချရတယ်။ YouTube ရဲ့ ပုံမှန်ဗီဒီယိုဝင်းဒိုးလေးနဲ့ ကြည့်နေလို့တော့မရပါ။

---


**လက်တို့အညွှန်း : Full-screen Mode**

ဗီဒီယိုကွန်ပျူတာရဲ့ ပုံဖော်မျက်နှာပြင်ပေါ် မှာ full-screen နဲ့ကြည့်နိုင်ဖို့ video window လေးရဲ့ ညာဘက်အောက်နားမှာရှိတဲ့ full-screen button ကို ကလစ်လုပ်ယူရတယ်။ ပုံမှန်အနေအထားအတိုင်း ပြန်ကူးလိုရင် ကီးဘုတ်ပေါ်က Esc ကီးခလုတ်ကို နှိပ်လိုက်ရမှာ ဖြစ်တယ်။

---

## HQ video များကို ကြည့်ခြင်း

YouTube အနေနဲ့ ဗီဒီယိုအားလုံးကို ပုံမှန်ကြည့်ဗီဒီယိုဝင်းဒိုးလေးနဲ့ အလိုအလျောက် ပြပေးဖို့ စီစဉ်ထားရှိတယ်။ တကယ်လို့ resolution မြင့်မြင့်နဲ့ ဗီဒီယိုတစ်ခုကို တင်ပို့ထားလိုက်ရင် ပုံ ၄-၁ မှာ မြင်တွေ့ရသလို ဗီဒီယိုဝင်းဒိုးလေးရဲ့ ညာဘက်အောက်ထောင့်မှာ HQ button လေးတစ်ခု ပါရှိသွားစေမှာဖြစ်တယ်။ တင်ပို့ထားတဲ့ အရည်အသွေးနဲ့ ကြည့်ရှုနိုင်ဖို့ HQ button ကို ကလစ်လုပ်ယူရတယ်။ ဒီနေရာမှာ ပုံမှန်ဝင်းဒိုးလေးနဲ့လည်း ကြည့်ခွင့်ရှိပြီ ရွေးချယ်ယူနိုင်သလို full-screen mode ကိုလည်း ရွေးချယ်ကြည့်ရှုခွင့် ရှိပါတယ်။




ပုံ ၄-၁ အရည်အသွေးမြင့်မြင့်နဲ့ ဗီဒီယိုတစ်ခုကြည့်နိုင်ဖို့ HQ button ကို အသုံးချယူနိုင်ပုံ

## HD video များကိုကြည့်ခြင်း

High - definition နဲ့ ကြည့်နိုင်တဲ့ ဗီဒီယိုဆိုရင် ဗီဒီယိုဝင်းဒိုးလေးရဲ့ ညာဘက်အောက်ထောင့်မှာရှိတဲ့ HD button ကို ကလစ်လုပ်ကြည့်ခွင့် ရှိပါတယ်။ ပုံ ၄-၂ မှာ မြင်တွေ့ရတဲ့အတိုင်း HD video များအတွက် HD button ကို ကလစ်လုပ်သုံးရမှာ ဖြစ်တယ်။




ပုံ ၄-၂ high-definition video ကိုကြည့်ဖို့ HD button ကို ကလစ်လုပ်ပြီး

ပုံမှန် ဗီဒီယိုဝင်းဒိုးလေးကနေ ပိုပြီးကြီးတဲ့ HD video window ကို ပြောင်းပေးလိုက်မှာ ဖြစ်တယ်။ ပုံ ၄-၃ မှာ ပြထားတဲ့အတိုင်း HD button လေးကို ကလစ်လုပ်ထားကြောင်း အနီရောင်နဲ့ ပြသပေးနေပါလိမ့်မယ်။ Web browser အကျယ်ကို ချဲ့ပေးလိုက်ပြီး video window ရဲ့အောက်မှာ information box နဲ့ relate video များကိုလည်း ပြောင်းရွှေ့ပြပေးနေမှာ ဖြစ်တယ်။ Standard definition ကို ပြန်ပြောင်းယူလိုရင် အနီရောင်ပြနေတဲ့ HD button ကိုပဲ ကလစ်လုပ်ယူရပါတယ်။




ပုံ ၄-၃ HD video ကို မြင်တွေ့ရပုံ

---

**မှတ်ချက် : XL Videos**

HD Video က ပုံမှန်မြင်ကွင်းထက်ကျယ်ပြီး အရည်အသွေးလည်း ပိုကောင်းလာတယ်ဆိုပေမဲ့ XL videos ဆိုတာလည်း ရှိနေပါသေးတယ်။ နောက်ပိုင်း အခန်းကဏ္ဍတွေမှာ YouTube ကို XL နဲ့ ကြည့်ရှုပုံကို တွေ့ရပါလိမ့်မယ်။

---

## အခန်း ၄ အနှစ်ချုပ်

HQ video တွေနဲ့ HD video တွေကို ဘယ်လိုဘယ်ပုံ ကြည့်ရှုခွင့်ရနိုင်တယ်ဆိုတာကို နားလည်သိရှိခွင့်ရသွားမှာ ဖြစ်တယ်။



# အခန်း ၅
# အကြိုက်ဆုံး ဗီဒီယိုများကို သိမ်းဆည်းယူခြင်း

YouTube မှ ဗီဒီယိုတွေကိုကြည့်ပြီး ကြိုက်နှစ်သက်ရာ ဗီဒီယိုတွေကို သိမ်းဆည်းယူထားမယ်ဆိုရင် နောင်အခါ အဆင်ပြေတဲ့အချိန် ကြည့်ခွင့်ရနိုင်မှာ ဖြစ်တယ်။

## ကြည့်လိုတဲ့အခါ ကြည့်နိုင်ဖို့ QuickList တစ်ခု ဖန်တီးခြင်း


YouTube Site ထဲက ဗီဒီယိုတွေကိုကြည့်ပြီး သိမ်းဆည်းထားလိုတဲ့ ဗီဒီယိုတွေရှိခဲ့ရင် ဖြစ်မဟုတ် စိတ်ဝင်စားစရာကောင်းတဲ့ ဗီဒီယိုတစ်ခုအနေနဲ့ မြည်းကြည့်ခွင့်ရပေမဲ့ အသေအချာ ထပ်ကြည့်လိုတဲ့ အခြေအနေမျိုးကြုံလာရင် ယာယီ QuickList လေးတည်ဆောက်ပြီး သိမ်းထားခွင့်ရှိပါတယ်။ ဒီလိုအခွင့်အလမ်းကြောင့် YouTube page ကနေ ကြည့်လိုတဲ့ ဗီဒီယိုကို လှန်လှောရှာဖွေနေစရာ မလိုတော့ပါ။ အားတဲ့အချိန်မှာ နှစ်သက်ရာ အကြိုက်ဆုံး ဗီဒီယိုကို ကောက်ယူရွေးချယ်ဖွင့်ကြည့်ဖို့ အဆင်သင့် ဖြစ်နေပါလိမ့်မယ်။

ဘယ်လိုဗီဒီယိုရဲ့ thumbnail မှာဖြစ်ဖြစ်၊ ဘယ်ဘက်ထောင့်မှာရှိနေတယ်တဲ့ "+" button လေးကို ကလစ်လုပ်ပေးလိုက်တာနဲ့ QuickList စာရင်းဝင်ဖြစ်သွားစေမှာဖြစ်တယ်။ QuickList ထဲမှာ web browser ဖွင့်ထားသမျှ ဗီဒီယိုတွေ ရှိနေပါလိမ့်မယ်။ Browser ကို ပိတ်လိုက်ရင်တော့ QuickList ထဲက သွန်ချလိုက်သလို ဖြစ်သွားလိမ့်မယ်။

QuickList ထဲမှာ ရှိနေတဲ့ ဗီဒီယိုကိုကြည့်ဖို့ YouTube page တစ်ခုခုရဲ့ ထိပ်မှာရှိနေတဲ့ QuickList link ကို ကလစ်လုပ်ပေးလိုက်ရတယ်။ ပုံ ၅-၁ မှာ ပြထားသလို QuickList page ပေါ်လာပါလိမ့်မယ်။ QuickList ထဲက ကြိုက်နှစ်သက်ရာဗီဒီယိုကို ကြည့်ရှုပါပဲ။ ကြည့်ပြီး ပယ်ထုတ်လိုတဲ့အခါ Removed button ကို ကလစ်လုပ်ယူရတယ်။ QuickList ထဲမှာ ရှိနေတဲ့ ဗီဒီယိုမှန်သမျှကို အစအဆုံးကြည့်လို့လည်း ရပါတယ်။ တစ်ခုပြီးတာနဲ့ နောက်တစ်ခုကိုကြည့်ဖို့ Play QuickList button ကို ကလစ်လုပ်ပေးရုံပါပဲ။

မိမိဖွင့်ကြည့်တဲ့ video pages တိုင်းမှာ QuickList တစ်ခု ရှိနေမှာ ဖြစ်တယ်။ ပုံ ၅-၂ မှာ မြင်တွေ့ရသလို page ရဲ့ ဘယ်ဘက်ခြမ်းမှာ ရှိနေပါလိမ့်မယ်။ More Video နဲ့ Re-

lated Video list နှစ်ခုကြားမှာ ရှိတယ်။ အဲဒီ panel ကနေ တစ်ခုချင်း တိုက်ရိုက်ကြည့်နိုင်သလို Play All link ကို နှိပ်ပြီး QuickList ထဲက ဗီဒီယိုအားလုံးကိုလည်း ကြည့်နိုင်တယ်။




ပုံ ၅-၁ QuickList ထဲမှာ ဗီဒီယိုတွေတည်ရှိပုံ




ပုံ ၅-၂ YouTube video page ပေါ်က QuickList panel အနေအထား



## နှစ်သက်တဲ့ဗီဒီယိုတစ်ခုကို ဖမ်းသိမ်းယူခြင်း

တကယ်ကြိုက်နှစ်သက်စရာကောင်းတဲ့ ဗီဒီယိုတစ်ခုကို ကြည့်မိတဲ့အခါ မေ့မရမလောက်အောင် ဖြစ်မိမှာ အမှန်ဖြစ်တယ်။ ဒီအခါမျိုးမှာ favorite list တစ်ခုအနေနဲ့ သိမ်းဆည်းထားလို့ ရတယ်။


---

**အမှတ်ယှဉ်ဖွင့်ဆိုချက် : Favorites List**

YouTube Favorite list ဆိုတာ bookmarks list နဲ့ အလားသဏ္ဍာန်တူတယ်။ နောင်အခါ favorite video list ထဲက ကြိုက်တဲ့ဗီဒီယိုကို အလွယ်တကူ ပြန်ကြည့်လို့ရတယ်။

---

မိမိရဲ့ favorite list ထဲကို သိမ်းဆည်းယူဖို့ video player ရဲ့အောက်နားမှာ favorite list ကို ကလစ်လုပ်ပေးရတယ်။ ပုံ ၅-၃ မှာ ပြထားသလို သိမ်းဆည်းဖို့ အတည်ပြုချက်ကိုလည်း လုပ်ပေးရပါလိမ့်မယ်။




ပုံ ၅-၃ မိမိရဲ့favorite list ထဲကို ဗီဒီယိုတစ်ခု ဖြည့်သွင်းပုံ

---

**လက်တို့အညွှန်း : Undo**

Favorite list ထဲကို မှားယွင်းသိမ်းဆည်းမိလိုက်တဲ့အခါ confirmation panel ထဲမှာရှိတဲ့ Undo link ကို ကလစ်လုပ်ပြီး ဖယ်ထုတ်ပစ်လို့ရတယ်။

---

## Favorite Video များကို ကြည့်ခြင်း

စုဆောင်းထားတဲ့ နှစ်သက်မြတ်နိုးစရာ ဗီဒီယိုတွေကို အောက်ပါလုပ်ငန်းစဉ်အဆင့်အတိုင်း လုပ်ကိုင်ပြီး ကြည့်ရှုနိုင်တယ်။

(၁) YouTube page တစ်ခုခုရဲ့ ထိပ်မှာရှိတဲ့ user name ရဲ့ ဘေးက down arrow ကို ကလစ်လုပ်ရင်း favorite များကို ရှာပါ။

(၂) ပုံ ၅-၄ မှာ ပြထားတဲ့အတိုင်း favorite page ထွက်ပေါ်လာတဲ့အခါ ကြည့်လိုတဲ့ ဗီဒီယိုကို ထပ်ကလစ်လုပ်ပါ။




ပုံ ၅-၄ Favorite list ထဲက ဗီဒီယိုများကို မြင်တွေ့ရပုံ

---

လက်တို့အညွှန်း : Undo

Favorite list ထဲမှာ ဆက်လက်မထားလိုသော ဗီဒီယိုအတွက် Remove button ကို ကလစ်လုပ်ပြီး ဖယ်ထုတ်ယူနိုင်ပါတယ်။

---

Favorite Videos တွေ တစ်ပုံတစ်ပင်ဖြစ်နေတဲ့အခါ ရှာဖွေကြည့်ရှုရတာ အခက်အခဲ ရှိနိုင်တယ်။ ရှာလို့လွယ်အောင် Title, Time, Date Added, Views, Rating စတဲ့ ကဏ္ဍတွေ ခွဲခြားပြီး သိမ်းထားဖို့ Sort To bar ကို အသုံးချနိုင်တယ်။

## Favorite Videos တွေကို QuickList တို့ Playlist တို့မှာ ဖြည့်သွင်းခြင်း

(၁) Favorite page ပေါ်က playlist ဒါမှမဟုတ် QuickList တစ်ခုခုမှာ ထည့်သွင်းမယ့် ဗီဒီယိုကို ကလစ်လုပ်ပါ။

(၂) Add To button ကို ကလစ်လုပ်ပြီး Playlist ဒါမှမဟုတ် QuickList ကို ရွေးချယ်ပြပေးပါ။

(၃) Playlist ကို ရွေးချယ်ထားခဲ့ရင် panel တစ်ခုပေါ်လာပါလိမ့်မယ်။ အသုံးပြုလိုတဲ့ အကြောင်း check (✓) အမှတ်အသားပြပေးပြီး Add to Playlist button ကို ကလစ်လုပ်လိုက်ပါ။

(၄) QuickList ကို ရွေးချယ်ထားရင် ရွေးထားတဲ့ ဗီဒီယိုကို အလိုအလျောက် သိမ်းဆည်းပေးလိုက်ပါလိမ့်မယ်။



---

မှတ်ချက် : Playlists

နောက်ပိုင်း အခန်းကဏ္ဍတွေမှာ Creating a Video Playlist အပိုင်းမှာ Playlists အကြောင်း အသေးစိတ် ဖော်ပြထားပေးမှာ ဖြစ်တယ်။

---

### အခန်း ၅ အနှစ်ချုပ်

ချက်ချင်းမကြည့်နိုင်သေးတဲ့ ဗီဒီယိုကို QuickList မှာ သိမ်းဆည်းထားနိုင်ဖို့နဲ့ နောင်အခါ ထပ်ကြည့်ရှုလိုသေးတဲ့ ကြိုက်နှစ်သက်စရာကောင်းတဲ့ ဗီဒီယိုတွေကို သိမ်းဆည်းဖို့ နည်းလမ်းတွေကို သိရှိခွင့်ရတယ်။

အခန်း ၆

# Video Playlist တစ်ခု ဖန်တီးခြင်း

ကြိုက်နှစ်သက်ရာကောင်းတဲ့ ဗီဒီယိုတွေကို playlist တစ်ခု ဖန်တီးယူပြီး သိမ်းဆည်းထားဖို့ အခွင့်အလမ်း ရှိနေပါတယ်။

## Playlists အကြောင်း နားလည်သိရှိခြင်း

YouTube နဲ့ပတ်သက်ပြီး ရှိလာတဲ့ပြဿနာတွေထဲက တစ်ခုကို သိမ်းဆည်းထားနိုင်မယ့် ဝင်ဆံ့မှုပမာဏပဲ ဖြစ်တယ်။ ဝင်ဆံ့မှုပမာဏက သိပ်မများလှပါ။ Favorite list ထဲမှာ ဗီဒီယိုတွေကို သိမ်းထားခြင်းအားဖြင့်တော့ တစ်နည်းတစ်ဖုံ ဝင်ဆံ့မှုပမာဏကို စီမံခန့်ခွဲလို့ ရသွားစေတယ်။ ဒါပေမဲ့ favorite list မှာတင် တကယ်တမ်း များပြားလာတဲ့အခါ အလွယ်တကူ စီမံထားရှိဖို့ အခက်အခဲ ရှိနိုင်တယ်။

ဒီအတွက် favorite list ကနေ သီးခြား playlist ဖန်တီးဖို့ လိုအပ်လာတယ်။ YouTube playlist ဆိုတာ သင့်လျော်သလို စီမံပြီး ရိုးရိုးရှင်းရှင်း စုဆောင်းထားချက်တစ်ခုပါပဲ။ Playlist တစ်ခုက ဗီဒီယိုတွေကို တစ်ခုချင်းဖြစ်ဖြစ်၊ အုပ်စုလိုက်ဖြစ်ဖြစ် ပြန်ကြည့်လို့ရတယ်။ iPod တစ်ခုတည်းမှာ တေးဂီတသီချင်းတွေကို playlist တစ်ခုနဲ့ စုဆောင်းထားရှိတဲ့ ပုံစံအတိုင်းပဲ ဖြစ်တယ်။ YouTube မှာတော့ multiple playlist ကို ဖန်တီးယူခွင့်ရှိတယ်။

---

အဓိပ္ပာယ်ဖွင့်ဆိုချက် : **Playlist**

တစ်ခုချင်းဖြစ်ဖြစ်၊ အုပ်စုလိုက်ဖြစ်ဖြစ် ကြည့်လိုတဲ့အခါ ဖွင့်ကြည့်နိုင်တဲ့ ဗီဒီယိုစုစည်းမှုတစ်ခု ဖြစ်တယ်။

---

## Video page တစ်ခုကနေ Playlist တစ်ခု ဖန်တီးယူခြင်း

(၁) Playlist ထဲကို ထည့်လိုတဲ့ ဗီဒီယိုအတွက် page ကို ဖွင့်ယူပါ။

(၂) ဗီဒီယိုဝင်းဒိုးလေးရဲ့ အောက်ခြေမှာရှိတဲ့ Playlist link ကို ကလစ်လုပ်ပါ။

(၃) Add to playlist နေရာတစ်ခုပေါ်လာတဲ့အခါ List ကနေ New Playlist ကို ရွေးယူလိုက်ပြီး Add button ကို ကလစ်လုပ်ရပါမယ်။

(၄) Create/Edit Playlist page ကို ပုံ ၆-၁ မှာ မြင်တွေ့ရတဲ့အတိုင်း ပေါ်လာတဲ့အခါ playlist အတွက် အမည်နဲ့ အကြောင်းအရာကို ရိုက်သွင်းပေးလိုက်ပါ။ Tags တစ်ခုခုကိုလည်း ထည့်ထားပေးလို့ ရပါတယ်။

---

**အဓိပ္ပာယ်ဖွင့်ဆိုချက် : Tag**

ဗီဒီယိုတစ်ခုရဲ့ အထဲမှာပါတဲ့ အကြောင်းအရာကို ဖော်ပြဖို့ လိုရင်းတိုရှင်းစကားရပ်တစ်ခု ဖြစ်တယ်။

---


---

**မှတ်ချက် : Video Log**

ရွေးထားတဲ့ဗီဒီယိုစာရင်းအပါအဝင် အသုံးပြုခွင့်ပေးရာမှာ video log တစ်ခုကို သူတို့ရဲ့ channel page တွေပေါ်မှာ ထားရှိစေတယ်။ Create/ Edit Playlist page အပါအဝင် YouTube Site ပေါ်မှာ ကိုးကားဖို့သာထားရှိခြင်း ဖြစ်တယ်။ အမြဲတစေ မရှိနိုင်ပါ။

---

(၅) Create/Edit Playlist page ပေါ်မှာပဲရှိနေစေပြီး public အနေနဲ့ထားမလား။ Private အနေနဲ့ထားမလားဆိုတာ ရွေးချယ်ပေးပါ။




ပုံ ၆-၁ Playlist အသစ်တစ်ခု ဖန်တီးယူပုံ



(၆) သူတို့ရဲ့ website တွေပေါ်မှာ မိမိရဲ့ playlist ကို ကြည့်နိုင်စေဖို့ ခွင့်ပြုလိုတယ်ဆိုရင် Allow External Sites to Embed This Playlist option ဆိုတဲ့နေရာမှာ check (✓) အမှတ်အသားပြပေးပါ။ အများမကြည့်စေလိုပါက incheck (✓)သာပြပေးရုံရှိတယ်။

(၇) Save Playlist Info button ကို ကလစ်လုပ်လိုက်ပါ။ မိမိဖန်တီးယူလိုက်တဲ့ playlist အသစ် အတည်ပြုပြီး သိမ်းထားပေးလိုက်မှာ ဖြစ်တယ်။


## Playlist တစ်ခုတည်းကို ဗီဒီယိုထည့်ယူခြင်း

Playlist တစ်ခုရှိပြီးတဲ့အခါ ဗီဒီယိုတစ်ခုကို စာရင်းသွင်းယူဖို့ နည်းလမ်းတော်တော်များများ ရှိပါတယ်။ လူတိုင်းသုံးတဲ့ ပုံစံတစ်ခုကတော့ video page ကနေ ကိုယ်တိုင်ထည့်သွင်းတဲ့နည်း ဖြစ်တယ်။

(၁) အလိုရှိတဲ့ ဗီဒီယိုတစ်ခုထည့်ဖို့ page ကို ဖွင့်ပါ။

(၂) ဗီဒီယိုဝင်းဒိုးလေးရဲ့ အောက်ခြေမှာရှိတဲ့ playlist link ကို ကလစ်လုပ်ပါ။

(၃) Add to playlist နေရာ ပေါ်ထွက်လာတဲ့အခါ ပုံ ၆-၂ မှာ ပြထားတဲ့အတိုင်း list ကနေ မိမိအလိုရှိတဲ့ playlist ကို ရွေးချယ်ပေးရတယ်။




ပုံ ၆-၂ playlist တစ်ခုတည်းကို ဗီဒီယိုထည့်ယူပုံ

## Playlist တစ်ခုတည်းကို Favorite Video တစ်ခုထည့်ယူခြင်း


Playlist ထဲကို ဗီဒီယိုတစ်ခုထည့်ယူတဲ့ နောက်တစ်နည်းက favorite list ကနေ ထည့်ယူတာဖြစ်တယ်။

(၁) YouTube page တစ်ခုခုပေါ်က ထိပ်ဆုံးမှာရှိတဲ့ username ရဲ့ဘေးက down arrow ကို ကလစ်လုပ်ပြီး favourite ကိုလည်း ထပ်နှိပ်ပေးလိုက်ပါ။

(၂) Playlist မှာ ထည့်လိုတဲ့ ဗီဒီယိုကို check အမှတ်အသား ပြပေးပါ။

(၃) Add the selected video to box ကို ပုံ ၆-၃ အတိုင်း ပေါ်ထွက်လာတာ တွေ့ရတဲ့အခါ အလိုရှိတဲ့ playlist ကို check အမှတ်အသားပြပေးပြီး Add to playlist button ကို ကလစ်လုပ်ပေးလိုက်ရတယ်။

(၄) Add the Selected Videos To ဆိုတဲ့ box ပေါ်လာတဲ့အခါ ပုံ ၆-၃ အတိုင်း မြင်တွေ့ရမှာဖြစ်ပြီး ရည်ညွှန်းတဲ့ playlist မှာ check အမှတ်အသားပြပေးကာ Add to Playlist button ကို ကလစ်လုပ်လိုက်ပါ။




ပုံ ၆-၃ Playlist တစ်ခုမှာ favorite တစ်ခု ထည့်ယူပုံ


## Playlists ထဲက ဗီဒီယိုကိုကြည့်ခြင်း

ဖန်တီးထားပြီးတဲ့ playlists ကနေ ဗီဒီယိုကို ပြန်ကြည့်လိုတဲ့အခါ အောက်ပါလုပ်ငန်းစဉ်အဆင့်အတိုင်း ဆောင်ရွက်ယူရပါတယ်။

(၁) YouTube page တစ်ခုခုရဲ့ထိပ်ပိုင်းမှာရှိတဲ့ username ရဲ့ဘေးက down arrow ကို ကလစ်လုပ်ပြီး playlists ကို ထပ်ပြီး ကလစ်လုပ်ရတယ်။

(၂) ပုံ ၆ - ၄ မှာ ပြထားတဲ့အတိုင်း playlists page ပေါ်ထွက်လာပြီး page ရဲ့ ဘယ်ဘက်ခြမ်း playlists ကနေ playlist တစ်ခုကို ရွေးပေးရတယ်။

(၃) ရွေးချယ်ထားတဲ့ playlist ထဲက ဗီဒီယိုအားလုံးခင်းပြလာတဲ့အခါ အားလုံးကို ကြည့်မယ်ဆိုရင် play all button ကိုနှိပ်ပြီး တစ်ခုချင်းကြည့်မယ်ဆိုရင် ကြည့်လိုတဲ့ ဗီဒီယိုခရဲ့ thumbnail ကို ကလစ်လုပ်ယူရတယ်။




ပုံ ၆-၄ YouTube Playlists များကို မြင်တွေ့ရပုံ



## Playlists ကို တည်းဖြတ်ယူခြင်း

Playlists အတွင်းက ဗီဒီယိုတွေကို တည်းဖြတ်ဖို့ playlists page ကို အသုံးပြုနိုင်ပါတယ်။ အောက်ပါလုပ်ငန်းစဉ် အဆင့်အတိုင်း ဆောင်ရွက်ယူရတယ်။

(၁) YouTube page တစ်ခုခုရဲ့ ထိပ်ပိုင်းမှာရှိတဲ့ username ရဲ့ဘေးက down arrow ကို ကလစ်လုပ်ပြီး playlists ကို ကလစ်ထပ်လုပ်ပါ။

(၂) Playlist page ပေါ်ထွက်လာတဲ့အခါ page ရဲ့ ဘယ်ဘက်ခြမ်းမှာရှိတဲ့ playlist section အတွင်းက တည်းဖြတ်လိုတဲ့ playlist ကို ရွေးပေးရတယ်။

(၃) Playlistတစ်ခုအတွင်းကအစီအစဉ်လိုက်တင်ဆက်ပုံကိုပြောင်းယူဖို့ဗီဒီယိုတစ်ခုစီရဲ့ ဘယ်ဘက်ဆီမှာ ရိုက်ချက်ကောင်းများထည့်ယူရတယ်။ 1 ထည့်ပေးလိုက်တဲ့ ရိုက်ချက်က ပထမလာပြီး 2 ထည့်ပေးလိုက်တဲ့ ရိုက်ချက်ကို ဒုတိယ စသလို အစီအစဉ်ထားရှိတယ်။

(၄) Playlist တစ်ခုရဲ့ ဗီဒီယိုတစ်ခုခုကို ဖယ်ထုတ်ဖို့ ဗီဒီယိုရိုက်ချက်ကို check အမှတ်အသားပြုပြီး Remove button ကို နှိပ်လိုက်ရပါမယ်။

(၅) Playlist တစ်ခုရဲ့ အကြောင်းအရာ ဒါမှမဟုတ် ခေါင်းစီးကို တည်းဖြတ်ဖို့ page ရဲ့ ထိပ်မှာရှိတဲ့ Edit Playlist Info link ကို ကလစ်လုပ်ပေးပါ။ ပြီးရင် ပြောင်းလဲဖော်ပြချက်ကို ပြောင်းလဲထည့်သွင်းပြီး Save Changes button ကို ကလစ်လုပ်ရတယ်။

(၆) Playlist တစ်ခုလုံးကို ဖယ်ထုတ်ဖို့ Delete Playlist button ကို ကလစ်လုပ်ပါ။

## Playlist တစ်ခုကို တခြားသူများအား မျှဝေယူခြင်း

မိမိရဲ့ဝိတ်ဆွေသင်္ဂဟနဲ့ ဆွေမျိုးများကို မိမိစုဆောင်းထားလို့ရတဲ့ playlist တစ်ခုထဲက ဗီဒီယိုတွေကို မျှဝေကြည့်ရှုစေလိုတယ်ဆိုရင် အောက်ပါလုပ်ငန်းစဉ်တွေကို အဆင့်လိုက် လုပ်သွားရတယ်။

(၁) YouTube page တစ်ခုခုရဲ့ ထိပ်ပိုင်းက username ရဲ့ ဘေးက down arrowကို ကလစ်လုပ်ပြီး playlists ကို ထပ်လုပ်ပေးရတယ်။

(၂) Playlists page ပေါ်ထွက်လာတဲ့အခါ page ရဲ့ ဘယ်ဘက်ခြမ်းမှာရှိတဲ့ playlists section ထဲက မျှဝေကြည့်ရှုစေလိုတဲ့ playlist ကို ရွေးပေးပါ။

(၃) Share This Playlist button ကို ကလစ်လုပ်ပါ။

(၄) YouTubeကအီးလ်မေးဝင်းဒိုးအသစ်လေးဖွင့်ပေးလိုက်ပါလိမ့်မယ်။မိမိပေးပို့လိုသူရဲ့ email address ကို Email To မှာ ရိုက်သွင်းဖြည့်စွက်ပေးပါ။ Add a personal message box ထဲက optional personal message တစ်ခုကိုသွင်းပေးပြီး send button ကို နှိပ်ပေးလိုက်ရတယ်။

မိမိပေးပို့လိုက်တဲ့ playlist က လိပ်စာပိုင်ရှင်ဆီကို ချက်ချင်းရောက်သွားပါလိမ့်မယ်။ Link ကို ကလစ်လုပ်တဲ့အခါ playlist တွင်းက ဗီဒီယိုကိုကြည့်ဖို့ YouTube Site ကို ရယူပြီး ဖြစ်သွားစေမှာဖြစ်တယ်။

## အခန်း ၆ အနှစ်ချုပ်

Playlist အသစ်ကို ဖန်တီးယူပုံ၊ playlist ကို သိမ်းဆည်းယူပုံ၊ တည်းဖြတ်ယူပုံနဲ့ မိတ်ဆွေများကို မျှဝေယူပုံတို့ကို အသေးစိတ်လေ့လာခွင့်ရတယ်။



# အခန်း ၇
# ဗီဒီယိုများကြည့်ဖို့ စာရင်းသွင်းခြင်း

YouTube user တွေထဲက ဗီဒီယိုတွေကို ကြည့်ဖို့အတွက် အသင်းဝင်စာရင်းပေးသွင်းထား ရတယ်။

## Channels နဲ့ Subscriptions များကို နားလည်သိရှိခြင်း

YouTube ပေါ်မှာ အသုံးပြုသူတစ်ဦးချင်းမှာ ကိုယ်ပိုင် channel တွေ ထားရှိကြတယ်။ မိမိရဲ့ channels ဆိုတာတွေက မိမိအနေနဲ့ upload တင်ပို့ထားတဲ့ ဗီဒီယိုအားလုံးကို ပြပေး တယ်။ ရုပ်မြင်သံကြားအစီအစဉ်တွေကို ရုပ်မြင်သံကြားထုတ်လွှင့်သူက ပြပေးသလို ပြပေးတဲ့ပုံစံ ဖြစ်တယ်။

---

**အဓိပ္ပာယ်ဖွင့်ဆိုချက် : Channel**

YouTube Site ပေါ်က user တစ်ဦးရဲ့ home page တစ်ခုကို channel လို့ ခေါ်ဆို ထားတာဖြစ်တယ်။ User တစ်ဦးရဲ့ တင်ပို့ထည့်ထားတဲ့ ဗီဒီယိုအားလုံးရှိနေတဲ့အပြင် user ရဲ့ favorite video များကိုလည်း တွေ့နိုင်တယ်။


---

User တစ်ဦးရဲ့ channel ကို ဝင်ရောက်ကြည့်နိုင်ဖို့ video page တစ်ခုခုပေါ်က user name နေရာမှာ ထိုသူရဲ့အမည်ကို ကလစ်လုပ်ပေးရတယ်။ Information box အတွင်းမှာ user name ကို တွေ့နိုင်တယ်။

ဖော်ပြပါ user တစ်ခုက တင်ပို့ထည့်ထားတဲ့ ဗီဒီယိုတွေကို ကြိုက်နှစ်သက်တယ်ဆိုရင် နောင်အခါမှာလည်း အမြဲတစေ ကြည့်ခွင့်ရစေဖို့ အဲဒီ user ရဲ့ channel မှာ အသင်းဝင် တစ်ဦးအနေနဲ့ စာရင်းပေးသွင်းယူရတယ်။ ထိုသူက ဗီဒီယိုအသစ်တစ်ခု တင်ပို့ထည့်သွင်း တဲ့အခါ အီးမေးလ်နဲ့ အခါအားလျော်စွာ အသိပေးနေပါလိမ့်မယ်။


## User တစ်ဦးနဲ့ ဗီဒီယိုများကြည့်ဖို့ စာရင်းသွင်းခြင်း

User တစ်ဦးရဲ့ channel တစ်ခုမှာ စာရင်းသွင်းယူတဲ့ နည်းလမ်းထဲမှာ အလွယ်ကူဆုံး နည်းလမ်းကတော့ user ရဲ့ page ကို သွားတဲ့နည်းလမ်း ဖြစ်တယ်။ Information box အလယ်မှာဖြစ်ဖြစ်၊ ဗီဒီယိုရဲ့ဘေးက အဝါရောင် subscribe button ကိုဖြစ်ဖြစ် ကလစ်လုပ်ယူနိုင်တာကို ပုံ ၇-၁ မှာ တွေ့မြင်ကြရမှာ ဖြစ်တယ်။




ပုံ ၇-၁ User's video မှာ စာရင်းသွင်းဖို့ subscribe button ကို ကလစ်လုပ်ပုံ။

User ရဲ့ channel page ကလည်း စာရင်းသွင်းယူလို့ ရပါသေးတယ်။ Video page တစ်ခုခုပေါ်မှာရှိတဲ့ username ကို ကလစ်လုပ်ပြီး user ရဲ့ channel page ကို သွားနိုင်တယ်။ ပုံ ၇-၂ မှာ ပြထားတဲ့အတိုင်း သမားရိုးကျ page ရဲ့ ထိပ်ပိုင်းမှာရှိတဲ့ subscribe button ကို ကလစ်လုပ်တာနဲ့ ရရှိသွားစေတယ်။




ပုံ ၇ -၂ channel page မှ user ရဲ့ဗီဒီယိုများအတွက် subscribe လုပ်ယူပုံ

## မိမိရဲ့ Subscriptions ကို စီမံဆောင်ရွက်ခြင်း


YouTube subscriptions ကို စီမံဆောင်ရွက်လိုရင် အောက်ပါ လုပ်ငန်းစဉ်အဆင့်အတိုင်း လုပ်ကိုင်ရပါတယ်။

(၁) YouTube page တစ်ခုခုရဲ့ ထိပ်ပိုင်းမှာရှိတဲ့ username ဘေးက down arrow ကို ကလစ်လုပ်ပြီး subscriptions ကို ရွေးချယ်ယူလိုက်ပါ။

(၂) နောက် page ပေါ်လာတဲ့အခါ ပုံ ၇-၃ မှာ ပြထားတဲ့အတိုင်း page ရဲ့ ဘယ်ဘက်ခြမ်းက subscription list အတွင်းမှာ စာရင်းပြုစုထားချက် အားလုံးကို တွေ့ရပါလိမ့်မယ်။ အဆိုပါ user ရဲ့မကြာသေးခင်ကတင်ထားတဲ့ ဗီဒီယိုကိုကြည့်ဖို့အတွက် user name ကိုပဲ ကလစ်လုပ်ရတယ်။



(၃) User တစ်ဦးနဲ့ channels ကနေ စာရင်းပယ်ဖျက်ယူလိုရင် Subscriptions list ထဲက အဲဒီ user ကို ရွေးယူလိုက်ပြီး Unsubscribe button ကို ကလစ်လုပ်ပေးရမှာ ဖြစ်တယ်။




ပုံ ၇-၃ Subscriptions page ကနေ မိမိရဲ့ subscription များကို လို၊ မလို စီမံဆောင်ရွက်ယူပုံ။

## အခန်း ၇ အနှစ်ချုပ်

User video တွေအတွက် ဘယ်လို subscribe လုပ်ယူရတယ်ဆိုတာကို သိခွင့်ရနိုင်တယ်။

## အခန်း ၈

# အီးမေးလ်မှတစ်ဆင့် YouTube Video မျှဝေခြင်း

YouTube ထဲက ဗီဒီယိုတစ်ခုခုကိုဖြစ်ဖြစ်၊ မိမိရိုက်ကူးထားတဲ့ ဗီဒီယိုကိုဖြစ်ဖြစ်၊ ဒါမှမဟုတ် မိမိအကြိုက်ဆုံးစာရင်းထဲက ဗီဒီယိုတွေကိုဖြစ်ဖြစ်၊ မိတ်ဆွေတွေနဲ့ ဆွေမျိုးများဆီကို မျှဝေခံစားနိုင်ဖို့ အီးမေးလ်ကတစ်ဆင့် ပေးပို့နိုင်တဲ့ အခွင့်အလမ်း ရှိပါတယ်။

## ဗီဒီယိုတစ်ခုချင်း မျှဝေပေးခြင်း

ဗီဒီယိုတစ်ခုကြည့်ပြီး သိပ်သဘောကျရင် အဲဒီဗီဒီယိုနဲ့ ပတ်သက်လို့ မျှဝေခံစားနိုင်ဖို့ မိတ်ဆွေဆီကိုသဘောကျမိတဲ့ဗီဒီယိုလေးကိုပေးကြည့်လိုတဲ့ဆန္ဒရှိကြမှာအမှန်ဖြစ်တယ်။ ဒီအတွက် YouTube က ဗီဒီယိုမျှဝေနိုင်စေတဲ့ အင်္ဂါရပ်တစ်ခုကို ထည့်သွင်းလုပ်ကိုင်ဆောင်ရွက်ပေးပါတယ်။

အီးမေးလ်ကတစ်ဆင့် YouTube video များကို အောက်ပါလုပ်ငန်းစဉ်များ အဆင့်လိုက် လုပ်ကိုင်ရင်းပေးပို့လို့ ရပါတယ်။

(၁) မျှဝေပေးလိုတဲ့ ဗီဒီယိုရဲ့ page ကို အရင်သွားရမယ်။

(၂) Video player window ရဲ့ အောက်ခြေမှာရှိတဲ့ share link ကို ကလစ်လုပ်ပါ။ Share section ကို ဖွင့်ချပေးပါလိမ့်မယ်။

(၃) Share section ကနေ ပုံ ၈-၁ မှာ ပြထားသလို ပေးပို့လိုတဲ့ ဗီဒီယိုကို စတုတ်တိုက်ရှာဖွေယူရတယ်။

(၄) To box ထဲမှာ လက်ခံမယ့်သူရဲ့ အီးမေးလ်လိပ်စာအပြည့်အစုံကို ရိုက်ထည့်ပါ။

(၅) Message box ထဲမှာ optional personal message တစ်ခုကို ရိုက်ထည့်ပါ။


(၆) Send button ကို ကလစ်လုပ်ပေးလိုက်ပါ။

---

လက်တို့အညွှန်း : **Multiple Recipients**


လူအများနဲ့ ဗီဒီယိုမျှဝေပေးဖို့ သီးခြား multiple email address ကို ကော်မာခံပြီး ထည့်သွင်းပေးရတယ်။

---




ပုံ ၈-၁ အီးမေးကတစ်ဆင့် ဗီဒီယိုတစ်ခုကို မျှဝေပေးပုံ

ပုံ ၈-၂ မှာ ပြထားသလို မိမိပေးပို့လိုက်တဲ့သူအနေနဲ့ message ကို လက်ခံရရှိပါလိမ့်မယ်။ လက်ခံရရှိတဲ့ ဗီဒီယိုကို ဖွင့်ကြည့်ဖို့က ရိုးရိုးရှင်းရှင်းလေးပါ။ Video thumbnail ဒါမှမဟုတ် link ကိုကလစ်လုပ်လိုက်ရင် YouTube Site ကို ဝင်ရောက်နိုင်မယ့် web browser ပွင့်လာမှာဖြစ်တယ်။ စက္ကန့်ပိုင်းအတွင်းမှာ မျှဝေလိုက်တဲ့ ဗီဒီယိုကစပြီး ပြသပေးပါလိမ့်မယ်။



ပုံ ၈-၂ YouTube video တစ်ခုကို ကြည့်စေဖို့ နှိုးဆော်တဲ့ အီးမေးလ်စာပုံ




## PlayList တစ်ခုကို မျှဝေခြင်း

YouTube ကနေ မိမိစိတ်ဆွေတွေဆီကို playlist အပြည့်အစုံ ပေးပို့ခွင့်ပြုထားပါသေးတယ်။ လုပ်ရမယ့် လုပ်ငန်းစဉ်အဆင့်တွေကတော့ အောက်ပါအတိုင်း ဖြစ်တယ်။

(၁) YouTube page တစ်ခုရဲ့ထိပ်မှာရှိတဲ့ username ဘေးက down arrow ကို ကလစ်လုပ်ပါ။

(၂) Playlists page ပေါ်လာတဲ့အခါ ပုံ ၈-၃ မှာ မြင်တွေ့ရသလို page ရဲ့ ဘယ်ဘက်ခြမ်းက list ကနေ playlist တစ်ခုကို ရွေးချယ်ပေးရပါမယ်။

(၃) Share This Playlist button ကို ကလစ်လုပ်ပေးပါ။




ပုံ ၈-၃ Playlist ကို မျှဝေယူနိုင်မယ့်ပုံစံ

(၄) အီးမေးလ်ဝင်းဒိုးလေးတစ်ခု ပုံ ၈-၄ အတိုင်း ထွက်လာပါလိမ့်မယ်။ Email To box ထဲမှာ လက်ခံယူလိုသူရဲ့ အီးမေးလ်လိပ်စာ အပြည့်အစုံကို ရိုက်ထည့်ပေးပါ။

(၅) Add a Personal Message box မှာ ကိုယ်တိုင်မှာကြား ဖော်ပြလိုချက် optional personal message တစ်ခုကို ဖြည့်သွင်းပါ။


(၆) Send button ကို ကလစ်လုပ်လိုက်ရပါမယ်။

---

**မှတ်ချက် : Contacts**

မိမိပေးပို့လိုက်တဲ့ users တွေဆီကို favorite video ဖြစ်ဖြစ်၊ playlist ဖြစ်ဖြစ် ကိုက်ရိုက်ပေးပို့နိုင်ဖို့ YouTube contact list တစ်ခု ပြုလုပ်ထားရတယ်။

---




ပုံ ၈-၄ YouTube playlist တစ်ခုကို အီးမေးလ်နဲ့ ပေးပို့ပုံ

## အခန်း ၈ အနှစ်ချုပ်

ကြိုက်နှစ်သက်တဲ့ ဗီဒီယိုတွေကို မိတ်ဆွေတွေဆီကိုဖြစ်ဖြစ်၊ မိသားစုဝင်နဲ့ ဆွေမျိုးတွေဆီကိုဖြစ်ဖြစ် အီးမေးလ်နဲ့တွဲပြီး ပေးပို့နိုင်ပုံကို လေ့လာသိရှိရမှာဖြစ်တယ်။



# အခန်း ၉
# Link များကို အသုံးချခြင်း


YouTube video တွေကို မျှဝေပေးနိုင်တဲ့ နည်းလမ်းကတော့ link များကို အသုံးချပြီး မိမိရဲ့ website ထဲမှာဖြစ်ဖြစ်၊ အီးမေးလ်သတင်းမှာဖြစ်ဖြစ် မြှုပ်ထည့်ပေးတဲ့နည်း ဖြစ်တယ်။

## YouTube video တစ်ခုကို link နဲ့ ချိတ်ဆက်လုပ်ဆောင်ခြင်း

Email message နဲ့ဖြစ်ဖြစ်၊ blog တို့ web page နဲ့ဖြစ်ဖြစ်၊ link ပုံသဏ္ဍာန်ချိတ်ဆက်ပေးပြီး မျှဝေတဲ့ ဗီဒီယိုများကို ရရှိစေနိုင်တယ်။ Link ဆိုတဲ့နေရာမှာ Facebook တို့၊ My Space တို့ကလည်း YouTube video များကို မျှဝေပေးနိုင်ဖို့တောင် အခွင့်အလမ်းရှိတယ်။

Video page တိုင်းမှာ ကိုယ်ပိုင် URL ပါလေ့ရှိတဲ့အပြင် HTML code ရဲ့ သတင်းအတိုအထွာထဲကို link သုံးပြီး ချိတ်ဆက်ယူနိုင်စေတယ်။ Link ချိတ်ဆက်မှု လုပ်ငန်းစဉ်အဆင့်တွေက အောက်ပါအတိုင်း လုပ်ကိုင်ပေးရတယ်။

(က) ဗီဒီယိုချိတ်ဆက်ဖို့ ပါဝင်စေမယ့် video page ကို သုံးပါ။




ပုံ ၉-၁ information box ထဲက URL ရဲ့ copy ကို email message တို့၊ blog post တို့၊ web page တို့ တစ်ခုခုမှာ paste လုပ်ပေးနိုင်ပုံ။

(၂) ပုံ ၉-၁ မှာ ပြထားသလို URL box တစ်ခုက ဗီဒီယိုရဲ့ညာဘက်က information box အတွင်းမှာ ရှိနေပါတယ်။ Box ထဲက HTML Code ကို highlight ပြီး copy လုပ်ပါ။

(၃) မိမိရဲ့ email message ထဲ copy လုပ်ထားချက်ကို paste လုပ်ပေးလိုက်ပါ။ ဒါမှမဟုတ် blog post တို့၊ web page ရဲ့ body မှာဖြစ်ဖြစ် past လုပ်ပေးရပါမယ်။

မိမိအီးမေးလ်တို့၊ blog post တို့၊ web page တို့ကို ဖတ်ရှုသူတိုင်း link ကို ကလစ်လုပ်ပြီး မိမိမျှဝေပေးတဲ့ ဗီဒီယိုတွေကို ကြည့်ရှုခွင့်ရသွားစေတယ်။

တကယ်လို့ web page ထဲကို link လုပ်ဖို့ ကြိုးစားဆောင်ရွက်ထားခဲ့တာဆိုရင် သင့်လျော်တဲ့ HTML link tag နဲ့ အတူရှိ၊ မရှိ အသေအချာ စစ်ဆေးကြည့်ရမယ်။ ရရှိမယ့် code တွေရဲ့ပုံစံက အောက်ပါအတိုင်း ရှိနေပါလိမ့်မယ်။

Click < a href= "http:// www.youtube.com/watch? v=12345">
here</a> to view my YouTube video.

ပုံမှန်သဘာဝအရ href link ကို URL နဲ့ အစားထိုး ဆောင်ရွက်လေ့ရှိတယ်။

---

**မှတ်ချက် : HTML**

မိမိရဲ့ web page မှာ YouTube link တစ်ခုကို paste လုပ်ဖို့ basic HTML commands နဲ့အတူ ဝင်ရောက်ယှဉ်ရမှာ ဖြစ်တယ်။

---

## မိမိ website ထဲသို့ YouTube Video ကို embedding လုပ်ယူခြင်း

Web page ကနေ YouTube video များကို linking လုပ်ယူတဲ့ လုပ်ငန်းစဉ်အပြင် မိမိရဲ့ web page တို့၊ blog တို့မှာ တကယ့်ဗီဒီယိုတွေကို မြှုပ်ထည့်ထားပေးတဲ့ လုပ်နည်းလုပ်ဟန်လည်း ရှိပါသေးတယ်။ မိမိ web page ကို ဝင်ကြည့်တဲ့သူတိုင်း video player window လေးကတစ်ဆင့် အလွယ်တကူ ကြည့်ရှုခွင့်ရကြစေမှာဖြစ်တယ်။

YouTube အနေနဲ့ အများကြည့်စေနိုင်မယ့် ဗီဒီယိုမှန်သမျှအတွက် အလိုအလျောက် embed code ကို ဖန်တီးထားပေးလေ့ရှိတယ်။ ဒီ code တွေကလည်း ကိုယ်တိုင် video page ထဲမှာ စာရင်းပါဝင်ယူစေတယ်။ ပုံ ၉-၁ မှာ ပြသထားတဲ့အတိုင်း ဗီဒီယိုဘေးမှာရှိတဲ့ information box ထဲက code ကို ဆိုလိုတာဖြစ်တယ်။ အဆိုပါ code ကို copy လုပ်ပြီး မိမိကိုယ်ပိုင် web page ပေါ်က HTML code ထဲမှာ paste လုပ်ဖို့ လိုတယ်။ လုပ်ကိုင်ရမယ့် လုပ်ငန်းစဉ်တွေက အောက်ပါအတိုင်း ဖြစ်တယ်။



(၁) Link ချိတ်ပေးလိုတဲ့ ဗီဒီယိုအတွက် page ကို ဖွင့်ယူပါ။

(၂) ဗီဒီယိုဘယ်ဘက်မှာရှိတဲ့ information box အတွင်းမှာ Embed box တစ်ခု ရှိတယ်။ ထိုဒီ box ထဲက HTML code ကို highlight လုပ်ပြီး copy လုပ်ယူပါ။

(၃) ဒီ HTML code ကို မိမိရဲ့ web page ထဲမှာ လိုင်းတားပြထားတဲ့ HTML code ထဲမှာ paste လုပ်ယူလိုက်ရပါတယ်။

ဒီလိုလုပ်ငန်းစဉ်တွေကို လုပ်ကိုင်ပြီးစီးသွားတာနဲ့ ပုံ ၉-၂ မှာ မြင်တွေ့ရတဲ့အတိုင်း ကလစ်တစ်ချက်လုပ်လိုက်ရုံနဲ့ ကြည့်လို့ရမယ့် YouTube video player window လေး ပေါ်လာမှာဖြစ်တယ်။ ဒါပေမဲ့လည်း မိမိကိုယ်ပိုင် server တစ်ခုကနေ ကြည့်ရှုခွင့်ပြုပေးနေရဲ့ သဘာဝမျိုးကို ခံစားခွင့်ရသွားစေတယ်။




ပုံ ၉-၂ web page တစ်ခုအတွင်း YouTube video တစ်ခုမြှုပ်ထားပေးပုံ

Embed box အတွင်းက code ဆိုတာ စာလိုင်းတစ်လိုင်းပုံစံနဲ့ အလွယ်တကူ ချထားပါတယ်။ Format ပုံစံကတော့ အောက်ပါအတိုင်း ဖြစ်တယ်။

<object width= "425" height= "350">

<param name= "movie"

```
value= "http://www.youtube.com/v/12345" ></param>
<param name= "wmode" value= "transparent" ></param>
<embed src= "http://www.youtube.com/v/12345"
type= "application/x-shockwave-flash" wmode= "transparent" width = "425"
height= "350">
</embed>
</object>
```

---

**သတိပြုရန် : Don't Use This Code**

Don't copy this code to your web page ဆိုတာ နမူနာပုံစံအနေနဲ့က ပြဆိုရုံသက်သက်ဖြစ်တယ်။

---


## Embedded Video တစ်ခုကို customize လုပ်ခြင်း

မိမိရဲ့ web page ပေါ်မှာ embedded video ကို ဘယ်လိုကြည့်လို့ရနိုင်မလဲဆိုတဲ့ အနေအထားမှာပေးထားတဲ့ options တချို့ကို ရွေးချယ်ခွင့်ရှိတယ်။ မူလ video page ပေါ်မှာရှိတဲ့ Embed box ဘေးမှာ Customize button ကို ကလစ်လုပ်ပြီး options တွေကို အသုံးချကြရမှာဖြစ်တယ်။ အသေးစိတ်အခြေအနေကို ပုံ ၉-၃ အတိုင်း တွေ့မြင်နိုင်တယ်။ ပါဝင်တဲ့ options တွေကတော့ အောက်ပါအတိုင်းဖြစ်တယ်။

- **Include related videos** : embedded video ကို ဖွင့်ကြည့်တဲ့အခါ ကြည့်ရှုတဲ့ ဗီဒီယိုနဲ့ ဆက်နွယ်နေတဲ့ ဗီဒီယိုအမျိုးအစားတွေကို ပြပေးစေလိုတဲ့ option မှာ check (✓) အမှတ်အသားပြပေးနေတယ်။
- **Show Border** : embedded video player ပတ်လည်မှာ ဘောင်ကွပ်ထားပေးနိုင်ဖို့ option ကို check (✓) အမှတ်အသားပြပေးရတယ်။
- **Enable delayed cookies** : ဒီ options ရဲ့ အမည်ကတော့ နည်းနည်းရှုပ်ရှုပ်ထွေးထွေး ဖြစ်နေပါလိမ့်မယ်။ ဒါပေမဲ့ ဒီ option ကို ရွေးချယ်အသုံးပြုတဲ့အခါ အနစ်သာရက ကြိုက်နှစ်သက်စရာကောင်းနေမှာ ဖြစ်တယ်။ အထူးသဖြင့် လုံခြုံရေးအတွက်ကောင်းလှတယ်။
- **Color scheme** : embedded video player အတွက် ခုနစ်မျိုး ကွဲပြားခြားနားတဲ့ color schemes က ကြိုက်ရာကို ရွေးချယ်နိုင်တဲ့ option ဖြစ်တယ်။
- **Size** : embedded video player အတွက် အရွယ်အစားလေးမျိုးရွေးချယ်ခွင့်ရှိတယ်။ Standard aspect video တွေအတွက်ဆိုရင် 320 x 265, 425 x 344, 480 x 385,



640 x 505(HQ pixels) တို့ကို အသုံးချနိုင်ပြီး widescreen video တွေအတွက် 480 x 295, 560 x 340, 640 x 385, 853 x 505 (HD pixels) တို့ကို ရွေးချယ်ခွင့်ရှိတယ်။




ပုံ ၉-၃ embedded video တစ်ခုအတွက် code ကို customize လုပ်နိုင်ပုံ

**အဓိပ္ပာယ်ဖွင့်ဆိုချက် : Cookie**

Website ပေါ်က user ရဲ့ စိတ်ဝင်စားမှုတွေကို လိုက်ကြည့်မယ့် website တစ်ခုကနေ အသုံးပြုသူနဲ့ ကွန်ပျူတာပေါ်မှာ file သေးသေးလေး တင်ထားပေးတာ ဖြစ်တယ်။ ထုံးစံအတိုင်း ကြည့်ရှုထားလေ့ရှိတဲ့ သမိုင်းကြောင်းကို လိုက်ကြည့်ပြီး cookies လေးတွေ ထားပေးတာဖြစ်တယ်။

---

Embedded video အတွက် ဘယ် options ကို ရွေးရွေး HTML code ကို ပြောင်းယူပေးလို့ရတယ်။ Embed code ကို မိတ္တူမကူးမီ ရွေးချယ်မှုအတွက် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ထားရပါမယ်။

---

**လက်တို့အညွှန်း : Auto Play**

Web page ကို တင်ယူတဲ့အခါ default က အလိုအလျောက် embedded video ကို ဖွင့်မပြပေးပါ။ ဗီဒီယိုကို ကြည့်လိုရင် play button ကို ကလစ်လုပ်ပေးရတယ်။ တကယ်လို့ အလိုအလျောက် ဖွင့်ပြတာမျိုး လိုချင်တယ်ဆိုရင် embed code အတွက် ဗီဒီယိုရဲ့ URL နှစ်ခုလုံးမှာ & auto play = 1 ဆိုတဲ့ code ကို ထည့်ပေးရတယ်။ http:// www.youtube.com/v/12345 & autoplay = 1

---

## အခန်း ၉ အနှစ်ချုပ်

Embed YouTube Video တွေကို ဘယ်လိုချိတ်ဆက်ဆောင်ရွက်နိုင်မလဲဆိုတာကို သိခွင့်ရစေတယ်။



## အခန်း ၁၀
## Blog ပေါ်မှာ YouTube Video တင်ပြခြင်း

ကိုယ်ပိုင် blog ပေါ်မှာ အကြောင်းအရာတစ်ခုအတွက် တင်ပြလေ့ရှိကြရာမှာ ပါဝင်ဖတ်ရှုကြပြီးထင်မြင်ချက်တွေ၊ ယူဆချက်တွေ၊ အတွေ့အကြုံတွေ ထည့်သွင်းတဲ့အလေ့အထရှိကြတယ်။ ဒီလိုတင်ပြချက်တွေထဲမှာ YouTube Video လေးတွေကိုပါ တင်ပြဆွေးနွေးကြတာမျိုးလည်း ရှိလာပြန်ပါတယ်။

---

**အဓိပ္ပာယ်ဖွင့်ဆိုချက် : Blog**

ပိုင်ရှင်တစ်ဦးကနေ အများဝင်ရောက်ဖတ်ရှုပြီး ဝေဖန်အကြံပေးလိုတာကိုလည်း လုပ်ကိုင်ဆောင်ရွက်ခွင့်ပေးနိုင်တဲ့ တင်ပြချက်ထားရှိတဲ့ website တစ်ခုကို web log လို့ခေါ် ဆိုသတ်မှတ်ကြတယ်။ Web ပေါ်မှာရေးတဲ့ ဒိုင်ယာယီလေးတစ်ခုလို့ မှတ်ယူနိုင်တယ်။ Web log ကို အတိုကောက်အနေနဲ့ blog လို့ပဲ ခေါ် ဆိုလိုက်ကြတယ်။

---

### Blog တင်ပြချက်များအတွက် YouTube ကို တွဲဖက်စီစဉ်ယူခြင်း

Web ပေါ်မှာ ကိုယ်ပိုင် personal blog လေးတစ်ခုရှိထားပြီးဖြစ်တယ်ဆိုရင် YouTube video ကိုလည်း blog posting တစ်ခုကနေ အများကြည့်ရှုခံစားနိုင်စေဖို့ အလွယ်တကူ တင်ထားပေးနိုင်တယ်။ ဒီလိုမျှဝေလိုတဲ့ ဗီဒီယိုကို တင်ပြပေးတဲ့နေရာမှာလည်း မိမိကို ညွှန်းလိုတာကို စာသားတွေထည့်ပြီး ဆိုညွှန်းရေးသားနိုင်ပါသေးတယ်။

မိမိ blog ပေါ်မှာ ဗီဒီယိုတွေ တင်ပြပေးဖို့ ပထမဆုံး blog နဲ့ YouTube တို့ တွဲဖက်လုပ်နိုင်တဲ့ အစီအမံကို ဆောင်ရွက်ယူရတယ်။ မိမိရဲ့ ဗီဒီယိုတင်ပြချက်မျိုး ဖြစ်လာစေဖို့ အောက်ပါလုပ်ငန်းစဉ်အဆင့်တွေနဲ့ ညှိနှိုင်းဆောင်ရွက်ယူနိုင်တယ်။

(၁) YouTube page တစ်ခုခုရဲ့ အပေါ်ပိုင်းမှာရှိတဲ့ Account Link ကို ကလစ်လုပ်ပါ။

(၂) My account page ပေါ်လာတဲ့အခါ page ရဲ့ ဘယ်ဘက်ခြမ်းပေါ်က Blog Setup link ကို ကလစ်ထပ်လုပ်ရပါမယ်။

(၃) Blog Setup page ပေါ်လာပြန်တဲ့ အခါမှာလည်း ပုံ ၁၀-၁ မှာ မြင်တွေ့ရသလို Add a blog button ဆိုတာကို ကလစ်လုပ်ရမှာ ဖြစ်တယ်။


(၄) Add a blog/ site box အနေနဲ့ ပုံ ၁၀-၂ မှာအတိုင်း ထွက်ပေါ်လာပြီးနောက် blog service list ကို ဆွဲချယူပြီး မိမိရဲ့ blog host ကို ရွေးပေးရတယ်။

(၅) မိမိဝင်ရောက်အသုံးပြုစေလိုတဲ့ အီးမေးလ်လိပ်စာ၊ အမည်နဲ့ လျှို့ဝှက်သင်္ကေတတွေကို ဖြည့်သွင်းပေးရမယ်။

(၆) Add blog button ကို နောက်ဆုံး ကလစ်လုပ်လိုက်ရုံပါပဲ။




ပုံ ၁၀-၁ Add a blog button ကို ပြပေးဖို့ blog setup link ကို ကလစ်လုပ်ယူပုံ။




ပုံ ၁၀-၂ blog posting အတွက် YouTube ကို configuring လုပ်ယူပုံ။

---

**မှတ်ချက် : Supported Blogs**

YouTube အနေနဲ့ Blogger, FreeWebs, Friendster, LiveJourna, Piczo, Word Press.com, WordPress self-hosted blogs စတဲ့ blog hosts တွေမှာ အလိုအလျောက် တင်ပြပေးနိုင်ဖို့ ပံ့ပိုးဆောင်ရွက်ပေးထားပြီး ဖြစ်တယ်။ ဒီလိုကွဲပြားခြားနားတဲ့ hosts တွေကနေ blogs ကို ထည့်သွင်းဖို့ တစ်ခုစီရဲ့လုပ်ငန်းစဉ်အတိုင်း ဆင့်ကာဆင့်ကာ လုပ်ဆောင်သွားရတယ်။

---



ဗီဒီယိုတစ်ခုတင်ပြခြင်း

တွဲဖက်အသုံးပြုနိုင်မယ့် ညှိနှိုင်းမှု စီမံပြီးတာနဲ့ မိမိတင်ပို့ထားတဲ့ ဗီဒီယိုတွေနဲ့ တခြားတင်ပို့ထားပြီး ဗီဒီယိုတွေအပါအဝင် မိမိ blog ကို တင်ပို့ဖို့သာ ရှိပါတော့တယ်။ အောက်ပါလုပ်ငန်းစဉ်အတိုင်း လုပ်ကိုင်ယူရမှာဖြစ်တယ်။

(၁) မိမိတင်ပြထားရှိလိုတဲ့ ဗီဒီယိုရဲ့ page ကို ကလစ်လုပ်ပါ။

(၂) ဗီဒီယိုအောက်မှာရှိတဲ့ share link ကို ကလစ်လုပ်လိုက်တဲ့အခါ ပုံ ၁၀-၃ မှာ မြင်တွေ့ရတဲ့အတိုင်း ဗီဒီယိုရဲ့အောက်မှာ panel ပေါ်လာပါလိမ့်မယ်။

(၃) Blog list ကို ဆွဲချကြည့်ပြီး မိမိ blog ကို ရွေးချယ်ပေးရတယ်။

(၄) Post နဲ့ ပတ်သက်တဲ့ ခေါင်းစဉ်တစ်ခုကို title box မှာ ထည့်ပေးရတယ်။

(၅) ဗီဒီယိုနဲ့အတူ ဖော်ပြလိုတဲ့ အကြောင်းအချက်တွေကို စာနဲ့ဖော်ပြလိုသမျှ text box မှာ ရိုက်သွင်းပေးပါ။

(၆) Post to blog button ကို ကလစ်လုပ်ပေးလိုက်ပါ။




ပုံ ၁၀-၃ မိမိ blog ဆီကို ဗီဒီယိုတစ်ခု တင်ပြပေးပုံ

Post အသစ်တစ်ခုပုံစံနဲ့ မိမိ blog ပေါ်မှာ ဗီဒီယိုရောက်ရှိသွားပုံကို ပုံ ၁၀-၄ မှာ မြင်တွေ့ကြရပါလိမ့်မယ်။




ပုံ ၁၀-၄ blog ပေါ်မှာ ဗီဒီယိုရောက်ရှိထားပြီးပုံ

## အခန်း ၁၀ အနှစ်ချုပ်

မိမိကိုယ်ပိုင် blog ပေါ်ကို YouTube videos တွေ ဘယ်လိုတင်ပြထားနိုင်မလဲဆိုတဲ့ အနေအထားအားလုံးကို သိခွင့်ရရှိစေတယ်။



# အခန်း ၁၁
# YouTube ပေါ်မှ ဗီဒီယိုများ ချယူခြင်း

မိမိပိုင်ဆိုင်ထားတဲ့ ကွန်ပျူတာထဲကိုဖြစ်ဖြစ်၊ အိတ်ဆောင်မီဒီယာကိရိယာလေးတစ်ခုပေါ်ဖြစ်ဖြစ် YouTube Videos တွေကို download စနစ်နဲ့ ရယူနိုင်ပါတယ်။ အခုအချိန်အထိ download လုပ်ငန်းစဉ်ကို တရားဝင်အခွင့်အလမ်း ဘာကြောင့် မဖြစ်သေးတာလဲ။

အခန်း ၁ မှာ YouTube ဆိုတာ ဘာလဲလို့ သိရှိနိုင်စေဖို့ မိတ်ဆက်ပေးခဲ့တဲ့အတိုင်း YouTube ဆိုတာ streaming video ဆားဗစ်လုပ်ငန်းတစ်ခုလို့ နားလည်ထားပြီးဖြစ်တယ်။ Site ကနေ ကွန်ပျူတာ screen ပေါ်ကို ဗီဒီယိုကို စီးဆင်းရင်း ကြည့်ရှုခွင့်ရမယ့်သဘောဖြစ်တယ်။ ကွန်ပျူတာပေါ်ကို တစ်ခုလုံးဆွဲချပြီး သိမ်းဆည်းထားရမယ့်ပုံစံ မဟုတ်ပါ။ လက်ငင်းအခြေအနေအတိုင်း site ပေါ်က ဗီဒီယိုကို Adobe Flash Player ကို အသုံးချရင်း web browser ပေါ်မှာ ကြည့်ရှုခွင့်ရနေတာဖြစ်တယ်။

Streaming video သဘာဝက ပီစီကွန်ပျူတာရဲ့ ဟာ့ဒ်ဒရိုက်ဗ်ထဲမှာ သိမ်းဆည်းထားပြီးကြည့်ရတဲ့ပုံစံမဟုတ်တဲ့အတွက် အင်တာနက်အဆက်အသွယ်မရှိရင် လုံးဝကြည့်ခွင့်မရတဲ့ အနေအထားရှိတယ်။

Viewing options စာရင်းမှာ downloading လုပ်ရန် အခွင့်အလမ်းလို့ ပြဆိုထားပေးတဲ့တိုင် third-party program တစ်ခုကို အသုံးချပြီးမှသာ လုပ်ကိုင်ဆောင်ရွက်ယူနိုင်စေတယ်။ ဒီဆားဗစ်လုပ်ငန်းအတွက် program တော်တော်များများတော့ ရှိနေပြီးဖြစ်တယ်။

---

**မှတ်ချက် : Partner Videos**

Download လုပ်ယူနိုင်ဖို့ partner လို့ ခေါ်ဆိုနိုင်မယ့် ထုထည်ကြီးမားလှတဲ့ commercial users ရဲ့ ဖြည့်ဆည်းချက်များကို YouTube က ခွင့်ပြုထားပေးတယ်။ ဒီလို ဗီဒီယိုတွေကို download ချပေးရာမှာ အခကြေးငွေ တောင်းခံယူကြတယ်။

---

## RealPlayer နဲ့ download ချယူခြင်း

YouTube Video များကို download လုပ်ယူဖို့ အကောင်းဆုံးနဲ့ အလွယ်ဆုံး အသုံးချယူနိုင်တဲ့ ဆော့ဖ်ဝဲပရိုဂရမ်ကတော့ RealPlayer (www.real.com/player/) နောက်ဆုံးထုတ် version ပဲဖြစ်တယ်။

---


**မှတ်ချက် : Flash**

YouTube videos တွေကို Adobe Flash video format နဲ့ အသုံးတော်ခံတာ ဖြစ်တယ်။ FLV file extension တစ်ခုနဲ့ ပြဆိုထားလေ့ရှိတယ်။

---

## ဗီဒီယိုတစ်ခုကို ဆွဲချယူခြင်း

Internet Explorer နဲ့ တခြား web browser တွေအတွက် Real Player အပြင် special add in ကိုလည်း ထည့်သွင်းယူရသေးတယ်။ ဒီ add in က ပုံ ၁၁-၁ မှာ ပြထားသလို YouTube site ပေါ်က ဘယ်လို ဗီဒီယိုမျိုးမှာဖြစ်ဖြစ် ညာဘက်အပေါ်ထိပ်မှာရှိတဲ့ Download This Video button ကို အလိုအလျောက် တင်ပေးထားလိမ့်မယ်။




ပုံ ၁၁-၁ Real Player နဲ့ ပြန်ကြည့်လိုတဲ့ ဗီဒီယိုကို ဆွဲချယူဖို့အတွက် Download This Video button ကို ကလစ်လုပ်ယူနိုင်ပုံ။



---

**လက်တို့အညွှန်း : Download From Other Sites**

ဘယ်လို video streaming site ပေါ်မှာဖြစ်ဖြစ် Real Player က Download This Video button ကို အတူတူ ထားရှိပေးတယ်။ ဒီအတွက် ဘယ် website ကဖြစ်ဖြစ် တခြား download ခွင့်ပြုထားတဲ့ ဗီဒီယိုအမျိုးအစားကိုမဆို ဆွဲချယူနိုင်ပါတယ်။

---

YouTube video တစ်ခုကို အောက်ပါလုပ်ငန်းစဉ်နဲ့အတူ ဆွဲချယူနိုင်တယ်။

(၁) ဆွဲချယူဖို့အတွက် YouTube page ကို ပထမသွားပါ။

(၂) ဗီဒီယိုဝင်းဒိုးလေးအပေါ်ကို ညွှန်ပြဖို့ cursor ကို ဝဲယူလိုက်တာနဲ့ Download This Video button ပေါ်ထွက်လာပါလိမ့်မယ်။

(၃) Download This Video button ကို ကလစ်လုပ်ပါ။

(၄) RealPlayer က ပထမဦးစွာ Download & Recording Manager Window ကို ပြပေးလိုက်ပြီး တစ်ဆက်တည်းဆိုသလို မိမိကွန်ပျူတာရဲ့ ဟာ့ဒ်ဒရိုက်ဝ်ထဲကို အလိုအလျောက် သိမ်းပေးနေမှာဖြစ်တယ်။

---

**မှတ်ချက် : Displaying the Button**

မိမိ web browser ပေါ်မှာ Download This videos button ခင်းပြပေးနိုင်စေမယ့် RealPlayer program လည်ပတ်ဖို့ မရှိခဲ့ရင် add-in program ထဲက button ကို သုံးနိုင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် web browser မှ အလိုအလျောက် ချပေးသွားပါလိမ့်မယ်။

---

လုပ်ငန်းစဉ်အဆင့်လေးဆင့် ပြီးဆုံးသွားတဲ့အခါ video file ကို အလိုအလျောက် သိမ်းဆည်းပြီး အမည်ပါ ပေးသွားလိမ့်မယ်။

## ဆွဲချယူထားတဲ့ ဗီဒီယိုတစ်ခုကို ဖွင့်ကြည့်ခြင်း

ဆွဲချယူထားပြီးဖြစ်တဲ့ YouTube Videos အားလုံးကို ပြန်ဖွင့်ကြည့်ဖို့ RealPlayer ကို အသုံးပြုကြတယ်။ ဖွင့်ယူရမယ့် လုပ်ငန်းစဉ်ကတော့ အောက်ပါအတိုင်းဖြစ်တယ်။

(၁) RealPlayer မှာ ရှိနေတဲ့ My Library ဆိုတာကို ပုံ ၁၁-၂ မှာအတိုင်း တွေ့ရပါလိမ့်မယ်။ My Library tab ကို နှိပ်ပြီး ဗီဒီယိုများကို ရွေးချယ်ယူလို့ရတယ်။

(၂) ရွေးချယ်လိုက်တဲ့ ဗီဒီယိုပေါ်ကို ကလစ်နှစ်ချက် ဆင့်နှိပ်ပေးလိုက်ပါ။



ပုံ ၁၁-၂ RealPlayer Library အတွင်းမှာ မြင်တွေ့နေရတဲ့ ဗီဒီယိုများ

RealPlayer window ကလေးကိုဖွင့်ပြီး ပုံ ၁၁-၃ မှာ ပြထားတဲ့အတိုင်း ကြည့်ရှုနိုင်တယ်။ RealPlayer မှာ pause, stop, rewind, fast-forward စသလို ထိန်းချုပ်ခလုတ်တွေ အသင့်ပါရှိပြီးဖြစ်တယ်။




ပုံ ၁၁-၃ RealPlayer အတွင်းက ဆွဲချယူထားတဲ့ ဗီဒီယိုများကို မြင်တွေ့ရပုံ



## iPod ထဲကို ဗီဒီယိုဆွဲချယူခြင်း

iPod တစ်ခု ပိုင်ဆိုင်ထားသူအနေနဲ့ဖြစ်ဖြစ်၊ Sony PSP ရှိနေသူဖြစ်ဖြစ်၊ YouTube ဗီဒီယိုတွေကို ထည့်သွင်းပြီး ကြည့်နိုင်တယ်။ Streaming video အနေနဲ့ကြည့်ကြည့်၊ MPEG-4 file ပုံစံပြောင်းပြီးအပြီး ထည့်သွင်းထားပြီးကြည့်ကြည့် YouTube ဗီဒီယိုတွေကို စက်ထဲရောက်ဖို့ အရေးကြီးတယ်။ စက်ထဲရောက်ဖို့ ဘယ်လိုဆွဲချယူရမယ်ဆိုတာလည်း သိထားရမှာ ဖြစ်တယ်။

---

မှတ်ချက် : **MPEG-4**

MPEG-4 ဆိုတာ- MP4 ဒါမှမဟုတ် MPV ဆိုတဲ့ file extension တွေ ပါရှိတဲ့ video file ဖြစ်တယ်။

---

ဆွဲချယူတဲ့ FLV- Format ပါ YouTube video ကို MPEG-4 file format ပုံစံပြောင်းယူနိုင်မယ့် ဆော့ဖ်ဝဲပရိုဂရမ် တော်တော်များများ ရှိနေပြီး ဖြစ်တယ်။ ဒီအထဲမှာ vixy.net Online FLV converter ကို အသုံးပြုတာက iPod နဲ့ PSP တို့အတွက် YouTube Video ကို ဆွဲချပြီး format ပြောင်းယူဖို့ အလွယ်ဆုံးနည်းလမ်း ဖြစ်နေပါလိမ့်မယ်။ ရယူနိုင်မယ့် website က http:// vixy.net ဖြစ်တယ်။ တခြား ဆော့ဖ်ဝဲပရိုဂရမ်ကို အသုံးပြုစရာမလိုဘဲ အခမဲ့ဆွဲချပြီး သုံးလို့ရတယ်။ အောက်ပါလုပ်ငန်းစဉ်တွေကို အဆင့်လိုက်တော့ လုပ်ဆောင်ရပါမယ်။

(၁) မိမိလိုချင်တဲ့ ဗီဒီယိုကို ဆွဲချယူဖို့ YouTube Page ကိုသွားပါ။

(၂) Information box ထဲမှာရှိတဲ့ URL box ကနေ အလိုရှိတဲ့ ဗီဒီယိုရဲ့ URL ကို ကော်ပီလုပ်ပါ။


(၃) vixy.net (www.vixy.net) ကို သွားပါ။

(၄) URL box ထဲကို ကော်ပီကူးလာတာကို ပုံ ၁၁-၄ မှာ မြင်တွေ့ရတဲ့အတိုင်း ထည့်ယူပါ။

(၅) iPod/ PSP (MPEG 4+AAC) အတွက် Converts To list ကို ဆွဲချယူပြီး MP4 ကို ရွေးယူပါ။

(၆) Start button ကို ဆက်နှိပ်ပေးလိုက်ပါ။

(၇) Website ကနေ video ကို ပြောင်းပေးလိမ့်မယ်။ Save As dialog box ပေါ်လာတဲ့အခါ iPod ဒါမှမဟုတ် PSP မှာ သိမ်းထားမှာလားဆိုတာကို ပြပေးရမယ်။ သေချာရင် save ကို နှိပ်ပေးလိုက်ရပါမယ်။




ပုံ ၁၁-၄  vixy.net နဲ့အတူ YouTube ကနေ file ကို ဆွဲချယူပေးနေသလို
လိုအပ်တဲ့ပုံစံအတိုင်း ပြောင်းပေးနေပုံ။

---

မှတ်ချက် :  **Viewing on an iPhone**


Apple iPhone ဖြစ်ဖြစ်၊ iPod touch ဖြစ်ဖြစ်၊ ပိုင်ဆိုင်ထားရင် အွန်လိုင်းပုံစံနဲ့ YouTube videos တွေကို ကြည့်နိုင်ပါသေးတယ်။

---

## ကိုယ်ပိုင်ဗီဒီယိုများကို ဆွဲချယူခြင်း

တခြား အသုံးပြုသူတွေရဲ့ ဗီဒီယိုတွေကို ဆွဲချယူသုံးခွင့် မရသေးခဲ့ရင်လည်း စပြီး ဆွဲချယူတဲ့ အခွင့်အလမ်း ရှိပါတယ်။ တကယ်လို့ ကွန်ပျူတာထဲထည့်သိမ်းထားပြီးဖြစ်တဲ့ ဗီဒီယိုတစ်ခုကို မတော်တဆ ဖယ်ထုတ်ဖျက်သိမ်းမိလို့ ထပ်မံအလိုရှိရင်လည်း YouTube က online backup service တစ်ခုကို အသုံးချခွင့်ရှိတယ်။ ဗီဒီယိုဆွဲချယူတဲ့ လုပ်ငန်းစဉ်တွေကို အောက်ပါအစီအစဉ်အတိုင်း လုပ်ယူရမှာဖြစ်တယ်။

(၁) YouTube Page တစ်ခုခု အပေါ်ပိုင်းမှာ ရှိနေတဲ့ user name ရဲ့ ဘေးက down arrow ကို ကလစ်လုပ်ပါ။




ပုံ ၁၁-၅  YouTube site က ကိုယ်ပိုင်ဗီဒီယိုကို ဆွဲချယူပုံ။



(၂) My Videos page ပေါ်လာတဲ့အခါ ဆွဲချယူလိုတဲ့ ဗီဒီယိုရဲ့ဘေးက Download MP4 button ကို ကလစ်လုပ်ပြီး My videos ကို ရွေးချယ်ပေးရတယ်။ နမူနာပုံစံကို ပုံ ၁၁-၅ မှာ တွေ့မြင်နိုင်တယ်။

(၃) Save as ဝင်းဒိုးလေးပေါ်လာတဲ့အခါ download လုပ်ယူမယ့်နေရာကို ရွေးပေးပြီး save button ကို ကလစ်လုပ်လိုက်ပါ။

YouTube က MPEG-4 format နဲ့ ဗီဒီယိုကိုချပေးပြီး MP4 file extension နဲ့ သိမ်းပေးလိမ့်မယ်။ ပြန်ဖွင့်ကြည့်လိုတဲ့အခါ Windows Media Player လို video player တစ်ခုကို အသုံးပြုပြီး ကွန်ပျူတာပေါ်မှာ ကြည့်နိုင်သွားတယ်။

## အခန်း ၁၁ အနှစ်ချုပ်

မိမိကွန်ပျူတာထဲကိုဖြစ်ဖြစ်၊ iPod တို့၊ PSP တို့ပဲဖြစ်ဖြစ်၊ YouTube videos တွေကို ဘယ်လိုဆွဲချအသုံးပြုနိုင်တယ်ဆိုတာကို သိခွင့်ရတယ်။

## အခန်း ၁၂
# iPhone ပေါ်မှာ YouTube Videos များကို ကြည့်ရှုခြင်း

iPhone ပိုင်ဆိုင်ထားသူအတွက်လည်း YouTube Videos ခံစားခွင့်ရနိုင်ကြမှာ ဖြစ်တယ်။ မူလ iPhone မော်ဒယ်ပိုင်ဆိုင်ထားသူဖြစ်ဖြစ်၊ နောက်ဆုံးထုတ် iPhone ပိုင်ဆိုင်ထားသူဖြစ်ဖြစ် အသုံးချဆောင်ရွက်ယူနိုင်မယ့် အခွင့်အလမ်းကတော့ အတူတူပင်ဖြစ်တယ်။

---

မှတ်ချက် : **iPod Touch**

iPod Touch မှာလည်း အလားတူ internet features ပါဝင်ထားတယ်။ ဒါပေမဲ့ iPhone လို ကိုယ်တိုင်ကြည့်ရှုခွင့် မရှိဘဲ မိုဘိုင်းလ်ဖုန်းတစ်ခုခုကို ဆက်သွယ်ပြီးမှသာ ခံစားခွင့်ရှိတယ်။

---

## iPhone ပေါ်မှာ ဗီဒီယိုရှာယူခြင်း

ဒီနေ့ခေတ်ပိုင်းမှာ ပေါ်ပြူလာအဖြစ်ဆုံး မိုဘိုင်းလ်ဖုန်းကတော့ iPhone ပဲ ဖြစ်တယ်။ ပေါ်ပြူလာဖြစ်ရတဲ့ အကြောင်းရင်းကတော့ အင်တာနက်ချိတ်ဆက်ခွင့်ရသလို မြန်ဆန်လှတဲ့ 3G cellular connection ခံစားခွင့်ကိုလည်း ရလို့ဖြစ်တယ်။ ဘယ်နေရာ၊ ဘယ်အချိန်မှာဖြစ်ဖြစ် YouTube Video ကို ကြည့်ခွင့်ရနိုင်တယ်။

Apple က YouTube application တစ်ခုကို ခံစားခွင့်အနေနှင့် iPhone မှာ ထည့်ပေးလိုက်တယ်။ ဗီဒီယိုတွေကိုတော့ iPhone မှာပါရှိတဲ့ main screen လေးနဲ့ ကြည့်ရမှာ ဖြစ်တယ်။ ဒီ application ရှိနေပြီးဖြစ်တဲ့အတွက် အင်တာနက် browser လုပ်မယ်။ YouTube Videos ကို ရှာဖွေကြည့်မယ်။ iPhone အနေနဲ့ WiFi စနစ်ကို သုံးထားထား၊ 3G cellular network ကို သုံးထားထား ရနိုင်တယ်။ လုပ်ယူရမယ့် လုပ်ငန်းစဉ်တွေကတော့ အောက်ပါအတိုင်းဖြစ်တယ်။

(၁) iPhone ရဲ့ main screen ပေါ်က YouTube icon လေးကို ထိတို့လိုက်ပါ။

(၂) YouTube application ပွင့်လာတဲ့အခါ Search icon ကို ထပ်တို့ပေးလိုက်ပါ။

(၃) Search box ပေါ်လာတဲ့အခါ iPhone keyboard ကိုတွေ့ပြီး ခေါ်ယူရပါမယ်။ ပုံ ၁၂-၁ မှာ မြင်တွေ့ကြရပါလိမ့်မယ်။

(၄) Search button ကို တို့ထိပြီး ရှာလိုတဲ့ အမည်ကို ထည့်သွင်းပေးပါ။

(၅) ပုံ ၁၂-၂ မှာ မြင်တွေ့ရသလို ဗီဒီယိုတွေကို thumbnail ပုံစံလေးတွေနဲ့ ပြထားတာကို ကြည့်ပြီး ရှာဖွေကြည့်ရှုလို့ ရတယ်။




ပုံ ၁၂-၁ iPhone ပေါ်က search query တစ်ခုကို ထည့်သွင်းနိုင်ပုံ

---

**မှတ်ချက် : Signing In**

iPhone ကနေ YouTube ကို ပထမဆုံး ဝင်ရောက်ယူတဲ့အခါ မိမိအတွက် account တစ်ခုကို ရယူနိုင်ဖို့ မေးလာပါလိမ့်မယ်။ ယူမယ်လို့ အဖြေပေးတဲ့အခနနဲ့ အသုံးပြုသူအမည်နဲ့ password ကို တောင်းခံတဲ့အတိုင်း ထည့်ပေးရပါတယ်။

---






ပုံ ၁၂-၂ iPhone ပေါ်မှာ ရှာဖွေလို့ရနိုင်မယ့် အနေအထားပုံ

## iPhone ပေါ်မှာ မိမိကြိုက်နှစ်သက်ရာ ဗီဒီယိုများခင်းပြခြင်း

iPhone ကနေ favorite list ကို ပြင်ဆင်ထားပြီး ကြိုက်ရာရွေးကြည့်နိုင်စေဖို့လည်း စီမံဆောင်ရွက်ယူလို့ ရပါတယ်။

(၁) YouTube application မှာရှိတဲ့ favorites icon ကို တို့ထိလိုက်ပါ။

(၂) Favorite list ပေါ်လာတဲ့အခါ ပုံ ၁၂-၃ မှာရှိတဲ့အတိုင်း ဗီဒီယိုအတွက်ဘေးက right arrow ကိုတို့ပြီး video အတွက် page တစ်ခုကို ခေါ်ယူရတယ်။ အဲဒီ page မှာရှိတဲ့ ဗီဒီယိုနဲ့ ပတ်သက်တဲ့အကြောင်းတွေကို တွေ့ရပါလိမ့်မယ်။ ဒီနေရာမှာ တခြားကြည့်ပြီးသူတွေရဲ့ မှတ်ချက်တွေ ပါရှိနေနိုင်တယ်။ Right arrow ကို ထပ်တို့လိုက်တာနဲ့ second page ပေါ်လာတာကို ပုံ ၁၂-၄ မှာ တွေ့ကြရပါလိမ့်မယ်။

(၃) Favorites list ပေါ်က ဘယ်လို ဗီဒီယိုကိုမဆိုကြည့်ဖို့ thumbnail လေးအပေါ် တို့ထိပေးလိုက်ရတယ်။




ပုံ ၁၂-၃ Favorites lits ကို မြင်တွေ့ရပုံ




ပုံ ၁၂-၄ video တစ်ခုအကြောင်း information ကို မြင်တွေ့ရပုံ



## ရှာဖွေဖို့ တခြားနည်းလမ်းများ အသုံးပြုခြင်း

iPhone အတွက် YouTube application ထဲမှာ YouTube site ပေါ်က ဗီဒီယိုတွေကို အခြားနည်းလမ်းတွေနဲ့ အသုံးချပြီး ရှာဖွေယူနိုင်ပါသေးတယ်။

- today feature  video ကို ကြည့်ဖို့  featured icon ကို တို့ထိပါ။
- today most viewed video ကိုကြည့်ဖို့ Most Viewed icon ကို တို့ထိပါ။
- today newest video ကိုကြည့်ဖို့ More icon ကိုတို့ပြီး Most Recent icon ကို ထပ်တို့ပေးလိုက်ပါ။
- ဗီဒီယိုတွေရဲ့ သမိုင်းကြောင်းကိုကြည့်လိုရင် More icon ကို တို့ပြီး History icon ကို ထပ်တို့ယူပါ။
- မိမိတင်ထားပေးတဲ့ ဗီဒီယိုအားလုံးကို ပြန်ကြည့်ဖို့ More icon ကို တို့ပြီး My Video icon ကို ထပ်တို့ပေးပါ။
- channel subscriptions စာရင်းကို ကြည့်လိုတယ်ဆိုရင် More icon ကို တို့ပြီး Subscriptions icon ကို ထပ်တို့ယူပါ။
- မိမိပြုစုထားပြီးတဲ့ ဗီဒီယိုစာရင်းကို ကြည့်လိုရင် More icon ကို တို့ပြီး Playlists icon ကို တို့ယူရပါမယ်။

## iPhone ပေါ်မှာ ဗီဒီယိုများကြည့်ခြင်း

iPhone ပေါ်မှာရှိနေတဲ့ YouTube Video တွေကို widescreen modeနဲ့ ကြည့်နိုင်တယ်။ ပုံ ၁၂ - ၅ မှာ မြင်တွေ့ရတဲ့အတိုင်း transport controls များကို မြင်တွေ့ရဖို့ screen ကို ပထမဆုံး တို့ထိပေးလိုက်ရတယ်။ ဗီဒီယိုပေါ်မှာ transport controls တွေ ပေါ်လာလိမ့်မယ်။ Controls တွေကို အသုံးမပြုလိုတဲ့အခါ screen ကို ထပ်တို့လိုက်ရင် ပြန်ပြီး ကွယ်ဝှက်ပေးထားလိုက်မှာ ဖြစ်တယ်။

Pause/ Play control ကတော့ ဗီဒီယိုကို ခေတ္တရပ်နားဖို့နဲ့ ဆက်ပြီးကြည့်ဖို့၊ ဒါမှမဟုတ် စပြီးပြပေးဖို့ တို့ထိရတဲ့ခလုတ် ဖြစ်တယ်။ ဘေးမှာရှိနေတဲ့ ရှေ့သို့နောက်သို့ လုပ်ယူနိုင်တဲ့ control တွေကိုလည်း တို့ထိအသုံးချနိုင်တယ်။ ဒါမှမဟုတ် screen ရဲ့ ထိပ်ပေါ်က slider ကို ထောက်ပြီး ရှေ့နောက်ရွှေ့ယူလို့လည်း ရပါတယ်။

ကြည့်လက်စဗီဒီယိုကို Favorite list ထဲကို ထည့်ယူလိုရင် Favorite icon ကို တို့ပေးလိုက်ရုံပါပဲ။ အဲဒီဗီဒီယိုကို အီးမေးလ်နဲ့ တွဲပို့လိုတယ်ဆိုရင် Email icon ကို တို့ပေးလိုက်ပြီး၊ ပေးပို့လိုသူရဲ့ အီးမေးလ်လိပ်စာကို ရိုက်သွင်းပြီး send button ကို တို့ထိပေးလိုက်ရမှာ ဖြစ်တယ်။




ပုံ ၁၂-၅ iPhone ပေါ်က YouTube video တစ်ခု မြင်တွေ့ရပုံ

---

လက်တို့အညွှန်း : Zooming

Standard aspect ratio တစ်ခုကို ကြည့်နေရင်းက ပုံကြီးရဲ့ကြည့်လိုတယ်ဆိုရင် iPod Touch screen ရဲ့ အကျယ်ပြည့်အတိုင်းအတာကို ထည့်ယူရမှာဖြစ်တယ်။ Screen ရဲ့ ညာဘက်ထိပ်က full screen icon ကို ထိတို့နှိပ်ပေးရတယ်။ ဒီ icon ကိုပဲ ထပ်ထိတို့လိုက်ရင် နဂိုအရွယ်အစားနဲ့ ပြန်ပြပေးတယ်။

---

### အခန်း ၁၂ အနှစ်ချုပ်

iPhone ဒါမှမဟုတ် iPod Touch ပေါ်မှာ YouTube Videos တွေကို ဘယ်လိုကြည့်နိုင်မယ်ဆိုတာကို သိခွင့်ရတယ်။



## အခန်း ၁၃
## YouTube အတွက် ဗီဒီယိုရိုက်ကူးခြင်း

YouTube ပေါ်မှာ အသုံးပြုသူတွေ တင်ထားပေးသလို ကိုယ်တိုင်ရိုက်ကူးထားတဲ့အထဲက ဗီဒီယိုရိုက်ချက်တွေကိုလည်းတင်ထားပေးလိုကြပါလိမ့်မယ်။ရိုက်ကူးပြီးချက်ချင်းတင်ထားပေးလိုတာတွေလည်း ရှိနိုင်တယ်။ ဒီအတွက် ကိုယ်ပိုင်ရိုက်ချက်တွေကို ဘယ်လိုရယူနိုင်မလဲဆိုတာ သိထားဖို့ လိုလာတော့တယ်။

### Webcam နဲ့ ရိုက်ကူးခြင်း

YouTube အတွက် ဗီဒီယိုရိုက်ကူးနိုင်မယ့် နည်းလမ်းသုံးမျိုး ရှိတယ်။ ငွေကြေးတွက်ဖျက်စရာမလိုဘူးဆိုရင် အလင်းအမှောင်၊ အသံအလင်းအမှောင် ပြည့်ပြည့်စုံစုံနဲ့ တကယ့်ကို professional recording ပုံစံနဲ့ ရိုက်ကူးလို့ရတာမျိုးလည်း ရှိနိုင်တယ်။ သာမန်အဆင့် အပျော်တမ်းဗီဒီယိုကင်မရာလေးနဲ့ လက်ရှိအခြေအနေအတိုင်း ရိုက်ကူးတာမျိုးလည်း ရှိတယ်။ ဒါမှမဟုတ် ငွေကြေးမပြည့်စုံလို့ ရှိတာလေးနဲ့ ရိုက်ကူးတဲ့ webcam အသုံးချရိုက်ကူးတာမျိုးလည်း ရှိပါတယ်။ အသုံးချ webcam ကင်မရာကို ပုံ ၁၃-၁ မှာ နမူနာအဖြစ် မြင်တွေ့နိုင်တယ်။



ပုံ ၁၃-၁ Logitech QuickCam Pro 9000 webcam ပုံ

**အစိုးရာယ်ဖွင့်ဆိုချက် : Webcam**

အလွန်သေးငယ်တဲ့ ကင်မရာအမျိုးအစား ဖြစ်တယ်။ ထုံးစံအရ မိုက်ကရိုဖုန်းသေးသေးလေးလည်း ပါဝင်ထားလေ့ရှိတယ်။ USB port ကို အသုံးချပြီး ကွန်ပျူတာနဲ့ ဆက်သွယ် အသုံးပြုရတယ်။ အများစုကတော့ မော်နီတာရဲ့ ထိပ်ဘောင်ပေါ်မှာ တပ်ဆင်အသုံးပြုကြလေ့ရှိတယ်။ နုတ်ဘုတ်၊ နက်ဘုတ်တွေမှာတော့ built - in webcam လေးတစ်ခု အသင့်ပါလာမှာ ဖြစ်တယ်။

---

## Webcam နဲ့ ရိုက်ကူးလို့ရတဲ့ ဗီဒီယိုရဲ့ အားသာချက်၊ အားနည်းချက်

Webcam နဲ့ ရိုက်ကူးလို့ရတဲ့ ဗီဒီယိုရိုက်ချက်ကိုတော့ YouTube videos တွေထဲမှာ သိပ်များများစားစား မမြင်တွေ့ရပါ။ အဲဒီ ဗီဒီယိုရိုက်ချက်တွေအတွက် အရည်အသွေးပိုင်းဆိုင်ရာမှာလည်း အာမခံချက် မရှိပါ။ ဒါပေမဲ့ လက်ငင်းအခြေအနေကို ချက်ချင်းရိုက်ကူးလို့ရတဲ့ အခွင့်အလမ်းကတော့ ရရှိနိုင်မှာ အမှန်ဖြစ်တယ်။

သမားရိုးကျ ဈေးနှုန်းချိုသာတဲ့ webcam တွေအနေနဲ့ 640 x 480 resolution နဲ့ ရိုက်ကူးရယူနိုင်တယ်။ ဒါပေမဲ့ အရည်အသွေးနိမ့်တဲ့ မှန်ဘီလူးကို အသုံးပြုထားတာဖြစ်တဲ့အတွက် အလင်းအားနည်းတဲ့အခါပုံရိပ်ကောင်းကောင်းမရနိုင်သလိုကြည်လင်ပြတ်သားမှုလည်း မရှိပါ။ Logitech က ထုတ်လုပ်တဲ့ Quick Cam Pro 9000 လို ဈေးနှုန်းမြင့်မားတဲ့ webcams တွေကတော့ 1600 x 1200 HD resolution နဲ့ ရိုက်ကူးရယူနိုင်တဲ့အပြင် ဈေးကြီးတဲ့ မှန်ဘီလူး တပ်ဆင်ထားတယ်။ Zoom feature တော့ မပါပါ၊ ပြန်လည်ထုတ်လွှင့်နိုင်လောက်တဲ့ အရည်အသွေးရှိတဲ့ ဗီဒီယိုကို အလိုရှိတယ်ဆိုရင် အလွန်အဆင်ပြေတယ်။ Shooting options ကောင်းကောင်းတွေ ခံစားခွင့်ရနိုင်တယ်။

Webcam ကနေရတဲ့ အသံပိုင်းဆိုင်ရာ အခြေအနေကတော့ ကျေနပ်စရာရှိကြတယ်။ Webcam ထဲမှာ သေးငယ်လွန်းလှတဲ့ မိုက်ကလိုဖုန်းလေးတစ်ခု ထည့်ထားပေးတဲ့အတွက် အသံကိုလည်း ဖမ်းယူနိုင်တာဖြစ်တယ်။ Webcam နဲ့ ဗီဒီယိုရိုက်ကူးရေးဆိုတာထက် အင်တာနက်ကတစ်ဆင့် ကွန်ပျူတာကို အသုံးပြုပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဆက်သွယ်ပြောဆိုရာမှာ webcam က အထူးအသုံးဝင်စေတယ်၊ ကိုယ်တိုင်ပြောဆိုမှုကို webcam နဲ့ ရိုက်ကူးထားပြီး video message တစ်ခုအဖြစ်လည်း အသုံးချနိုင်တယ်။

Webcam နဲ့ ဗီဒီယိုဖန်တီးရတာ အလွန် လွယ်ကူတယ်။ Webcam ဆော့ဖ်ဝဲကို တင်လိုက်ပြီး record button ကို နှိပ်ရုံပါပဲ။ Stop button ကို ပြန်မနှိပ်မချင်း မှတ်တမ်းတင် ရိုက်ကူးပေးနေမှာဖြစ်တယ်။



ရိုက်ကူးရရှိတဲ့ ဗီဒီယိုကို ဟာ့ဒ်ဒရိုက်ထဲမှာ သိမ်းထားပေးပါလိမ့်မယ်။ ဒီ file ကို အကြမ်းထည်အတိုင်း YouTube ပေါ် တင်ပေးပေး၊ ဒါမှမဟုတ် တည်းဖြတ်ပြင်ဆင်ပြီးမှ တင်ပေးပေး ကြိုက်သလို စီစဉ်နိုင်ပါတယ်။

---

**မှတ်ချက် : Uploading Live**

YouTube အနေနဲ့ live ပုံစံနဲ့ webcam နဲ့ ရိုက်ရင်း တင်ပေးခွင့်လည်းရှိတယ်။

---

## Camcorder နဲ့ ရိုက်ကူးခြင်း

Webcam ထက် ပိုကောင်းတဲ့ ဗီဒီယိုကိုရဖို့ ဈေးတမ်းဝင် camcorderကို အသုံးပြုပြီး လွယ်လွယ်ကူကူ ရိုက်ကူးလို့လည်း ရနိုင်ပါတယ်။ အထိုက်အသင့် ကောင်းမွန်တဲ့ အမျိုးအစားတိုင်းမှာ ကိုယ်ပိုင်တည်းဖြတ် ဆော့ဖ်ဝဲလည်း ပါလာတတ်တယ်။ ဒီအတွက် ကုန်ကျစရိတ်မများဘဲ ဈေးတမ်းအဆင့်ဝင် ဗီဒီယိုမျိုးအထိ ရိုက်ယူနိုင်တယ်။

## Camcorder ရွေးချယ်ခြင်း

ဒီနေ့ဈေးကွက်မှာအများဆုံးဈေးတမ်းဝင်ကင်မရာအမျိုးအစားတော်တော်များများ ရှိနေတယ်။ တီထွင်ကြံဆမှုတွေ ရှိလာတဲ့အတွက် နည်းပညာကောင်းတွေ ရရှိကြကာ လွန်ခဲ့တဲ့ နှစ်အနည်းငယ်လောက်ကနဲ့ နှိုင်းစာရင် ကင်မရာကောင်းတစ်ခုကို ထိုက်သင့်တဲ့ ဈေးနှုန်းတွေနဲ့ ဝယ်ယူရနိုင်တဲ့ အခွင့်အလမ်းတွေ ရှိလာခဲ့တယ်။

ဈေးနှုန်းအချိုသာဆုံး အဆင့်ဝင် camcorder တွေကို Flip Camera တွေလို့ ခေါ်ဆိုကြတယ်။ ပုံ ၁၃-၂ မှာ တွေ့မြင်ရတဲ့ Flip Video မော်ဒယ်မျိုးတွေက အိတ်ထဲ ထည့်ယူသွားနိုင်တဲ့ အရွယ်အစားတွေ ရှိကြတယ်။ အရည်အသွေးက webcam ထက်တော့ သာတယ်။ ကွန်ပျူတာနဲ့ဆက်သွယ်စရာမလိုဘဲ ရိုက်ကူးနိုင်တဲ့ အရည်အချင်းရှိတယ်။ Built- in flash memory တို့၊ external memory card တို့ ထည့်သုံးရတယ်။ ကွန်ပျူတာထဲကို ပြောင်းလဲထည့်ယူဖို့ USB connection ကို အသုံးချယူတယ်။ Memory cards တွေကို card reader ကနေတစ်ဆင့် ကွန်ပျူတာထဲ ထည့်ယူလို့လည်း ရတယ်။

Standard definition flip cameras တွေရဲ့ ဈေးနှုန်းက ဒေါ်လာ ၁၅၀ ဝန်းကျင်ရှိပြီး high definition အမျိုးအစားတွေကတော့ ဒေါ်လာ ၂၀၀ လောက် ရှိပါလိမ့်မယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ဒီလိုအမျိုးအစားဝင် camcorders တွေမှာတော့ fancy lens တွေ တပ်ဆင်မထားကတော့ အသေအချာဖြစ်တယ်။ ပုံ ၁၃-၃ မှာ မြင်တွေ့ရတဲ့ ကင်မရာက ပုံရိပ်အနေအထားကောင်းကောင်းနဲ့ ရိုက်ကူးလို့ရနိုင်တဲ့ ဈေးသိပ်မများတဲ့ အမျိုးအစား ဖြစ်တယ်။ များသောအားဖြင့် အများစုကလည်း ဒီလို ဒေါ်လာ ၂၅၀ ထက်မများတဲ့ Camcorder ကို ဝယ်သုံးလိုကြတယ်။




ပုံ ၁၃-၂ ဈေးနှုန်းချိုသာတဲ့ Flip Video Ultra ရဲ့ ပုံဖြစ်တယ်။

ငွေကြေး အကုန်အကျခံနိုင်ရင်တော့ အလွန်ကောင်းမွန်တဲ့ ကင်မရာအမျိုးအစားတွေကို ရနိုင်တယ်။ သပ်ရပ်သေးငယ်တဲ့ အရွယ်အစားရှိမယ်။ သုံးရတာလွယ်မယ်။ အဝေးက လှမ်းဆွဲယူရိုက်လို့ရတဲ့ zoom lens တွေပါမယ်။ အသုံးပြုအင်္ဂါရပ်တွေ လုပ်ကိုင်ခွင့်ရှိမယ်။ ဘတ်ဂျက်အဆင့်လွန် ကင်မရာတွေရဲ့ စွမ်းဆောင်ရည်တွေက မြင့်မြင့်မားမား ရှိနိုင်တယ်။ အလွန်ဝေးလံတဲ့ ရိုက်ကွင်းကို အရည်အသွေးကောင်းကောင်းနဲ့ ရိုက်ယူနိုင်မယ့် မှန်ဘီလူးတွေ၊ image stabilization feature တွေ၊ အလိုအလျောက် ဖြေရှင်းပေးမယ့် exposure mode တွေအပြင် built-in video editing စနစ်တွေပါ ပါနိုင်တယ်။ အသံပိုင်းဆိုင်ရာ ကောင်းကောင်းရနိုင်တယ်။ အသုံးပြုချက်တွေ တစ်ခါတည်း ထည့်သွင်းယူလို့ရတယ်။




ပုံ ၁၃-၃ JVC ကုမ္ပဏီထုတ် GZ-MG 330 အမည်ရှိတဲ့ hard- disk camcorder ပုံ



ဒီနေ့ခေတ်ပိုင်းက အကောင်းဆုံးဆိုတဲ့ ကင်မရာတွေမှာ high-definition video (HDV) အစစ်အမှန်တွေ ရယူနိုင်ပြီဖြစ်တယ်။ ပုံ ၁၃-၄ မှာ sony ကုမ္ပဏီထုတ် HDV Camcorder ဆိုရင် standard definition camcorder တစ်လုံးမှာ ရှိသင့် ရှိထိုက်တဲ့ features အားလုံး ခွင့်ပေးထားတယ်။ ဒါပေမဲ့ hard disk ဒါမှမဟုတ် memory card မှာ high definition signals တွေနဲ့ သိမ်းပေးနိုင်တဲ့ အရည်အချင်းရှိတယ်။ ပြန်ကြည့်တဲ့အခါ standard definition ထက် ပိုကြည့်လို့ ကောင်းတယ်။




ပုံ ၁၃-၄ Sony HDR-SR11 HD Camcorder ပုံ

သဘာဝအရ HDV camcorder အနေနဲ့ 16:9 aspect ratio ရှိတဲ့ widescreen ပုံစံပြုပြီး ရိုက်ကူးပေးပါလိမ့်မယ်။ High-definition format ရဲ့ သင်္ကေတတစ်ခုလို့ ဆိုနိုင်တယ်။ Dolby Digital surround sound အသံကို ဖမ်းယူထားပေးတယ်။ ဒီအတွက် external surround sound microphone တစ်ခုတော့ လိုပါလိမ့်မယ်။

Camcorder တစ်ခု ပိုင်ဆိုင်ဖို့ ရွေးချယ်တဲ့နေရာမှာ storage medium နဲ့ ပတ်သက်ပြီး အလေးထားစဉ်းစားဖို့ အလိုအပ်ဆုံးဖြစ်တယ်။ Videos files များများ ဝင်ဆံ့နိုင်မယ့် Mini DV videotapes / recordable DVD discs / built-in harddrive/flash memory card-slots စတဲ့ storage ပိုင်းဆိုင်ရာ ရွေးချယ်မှုကို ဆိုလိုတာ ဖြစ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် YouTube video တီစွအတွက်တော့ HDD (Hard disk drive) နဲ့ flash memory storage က အကောင်းဆုံး ဖြစ်နေပါလိမ့်မယ်။ ဒီ storage media တွေက ကွန်ပျူတာထဲကို လွှဲပြောင်းယူတဲ့အခါ မြန်ဆန်လွယ်ကူလို့ပဲ ဖြစ်တယ်။ တချို့ ကျွမ်းကျင်မှုရှိသူတွေကတော့ flash memory ကို အကောင်းဆုံး storage medium အနေနဲ့ အဆိုပြုလေ့ရှိတယ်။ ကင်မရာရဲ့ အလေးချိန်ကို ပေါ့ပါးစေသလို ယုံကြည်စိတ်ချစွာ အသုံးချနိုင်လို့ပဲဖြစ်တယ်။

## ဗီဒီယိုရိုက်ကူးခြင်း

Camcorder ကို အသုံးပြုပြီး ဗီဒီယိုရိုက်ကူးတဲ့အခါ indoor ဖြစ်ဖြစ်၊ outdoor ဖြစ်ဖြစ် အဆင်ပြေတယ်။ နေ့အခါ နေရောင်နဲ့ရိုက်ရတဲ့အတွက် အရည်အသွေးမြင့်တဲ့ ဗီဒီယိုရိုက်ချက်တွေရတယ်။ အခန်းတွင်းရိုက်ကူးမှုမှာတော့ အလင်းပေးစနစ်တွေ အကူလိုတယ်။ အလင်းပေးစနစ်ကောင်းလေလေ ရိုက်ချက်အရည်အသွေးမြင့်မားလေဖြစ်တယ်။ ရိုက်ကူးတဲ့အခါ တည်ငြိမ်မှုရှိစေဖို့ tripod တစ်ခုတော့ အသုံးပြုဖို့လိုမယ်။ ဒါ့အပြင် external microphone ကိုလည်း အသုံးပြုရပါမယ်။ အားလုံးပြည့်စုံရင် ဗီဒီယိုရိုက်ကူးထားချက်တွေလည်း ပိုကောင်းမှာ ဖြစ်တယ်။

ဗီဒီယိုရိုက်ကူးမှုအစပိုင်းမှာအကြောင်းအရာဖော်ပြဖို့အတွက်အနှောင့်အယှက်မရှိစေတဲ့ plain နောက်ခံတစ်ခု ထားပေးတယ်။ ဖြစ်နိုင်ရင် နောက်ခံတစ်ခုကို အရောင်ပါလိုက်ကာတစ်ခုထားပေးနိုင်ရင် ရိုက်ကူးမှုကို ပိုပြီးထင်ရှားစေနိုင်ပါတယ်။ မီးပေးစနစ်ဆင်ယင်တဲ့နေရာမှာ အပေါ်ကနဲ့ ဘေးတစ်ဖက်တစ်ချက်ကနေ အပြည့်အစုံပေးနိုင်ရင် ပိုကောင်းစေတယ်။ အသံပိုင်းဆိုင်ရာအရည်အသွေးကောင်းကောင်းရဖို့ lavaliere microphone တစ်ခုရှိနေစေရပါလိမ့်မယ်။

---

**လက်တို့အညွှန်း : Background Paper**

ဘတ်ဂျက်တွက်ချက်နေရတယ်ဆိုရင် နောက်ခံတစ်ပြေးညီတစ်ခုရဖို့ အဝတ်လိုက်ကာနဲ့ဖြစ်ဖြစ်၊ အရောင်စက္ကူနဲ့ဖြစ်ဖြစ် စီစဉ်ထားပေးနိုင်တယ်။ တစ်ပြေးညီအရောင်အသွေးညီညွတ်တဲ့ နောက်ခံရှိခြင်းအားဖြင့် ရိုက်ကူးယူတဲ့အရာအတွက် ပိုမိုထင်ရှားပြတ်သားစေတယ်။

---

အားလုံးအဆင်သင့်ဖြစ်ပြီဆိုတာနဲ့ စမ်းသပ်ပြီး ရိုက်ကူးစစ်ဆေးကြည့်ဖို့လည်း လိုပါသေးတယ်။ တကယ်လို့ရိုက်ထောင့်ပြောင်းလဲရိုက်ကူးလိုတာမျိုး၊ အနီးကပ်ရိုက်ချက်ယူတာမျိုးတွေအတွက်လည်း ကြိုတင်စီစဉ်ထားရှိရပါလိမ့်မယ်။

## YouTube videos ကောင်းကောင်းရိုက်ယူ၊ ရယူနိုင်ဖို့အညွှန်းများ

တချို့ YouTube videos တွေက တကယ်တမ်း စီးပွားဖြစ်ရိုက်ကူးထားတဲ့ ဗီဒီယိုတွေထက် ကောင်းတာမျိုး ရှိပါတယ်။ အသေးစိတ် ဂရုတစိုက်လုပ်ကိုင်ခွင့်ရလေလေ၊ ကောင်းလေလေ ဖြစ်တယ်။ ရိုက်ချက်ကောင်းကောင်းရနိုင်ဖို့ အညွှန်းများကို လေ့လာကြည့်နိုင်ပါတယ်။



## ဒစ်ဂျစ်တယ်စနစ်နဲ့ ရိုက်ကူးမှု

ဗီဒီယိုရိုက်ကူးချက်တွေကို YouTube videos အနေနဲ့ တင်ပို့ထားချက်အားလုံးက ဒစ်ဂျစ်တယ်ကင်မရာနဲ့ ရိုက်ကူးထားတာချည်းမဟုတ်ပါ၊ Analog cassettes နဲ့ ရိုက်ကူးထားချက်တွေလည်း ရှိနေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒစ်ဂျစ်တယ်ကင်မရာ ရိုက်ကူးထားတဲ့ ဗီဒီယိုက analog နဲ့ရိုက်ပြီး digital ပုံစံပြောင်းယူထားတဲ့ အရည်အသွေးလည်း ကောင်းနေမှာ ဖြစ်တယ်။

## သုံးချောင်းထောက် အသုံးချမှု

သာမညောင်ည ကင်မရာနဲ့ ရိုက်ကူးတယ်ဆိုပေမဲ့လည်း tripod ဆိုတဲ့ သုံးချောင်းထောက်လေးပေါ် တင်ထားပြီး ရိုက်နိုင်ရင် ဗီဒီယိုကောင်းကောင်း ရိုက်ကူးနိုင်တယ်။ လက်နဲ့ကိုင်ရိုက်တဲ့အခါ ရွေ့လျားမှုတွေ မတည်မငြိမ်ဖြစ်ပြီး ဗီဒီယိုကောင်းတစ်ခု မရယူနိုင်ပါ။ မိနစ်အတော်ကြာကိုင်ထားပြီး ရိုက်ရတဲ့အတွက် ဘယ်လောက်လက်ငြိမ်ပါတယ် ပြောပြော ညောင်းညာပြီး လက်တုန်ခါမှု ရှိနိုင်တယ်။

## အလင်းပေးစနစ် အသုံးပြုမှု

အခန်းတွင်းမှာရှိတဲ့ မီးအလင်းရောင်နဲ့ ရိုက်ကူးတဲ့အခါ လက်ခံနိုင်လောက်တဲ့ အရည်အသွေးတော့ ရနိုင်တယ်။ ဒါပေမဲ့ အလင်းပေးစနစ်ကို အသုံးချပြီး ရိုက်ကူးနိုင်ရင် ဗီဒီယိုကြည့်ရှုသူတွေ အားရကျေနပ်စရာအဆင့်အထိ ရှိသွားစေတယ်။ ကင်မရာထိပ်မှာ တပ်ဆင်ထားတဲ့ Lighting kit လေးတွေလည်း အလွယ်တကူ ဝယ်ယူရရှိနိုင်ပါတယ်။

---

**လက်တို့အညွှန်း : Buying Lights**

Digital video camera တွေပေါ်မှာ တွဲဖက်တပ်ဆင်နိုင်တဲ့ external lighting kit တွေ ကင်မရာဆိုင်တိုင်းမှာလိုလို ရှိတယ်။ ဓာတ်ပုံရိုက် ကင်မရာမှာ တပ်ဆင်အသုံးပြုရတဲ့ ပုံစံအတိုင်း ဗီဒီယိုကင်မရာမှာ အသင့်တပ်ဆင်ယူနိုင်စေမယ့် kits တွေဖြစ်တယ်။

---

အလင်းပေးစနစ်မကောင်းရင် အရိပ်ကျတဲ့ပြဿနာရှိနိုင်တယ်။ ဒီအခါမှာ ပကတိရုပ်အသွင်အပြင်တွေပြောင်းပြီး ဗီဒီယိုရိုက်ချက်မှာ ထင်ဟပ်သွားစေတယ်။ အခန်းတွင်းအလင်းမှာ အဖြူရောင်တစ်မျိုးတည်းသာမက အလင်းထွက်ရာပစ္စည်းအလိုက် အဖြူရောင်အလင်းက ဖြာထွက်လာတဲ့အရောင်တွေ ရှိနိုင်တယ်။ ဒါကြောင့် ဓာတ်ပုံစတူဒီယိုတွေမှာ အသုံးပြုတဲ့ အလင်းပေးစနစ်တွေမှာ အတတ်နိုင်ဆုံး အရောင်ကွဲမပါလာစေတဲ့စနစ်တွေကို အသုံးချလာကြရတယ်။

## အသံပိုင်းဆိုင်ရာ စိစစ်မှု

Webcam နဲ့ camcorder အများစုမှာ တပ်ဆင်ပါရှိလာတဲ့ microphone ရဲ့ အရည်အသွေးက သိပ်မကောင်းလှပါ၊ အရည်အသွေးနိမ့်နိမ့်နဲ့ပဲ ဖမ်းယူပေးနိုင်တယ်။ တစ်ပြိုင်နက် အသံဖမ်းရာမှာbackground noise တွေ ပါလာနိုင်တယ်။ တင်ပြပြောဆိုလိုတဲ့ အသံအပေါ် အနှောင့်အယှက်တွေ ဖြစ်လာစေတယ်။ YouTube ပေါ်တင်ပို့ပြီး အများကို ကြည့်ရှုစေတဲ့အခါ မလိုလားအပ်တဲ့ အသံတွေက ဖော်ညွှန်းမှုအပေါ် လွှဲချော်သွားစေပါလိမ့်မယ်။ ဒီအတွက် ရိုက်ကူးချိန်မှာ ပန်ကာဖွင့်ထားတာမျိုး၊ ကော်ဖီစက်ဖွင့်တာမျိုး၊ ပရင်တာအသုံးပြုနေတာမျိုးမရှိစေအောင် ပတ်ဝန်းကျင်မှာရှိနေတဲ့ ကိရိယာတွေကို ပိတ်ရပ်ထားဖို့လိုတယ်။

ဒါ့အပြင် camcorder ပေါ်မှာ external microphone တပ်ဆင်အသုံးပြုသင့်တယ်။ အဆင့်မြင့် camcorder တွေကို ဝယ်ယူတဲ့အခါ external microphone jack ပါရှိလာတာကို တွေ့နိုင်တယ်။ External mic ကို အသုံးပြုခြင်းက internal mic ထက် အများကြီး အသံအရည်အသွေးကောင်းကောင်း ရသွားစေတယ်။

## နောက်ခံအနေအထား ကြည့်ရှုမှု

ရောင်းတမ်းဝင်ဗီဒီယိုတွေကို ကြည့်ရှုကြရတဲ့အခါ လိုရင်းအသံကလွဲလို့ တေးပတ်ဝန်းကျင်အသံတွေ ရောယှက်နေတာမျိုး တွေ့ရခဲပါတယ်။ အဓိကအချက်ကတော့ နောက်ခံပုံရိပ်နဲ့ နောက်ခံအသံတွေကို အသေအချာစောင့်ကြပ်ထိန်းသိမ်းကြလို့ဖြစ်တယ်။

ပုံသေထားရှိတဲ့ပစ္စည်းတွေအတွက်ဆိုရင်လည်း သပ်ရပ်မှု၊ သန့်စင်မှုကအစ စစ်ဆေးကြည့်ရှုဖို့ လိုတယ်။ တကယ်လို့ professional background မျိုးဖန်တီးနိုင်မယ်ဆိုရင် ပိုပြီးအဆင်ပြေနိုင်တယ်။သီးခြားဂရုစိုက်လိုတဲ့ အဆင်အပြင်မျိုး ဖန်တီးယူကြတာမျိုးလည်း ရှိတယ်။ ဥပမာအနေနဲ့ သက်ဆိုင်တဲ့ကုမ္ပဏီအမည်နဲ့ ကြော်ငြာဆိုင်းဘုတ်တွေကို ပြင်ဆင်ပြီး ရိုက်ကူးလေ့ရှိတာမျိုးကို ဆိုလိုတာဖြစ်တယ်။

## နေရာရွှေ့ရိုက်မှုကိစ္စ

YouTube videos တွေက တစ်နေရာတည်းမှာသာ ရိုက်ကူးယူထားတဲ့ ဗီဒီယိုချည်း မဟုတ်နိုင်ပါ။ Camcorder နဲ့ ရိုက်ကူးခြင်းက webcam နဲ့ ရိုက်ကူးခြင်းထက် အခွင့်အလမ်းသာတာက နေရာရွှေ့လျားပြီး လိုက်ရိုက်ကူးယူလို့ ရတာပဲဖြစ်တယ်။ Tripod နဲ့ တစ်နေရာမှာတည်ပြီး ရိုက်လို့မရတဲ့ ပြကွက်မျိုးကို ရွှေ့လျားပြီး ရိုက်ကူးတင်ဆက်ပေးတဲ့အခါ ပိုမိုစိတ်ဝင်စားသွားစေတယ်။

ဒါပေမဲ့ နေရာရွှေ့လျားပြီး ရိုက်ကူးမှု များလာတဲ့အခါ ကြည့်ရသူအတွက် ဗီဒီယိုအရည်အသွေး လျော့ကျသွားစေနိုင်တယ်။ အထူးသဖြင့် YouTube videos တွေကို web



browser တစ်ခုရဲ့ ဝင်းဒိုးလေးနဲ့ ကြည့်ရတာဖြစ်တဲ့အတွက် ပိုပြီးအရေးကြီးတယ်။ လှုပ်ရှားမှု အများဆုံးရှိတဲ့ အားကစားပွဲမျိုးကို ရိုက်ကူးယူတဲ့အခါ ပိုပြီး ဆိုးဝါးသွားစေနိုင်တယ်။ ဒီအတွက် ကင်မရာရွှေ့လျားမှု အနည်းဆုံးနဲ့ ရိုက်ကူးမှုသာweb ပေါ်မှာ မြင်တွေ့ရမယ့် ဗီဒီယိုအတွက် အဆင်ပြေစေနိုင်မယ်။

## ရှုထောင့် ခွဲခြားရိုက်ကူးမှု

ရှုထောင့်တစ်ခုတည်း ရိုက်ကူးထားတဲ့ ဗီဒီယိုထက် ရှုထောင့်အမျိုးမျိုးနဲ့ ရိုက်ကူးထားတဲ့ ဗီဒီယိုက ပိုပြီး ဆွဲဆောင်မှု ပြုနိုင်တယ်။ Multiple shots ရိုက်ကူးပြီး ပြန်ပြီး ဆက်ယူလိုက်ရင် ရှုထောင့်ခွဲခြား ရိုက်ကူးမှုအတွက် အဆင်ပြေသွားစေပါလိမ့်မယ်။ အမြန်ဆုံးနဲ့ အလွယ်ဆုံးနည်းကတော့ ရှုထောင့်နှစ်မျိုးနဲ့ ရိုက်ကူးပြီး ဆော့ဖ်ဝဲပရိုဂရမ်အသုံးချပြီး တည်းဖြတ်တင်ဆက်ပေးတာပဲဖြစ်တယ်။ တချို့ကတော့ camcorder နှစ်လုံးနဲ့ အသေထားပြီးမှ လိုအပ်သလို ပြန်ဆက်ယူတဲ့နည်းလမ်းကို သုံးကြတယ်။

## အနီးကပ် ရိုက်ကူးမှု

ရှုထောင့်ခွဲခြား ရိုက်ကူးယူနိုင်ရင် ကောင်းတယ်လို့ ပြောကြတဲ့နေရာမှာ အနီးကပ်ရိုက်ယူတဲ့ close-ups ကိုလည်း အသုံးချသင့်တယ်။ တစ်နည်းပြောရရင် zoom ကစားပြီး ရိုက်ကူးခြင်းကကြည့်ရှုသူရဲ့အာရုံကိုအပြည့်အဝ ဆွဲဆောင်မှုပြုစေတယ်။တစ်ခါတစ်ရံ ရိုက်ကူးပြီး တည်းဖြတ်တဲ့အခါမှသာ close ups ကို ဖြတ်ထည့်ယူကြတာမျိုးလည်း ရှိတယ်။

## အလယ်တည့်တည့်ထားပြီး ရိုက်ကူးမှု

ညွှန်းဆိုရိုက်ကူးလိုတဲ့အရာကို အလယ်တည့်တည့်ထားပြီး ပုံ ၁၃-၅ မှာလို ရိုက်ကူးယူမှုကို ရှောင်ရှားသင့်တယ်။ Compositional approach ကို ရယူတဲ့အနေနဲ့ နေရာအနေအထားကိုလည်း သတိပြုသင့်တယ်။ ကင်မရာသမားများအနေနဲ့ ဒီလိုလုပ်ကိုင်ပေးမှုကို Rule of Thirds လို့ ခေါ်ဆိုကြတယ်။ ပုံ ၁၃-၆ မှာ ပြထားတဲ့အတိုင်း စိတ်ကူးယဉ်မျဉ်းနဲ့ သုံးပိုင်းပိုင်းကြည့်နိုင်တယ်။

---

**လက်တွေ့အညွှန်း : Look Center**

ညွှန်းဆိုရိုက်ကူးလိုတဲ့အရာကို rule of thirds နည်းအတိုင်း ဒေါင်လိုက်စိတ်ကူးလိုင်းနဲ့ သုံးပိုင်းပိုင်း ရိုက်ကူးလိုက်ပြီးမှ အလယ်တည့်တည့်ဆီကို တဖြည်းဖြည်း ဆွဲယူရိုက်ကူးလို့ ရနိုင်ပါတယ်။

---



ပုံ ၁၃-၅ အလယ်တည့်တည့် အသေထား ရိုက်ကူးယူထားတဲ့အတွက် bad composition အနေအထားရှိနေပုံ



ပုံ ၁၃-၆ Rules of Thirds ကို အသုံးချပြီး composition ပိုကောင်းအောင် ရိုက်ကူးယူပုံ

## ရိုက်ကူးထားချက်ကို တည်းဖြတ်မှု

တည်းဖြတ်မှုဆိုတာကျွမ်းကျင်ပညာရှင်ရိုက်ကူးထားတဲ့ဗီဒီယိုကိုဖန်တီးနိုင်ခွင့်ရှိသွားစေတယ်။ တစ်နည်းပြောရရင် ရိုက်ကူးထားချက်တွေကို အစီအစဉ်တကျထားရှိပြီး အသင့်ကြည့်ရှုနိုင်မယ့် ဗီဒီယိုတစ်ခု ဖန်တီးယူရတာဖြစ်တယ်။ ရိုက်ကူးမှုကို မြန်မြန်ထက်ထက်ဆောင်ရွက်ယူရသလိုတည်းဖြတ်မှုကိုလည်းအတတ်နိုင်ဆုံးမြန်မြန်ဆောင်ရွက်လို့ရနိုင်ရင် ပိုကောင်းပါလိမ့်မယ်။



---

မှတ်ချက် : **Video Editing**

အနေအထားအမျိုးမျိုးနဲ့ ရိုက်ကူးထားချက်တွေကို အစီအစဉ်တကျ လိုအပ်သလို ဆက်ယူသလို စာတန်းထိုးပြနိုင်ဖို့ video editing ဆော့ဖ်ဝဲပရိုဂရမ်တွေကို အသုံးပြုနိုင်တယ်။

---

## လိုရင်းတိုရှင်းဖန်တီးမှု

YouTube videos တွေထဲမှာ ပါဝင်ခွင့် ရနိုင်ဖို့ ဗီဒီယိုတစ်ခု ပြင်ဆင်တဲ့နေရာမှာ ၁၀ မိနစ်စာ ပြသပေးတဲ့ ဗီဒီယိုရိုက်ချက်မျိုး ထပ်မပို့သင့်ပါ။ ဒီအတွက် ပြကွက်တွေက လိုရင်းတိုရှင်း ဖန်တီးယူနိုင်ဖို့ အရေးကြီးတယ်။ ကြည့်ရှုသူရဲ့အာရုံကို အချိန်တိုလေးနဲ့ ဆွဲဆောင်ယူရမှာ ဖြစ်တယ်။ များသောအားဖြင့် ၃ မိနစ်စာ တင်ဆက်မှုတွေက များပါတယ်။

## သင့်လျော်တဲ့ ဝတ်စားဆင်ယင်မှု

ရိုက်ကူးခံပုဂ္ဂိုလ်အနေနဲ့ သင့်လျော်တဲ့ ဝတ်စားဆင်ယင်မှု ရှိရပါမယ်။ ဒီနေရာမှာ ဘယ်လိုအဝတ်အစားမျိုးဆိုတာကိုတော့ အတိအကျပြောဖို့ခက်ပါလိမ့်မယ်။ ပတ်ဝန်းကျင်အနေအထားနဲ့ ဝိရောဓိဖြစ်စေမယ့် အရောင်မျိုးကိုလည်း ရှောင်ရှားရမှာဖြစ်တယ်။ အထူးသဖြင့် နောက်ခံအရောင်နဲ့ ရောထွေးနေစေတဲ့ပုံစံမဖြစ်ဖို့ အရေးကြီးတယ်။

## အခန်း ၁၃ အနှစ်ချုပ်

YouTube ပေါ် တင်ပို့မယ့် ဗီဒီယိုရိုက်ချက်တစ်ခုကို ဘယ်လိုပြင်ဆင်လုပ်ကိုင်ရမယ်ဆိုတာကို အသေးစိတ် သိခွင့်ရစေတယ်။

# အခန်း ၁၄
# ဗီဒီယိုတစ်ခုကို တင်ပို့ထားဖို့ ပြင်ဆင်ခြင်း

ကိုယ်တိုင်ရိုက်ကူးရရှိထားတဲ့ ဗီဒီယိုတစ်ခုကို ဘယ်လိုတည်းဖြတ် ယူနိုင်မလဲဆိုတာနဲ့ YouTube မှာ လက်ခံကျင့်သုံးတဲ့ format ကို ရစေဖို့ ဘယ်လိုပြောင်းယူနိုင်မလဲဆိုတာတွေကို စနစ်တကျ သိရှိထားကြရမှာ ဖြစ်တယ်။

## ဗီဒီယိုတည်းဖြတ်ခြင်း

ဗီဒီယိုကျွမ်းကျင်ပညာရှင် မဟုတ်ပေမဲ့ ကိုယ်ရိုက်ကူးရရှိထားတဲ့ ရိုက်ချက်လေးတွေကို YouTube ပေါ်ကို တင်ပို့ယူတဲ့အခါ ထိုက်သင့်တဲ့အရည်အချင်းလေးနဲ့ ဖြစ်နေစေလိုကြပါလိမ့်မယ်။ YouTube Videos ဆိုတာ အလွန်ဆုံး ၁၀ မိနစ်ကြာ ဗီဒီယိုပုံစံသာဖြစ် စေရမှာဖြစ်တဲ့အတွက်လည်း စိတ်မဝင်စားစရာအပိုင်းတွေကို ဖြတ်တောက်ပစ်ရမယ်။ ဒီလိုပဲ အလေးပေးတင်ပြလိုတာကို ပေါ်လွင်အောင်လည်း တည်းဖြတ်ဆက်စပ်ပေးရတယ်။ အားလုံးစိတ်တိုင်းကျဖြစ်ပြီဆိုတဲ့ အချိန်ရောက်ရင် YouTube က လက်ခံဆောင်ရွက်ပေးနိုင်မယ့် MPEG-4 file ပုံစံကို ပြောင်းပေးရသေးတယ်။ အနည်းဆုံးတော့ ခေါင်းစဉ်ထည့်တာတို့၊ onscreen graphics နဲ့ scene transitions တို့ အထူးပြုချက်တို့ပါ ထည့်သွင်းယူလိုကြပါလိမ့်မယ်။

ဒီလိုလုပ်ငန်းစဉ်တွေ လုပ်နိုင်ဖို့ ပါဝါအသင့်အတင့်ကောင်းတဲ့ ကွန်ပျူတာနဲ့ အသုံးချရာမှာ လွယ်ကူပြီး အံကျအသုံးပြုနိုင်မယ့် ဗီဒီယိုတည်းဖြတ်ရေးဆော့ဖ်ဝဲတော့ ရှိနေရမှာဖြစ်တယ်။

## ဗီဒီယိုတည်းဖြတ်ရေးပရိုဂရမ် ရွေးချယ်ခြင်း

သိပ်မကြာသေးခင်ကာလအထိ ဗီဒီယိုတစ်ခုကို တည်းဖြတ်ယူဖို့ဆိုတာ အသုံးပြုတဲ့ ကွန်ပျူတာကလည်း ဂရပ်ဖစ်အင်အားကောင်းရမှာဖြစ်သလို မြန်ဆန်သွက်လက်မှုလည်း လိုအပ်တယ်။ ဒီလိုပဲ ကြီးမားတဲ့ ဗီဒီယိုတည်းဖြတ်ရေး ပရိုဂရမ်ကြီးတွေကို အသုံးပြုမှသာ

လုပ်ကိုင်နိုင်စေတယ်။ ဒီနေ့အချိန်မှာတော့ အတော်အသင့် ပါဝါအင်အားရှိတဲ့ ကွန်ပျူတာလေးကို ဈေးနှုန်းချိုသာပြီး လုပ်ရကိုင်ရလွယ်ကူတဲ့ တည်းဖြတ်ရေးပရိုဂရမ်လေးတွေနဲ့ အသုံးချနိုင်ရင်ပင်၊ လိုအပ်တဲ့အခြေအနေတစ်ရပ်ကို ပိုင်ဆိုင်ခွင့်ရနိုင်ကြတယ်။ ဒီနေ့ခေတ်ပေါ် တည်းဖြတ်ရေးပရိုဂရမ်ဆော့ဖ်ဝဲတွေက ဖြတ်လိုတဲ့အပိုင်းဖြတ်ပြီး လိုသလို ပြန်ဆက်ယူနိုင်မယ့်အပြင် လှလှပပ အကူးအပြောင်းလေးတွေလည်း ဖန်တီးယူခွင့် ပေးလေ့ရှိတယ်။ ခေါင်းစဉ်စာတန်းထိုးတာတို့နောက်ခံတေးဂီတထည့်သွင်းတာတို့လည်းဆောင်ရွက်ယူနိုင်သေးတယ်။

ခေတ်ပေါ် ဗီဒီယိုတည်းဖြတ်ရေး ပရိုဂရမ်တော်တော်များများရှိနေပြီး တချို့ဆိုရင် အခမဲ့သုံးနိုင်တဲ့ အနေအထားရှိတယ်။ အခမဲ့ရနိုင်တဲ့ ပရိုဂရမ်လေးတွေထဲမှာ အောက်ပါနာမည်ကြီး ပရိုဂရမ်လေးတွေလည်း ပါဝင်တယ်။

- Macintosh စနစ်သုံး ကွန်ပျူတာများနှင့်အတူ အသင့်ပါဝင်လာတဲ့ Apple ရဲ့ iMovie ဆိုရင် အခမဲ့ထည့်သွင်းပေးလိုက်မယ့် iLife ဆော့ဖ်ဝဲပရိုဂရမ်ရဲ့ အစိတ်အပိုင်း တစ်ခုဖြစ်တယ်။
- Microsoft Windows Live Movie Maker ကို download.live.com ကနေ အခမဲ့ဆွဲချယူလို့ရတယ်။
- Microsoft Windows Movie Maker ကို Windows XP နဲ့ Windows Vista ထဲမှာ အသင့်ပါဝင်လာတဲ့အတွက် အခမဲ့အသုံးပြုနိုင်တယ်။

ဒေါ်လာ ၁၀၀ အောက် ဈေးနှုန်းနဲ့ရောင်းချပေးတဲ့ affordable program တွေထဲမှာ အောက်ပါပရိုဂရမ်တွေကို အသုံးပြုဖို့ အသင့်တော်ဆုံးဖြစ်တယ်။

- Adobe Premiere Elements ( ၉၉.၉၉ ဒေါ်လာ)
  (www.adobe.com/products/premierel)
- ArcSoft ShowBig DVD ( ၉၉.၉၉ ဒေါ်လာ)
  (www.arcsoft .com/en/products/showbiz/)
- CyberLink PowerDirector (၅၄.၉၂ ဒေါ်လာ)
  (www.cyberlink.com)
- MoviePlus (၇၉.၉၉ ဒေါ်လာ)
  (www.serif.com/movieplus/)
- Nero Ultra Edition (၉၉.၉၉ ဒေါ်လာ)
  (www.nero.com)
- Pinnacle Studio (၄၉.၉၉ ဒေါ်လာ)
  (www.pinnaclesys.com)



- Pinnacle Studio Plus (၇၉.၉၉ ဒေါ်လာ)
  (www.pinnaclesys. com)
- Roxio MyDVD Video Lab (၄၉.၉၉ ဒေါ်လာ)
  (www.roxio.com)
- Sony Vegas Movie Studio ( ၅၄.၉၅ ဒေါ်လာ)
  (www.sonycreativesoftware.com/products/vegas family.asp)
- Ulead VideoStudio X2 (၉၉.၉၉ ဒေါ်လာ)
  (www.ulead.com/vs/)

---

မှတ်ချက် : **Prices**

ဖော်ပြပါရှိတဲ့ ဈေးနှုန်းတွေက ၂၀၀၉ ခုနှစ် ဇွန်လမှာ ကောက်ခံရရှိတဲ့ ဈေးနှုန်းဖြစ်တယ်။ အခုအချိန်မှာ ဒီထက်လျော့နည်းတဲ့ဈေးနှုန်းနဲ့ ရောင်းနေစရာအကြောင်း ရှိတယ်။

---

အသုံးပြုသူ အများစုကတော့ free programs တွေနဲ့ affordable program တွေကိုပဲ အသုံးပြုကြတယ်။ ဒါပေမဲ့ ဘတ်ဂျက်တွက်ချက်စရာမလိုဘဲ အကောင်းကြိုက်သူတွေအတွက်လည်း အလွန်ကောင်းမွန်တဲ့ ဗီဒီယိုတည်းဖြတ်ရေး ပရိုဂရမ်များကို သုံးနိုင်ကြတယ်။ ဒေါ်လာ ၅၀၀ ဝန်းကျင်လောက်အထိ အသုံးပြုနိုင်သူတွေအတွက် အောက်ပါပရိုဂရမ်လေးတွေက အသင့်တော်ဆုံး ဖြစ်တယ်။

- Apple Final Cut Express (၁၉၉ ဒေါ်လာ)
  (www.apple.com/ final cutexpress/)
- Sony Vegas Pro (၅၉၉.၉၅ ဒေါ်လာ)
  (www.sonycreative software.com/ products/vegasfamily.asp)
- Ulead MediaStudio Pro (၃၉၉. ၉၉ ဒေါ်လာ)
  (www.ulead.com/msp/)


တကယ့်ကို professional အရည်အသွေးမျိုး ရယူလိုတယ်။ ငွေကြေးတွက်ချက်စရာမလိုအပ်သူတွေအတွက် အောက်ပါပရိုဂရမ်တွေက ထိုက်ထိုက်တန်တန် အသုံးချနိုင်မှာဖြစ်တယ်။

- Adobe Premiere Pro CS (၇၉၉ ဒေါ်လာ)
  (www.adobe.com/products/premiere/)
- Apple Final Cut Studio (၁၂၉၉ ဒေါ်လာ)
  (www.apple.com/ finalcutstudio/)

## ဗီဒီယိုတည်းဖြတ်ရေး ပရိုဂရမ်ကို အသုံးပြုခြင်း

အခမဲ့ရတဲ့ ပရိုဂရမ်ကိုသုံးသုံး၊ ဝေါင်ကျော်တန် ပရိုဂရမ်ကိုသုံးသုံး အသုံးပြုသူတွေအနေနဲ့ လုပ်ကိုင်ရမယ့် လုပ်ငန်းစဉ်တွေကတော့ အတူတူပင် ဖြစ်ကြပါလိမ့်မယ်။ ရိုက်ချက်တွေကို ဖြတ်တောက်ပြီး ပြန်ဆက်ယူကြမယ်၊ ခေါင်းစီးစာတန်းတွေ ထိုးမယ်၊ မြင်ကွင်းအကူးအပြောင်းကို လှလှပပဖန်တီးတယ်။ လိုအပ်ရင် အထူးပြုချက်တွေပါ လုပ်မယ်။ အသုံးချတဲ့ ပရိုဂရမ်ပေါ်မူတည်ပြီး ခွင့်ပြုမယ်ဆိုရင် မူလအသံတွေကိုဖျောက်ပြီး ထည့်သွင်းယူလိုတဲ့ အသံတွေကို ကြည်ကြည်မြမြ ထည့်သွင်းယူပါလိမ့်ဦးမယ်။

ဘယ်လိုပဲဖြစ်ဖြစ် မဖြစ်မနေလုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်တွေကို အဆင့်လိုက် ဘယ်လိုအကောင်အထည်ဖော်ယူမလဲဆိုတာက အရေးကြီးပါတယ်။ Timeline ပုံစံကို ပုံ ၁၄-၁ မှာ ပြထားသလို အတူတကွ မြင်တွေ့ရတဲ့ အနေအထားနဲ့ လုပ်ကိုင်ခွင့် ရနိုင်တယ်။ Clips တစ်ခုနှင့်တစ်ခုအကြား fades နဲ့ wipes ဆိုတဲ့ အမှိန်အလင်းပုံစံကိုလည်း တစ်ခါတည်း ဖန်ဆင်းယူနိုင်တယ်။



ပုံ ၁၄-၁ Sony Vegas Movie Studio လို ပရိုဂရမ်ကို အသုံးချပြီး video clips အမျိုးမျိုးကို storyboard တစ်ခုထဲဝင်စေဖို့ စီစဉ်ပုံ။

ပြင်ဆင်တည်းဖြတ်ပြီးမှ YouTube ပေါ်ကို တင်ပို့ခဲ့တဲ့အတွက် မပြုမပြင်ဘဲ ရိုက်ကူးထားချက်ထက် ကြည့်ရှုသူအတွက် စိတ်ဝင်စားစရာ ဖြစ်စေတယ်။ ခေါင်းစီးစာတန်းရှိမှလည်း ဗီဒီယိုအပေါ် ညွှန်းဆိုလို့ ရနိုင်မယ်။ ဂရပ်ဖစ်သင်္ကေတလေးတွေပါ ထည့်ပေးနိုင်ရင် ပိုပြီး ဆွဲဆောင်မှု ပြုနိုင်မယ်။ နောက်ခံတေးဂီတ ဒါမှမဟုတ် တင်ပြမှု ပြောဆိုချက်ထည့်ပေး



လိုက်ရင် သဘာဝကို ပိုပြီး ပေါ်လွင်စေမယ်။ ဒီလိုဖန်တီးဖြည့်ဆည်းမှုတွေအတွက် တည်းဖြတ်ရေးပရိုဂရမ် ကောင်းရင်ကောင်းသလို ဖန်တီးယူလို့ရတယ်။ နောက်ဆုံး ဖန်တီးချက်တွေ ပြီးသွားတဲ့အခါ ဗီဒီယို file လေးတစ်ခုအဖြစ် ရှိသွားစေရမှာ ဖြစ်တယ်။

---

မှတ်ချက် : Creating the Video

နောက်ဆုံးအပြီးသတ် ဗီဒီယိုတစ်ခုဖြစ်လာတဲ့အထိ ဖန်တီးတဲ့ လုပ်ငန်းစဉ်တွေကို processing, publishing, rendering လုပ်ငန်းစဉ်တွေလို့ ခေါ်ဆိုကြတယ်။

---

ဗီဒီယိုတည်းဖြတ်ရေးဆော့ဖ်ဝဲကို လည်ပတ်ဆောင်ရွက်ပေးမယ့် အတော်အသင့်ပါဝါရှိတဲ့ ကွန်ပျူတာတစ်လုံးရှိနေဖို့ လိုအပ်ပြန်ပြီး ဗီဒီယိုတည်းဖြတ်ရေးလုပ်ကိုင်နိုင်ဖို့ အသုံးချတဲ့ ပရိုဂရမ်ကို အင်အားတောင်းဆိုမှု ဒုတိယ အများဆုံး ပရိုဂရမ်ဖြစ်တယ်။ ပထမအများဆုံးတောင်းဆိုမှုကတော့ ဂိမ်းကစားမှုဆိုတာတော့ အထူးရှင်းပြစရာ လိုအပ်လိမ့်မယ် မဟုတ်ပါဘူး။ Processing power တို့၊ memory ပမာဏတို့၊ hard disk ရဲ့ သိုမှီးနိုင်မယ့် ပမာဏတို့ ရှိနေရလိမ့်မယ်။ သိပ်ဟောင်းနေတဲ့ ပီစီတွေနဲ့ ဈေးနှုန်းအချိုသာဆုံး ပီစီတွေအနေနဲ့ ဒီလိုဝန်မျိုးကို ထမ်းဆောင်နိုင်မှာ မဟုတ်ပေ။

ဒီလိုဆိုရင် ဘယ်လိုပီစီပါဝါမျိုးနဲ့ ဗီဒီယိုတည်းဖြတ်မှု လုပ်ငန်းစဉ်တွေကို လုပ်ကိုင်နိုင်မလဲဆိုတာ မေးစရာ ဖြစ်လာတယ်။ တကယ်လို့ မိမိအသုံးပြုမယ့်ကွန်ပျူတာက Apple ကွန်ပျူတာဖြစ်နေရင် Mac Pro ထက်ကောင်းတဲ့ ဆော့ဖ်ဝဲပရိုဂရမ်မရှိတော့ပေ။ အခက်အခဲ လုံးဝမရှိစေဘဲ fancy video editing လုပ်ငန်းတွေကို လုပ်ကိုင်ယူနိုင်တယ်။ Windows စနစ်သုံး ပီစီကွန်ပျူတာတွေ အနေနဲ့ကတော့ ရွေးချယ်စရာအခွင့်အလမ်း တစ်ပုံတစ်ပင် ရှိနေတယ်။

Windows စနစ်သုံး ပီစီကွန်ပျူတာတွေထဲမှာ quad-core machine လို့ ခေါ်တဲ့ quad-core processor တပ်ဆင်ထားတဲ့ အဆင့်ဆိုရင်ပင် အကောင်းဆုံး အဆင့်ဝင်ဖြစ်နေစေပါတယ်။ Windows 64 bits operating system ပင် လည်ပတ် ဆောင်ရွက်လို့ရနိုင်တယ်။ အကောင်းဆုံး တည်းဖြတ်ရေး ပရိုဂရမ်အနေနဲ့ memory တောင်းဆိုမှု 4 GB ရှိတယ်။ hard disk ပိုင်းမှာတော့ ဝင်ဆံ့မှုပမာဏများလေ ဗီဒီယိုတည်းဖြတ်မှုအတွက် အခွင့်အလမ်းသာလေ ဖြစ်တယ်။ တကယ်လို့များ ဝင်ဆံ့မှုပမာဏကြီးမားတဲ့ external hard disk ကို အသုံးပြုနိုင်ရင် အကောင်းတကာ့ အကောင်းဆုံးလို့ ပြောရမှာ ဖြစ်တယ်။ ဆက်သွယ်ဆောင်ရွက်မှု နည်းစနစ်အတွက် USB ထက် fire Wire က ပိုပြီးမြန်ဆန်သွက်လက်စေတယ်။ ဥပမာအနေနဲ့ 5:1 compression လုပ်ထားတဲ့ standard definition video အနေနဲ့ တစ်စက္ကန့် ရိုက်ချက်အတွက် 3.6 MB ပမာဏသိမ်းထားရမှာ

**လက်တို့အညွှန်း : Hard Disk Space**

ဟာ့ဒ်ဒစ်လိုအပ်ချက်ပမာဏကို တွက်ချက်ရာမှာ "raw" video ရှိနေတဲ့ ပမာဏကို အခြေခံပြီး တွက်ချက်ယူရပါလိမ့်မယ်။ နောက်ဆုံးထွက်လာမယ့် အချောသတ် ဗီဒီယိုရဲ့ ပမာဏနဲ့ မသက်ဆိုင်ပါ။ နောက်ဆုံးအချောသတ်ဗီဒီယိုနဲ့ အကြမ်းထည်ရိုက်ကူးထားတဲ့ ဗီဒီယိုပမာဏ ၁၀ ဆလောက် ကွာခြားနေမှာဖြစ်တယ်။

---

ဖြစ်တယ်။ ဒီအတွက် တစ်နာရီစာဗီဒီယိုဆိုရင် 13 GB လောက် ရှိသွားလိမ့်မယ်။ ဒီအတွက် အကြီးစား ဗီဒီယိုတည်းဖြတ်မှုလုပ်ငန်းတွေမှာ 1TB drive ကိုပင် ရွေးချယ်ယူရတော့တယ်။

အသေချာဆုံးကတော့ USB connection တစ်ခုရှိဖို့လိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒစ်ဂျစ်တယ်ဗီဒီယိုကင်မရာ အများစုက USB connection ကို အသုံးပြုကြရလို့ ဖြစ်တယ်။ Fire wire အသုံးပြုခွင့်ပေးထားတဲ့ ကင်မရာတွေအတွက် fire wire connnection တစ်ခုလည်း ရှိနေရပါလိမ့်မယ်။

နောက်ဆုံး စဉ်းစားရွေးချယ်စရာက မော်နီတာအမျိုးအစားဖြစ်တယ်။ ထောင့်ဖြတ်အတိုင်းအတာ ၂၀ လက်မရှိတဲ့ widescreen display ကို သုံးရလိမ့်မယ်။ ဒီလိုဆိုလိုက်တဲ့အခါ YouTube videos လေးမှာသုံးမယ့် မြင်ကွင်းသေးသေးလေးအတွက် ဒီလောက်ကြီးတဲ့ display ကြီး လိုအပ်လို့လားလို့ မေးစရာရှိပါလိမ့်မယ်။ အကောင်းဆုံး ဗီဒီယိုတည်းဖြတ်မှုအတွက် လိုအပ်တဲ့ တောင်းဆိုမှုတွေသာဖြစ်တယ်။ တချို့က You Tube videos လေးကို မြင်ကွင်းကြီးကြီးနဲ့ ကြည့်လိုကြတယ်။ ဒီအခါမှာ အကောင်းဆုံး ပြင်ဆင်ထားမှုနဲ့ အတော်အသင့် ပြင်ဆင်ထားမှု ကွာခြားချက်တွေ ရှိလာနိုင်တယ်။ ဒီအတွက် 1280 x 720 HD resolution ကို မျှော်မှန်းဆောင်ရွက်ယူကြလေ့ရှိတယ်။

ကွန်ပျူတာရွေးချယ်မှုအပိုင်းကို အမြင့်ဆုံးအနေအထားနဲ့ လုပ်ကိုင်နိုင်ပုံကို တင်ပြပေးထားပေမဲ့ အတော်အသင့် ဗီဒီယိုတွေကို အတော်အသင့်အင်အားနဲ့ ဖန်တီးယူလို့ ရနိုင်တာတွေလည်း ရှိပါတယ်။ ဗီဒီယိုတည်းဖြတ်နိုင်တဲ့အဆင့်ကို လုပ်ပေးနိုင်မယ့် ကွန်ပျူတာတွေကို ဒေါ်လာ ၁၀၀၀ အောက်တန်းမှာ အများအပြားရှိနေပါတယ်။ အနိမ့်ဆုံးအဆင့်ဆိုရင်တော့ ဒေါ်လာ ၈၀၀ ဝန်းကျင်လောက် ရှိနေပါလိမ့်မယ်။

## Video File Formats များကို နားလည်ခြင်း

YouTube video တစ်ခုကို မဖန်တီးမီ ဘယ်လို file format နဲ့ သိမ်းထားသင့်သလဲဆိုတာ စဉ်းစားဖို့ လိုတယ်။ File format အမျိုးမျိုးရှိနေတယ်။ တစ်မျိုးစီမှာ အားသာချက် ရှိသလို ကန့်သတ်ချက်တွေလည်း ရှိနိုင်တယ်။



### AVI

Audio/ Video Interface format ကို ယေဘုယျအားဖြင့် AVI လို့ သိထားကြတယ်။ Windows စနစ်သာ အသုံးပြုနိုင်တဲ့ format ပုံစံဟောင်းတစ်ခုဖြစ်တယ်။ Container format တစ်ခုအဖြစ်လည်း နားလည်ထားနိုင်တယ်။ ဗီဒီယိုမှာရှိတဲ့ ပါဝင်ချက်တွေအကြောင်း metadata နဲ့ ပေါင်းစပ်ထားပြီး မတူညီတဲ့ formats တော်တော်များများမှာ encode လုပ်ယူနိုင်တဲ့အနေအထားမျိုးထည့်ပေးထားလို့ container format လို့ခေါ်ဆိုတာဖြစ်တယ်။

---

**အဓိပ္ပာယ်ဖွင့်ဆိုချက် : Container Format**

File တစ်ခုအတွင်း မတူညီတဲ့ data အမျိုးအစားတွေကို သိမ်းထားပေးနိုင်တဲ့ file format တစ်ခု ဖြစ်တယ်။ AVI နဲ့ RealVideo format တွေဆိုရင် audio နဲ့ video တွေအတွက်သာမက chapter information တို့ subtitles တို့လို အရင်းအမြစ်တွေအတွက် ထားရှိမယ့် metadata တွေကိုလည်း ပါဝင်မှု ရှိနေစေတယ်။

---

### Digital Video (DV)

Digital Video (DV) format ကို ဒစ်ဂျစ်တယ် ဗီဒီယိုကင်မရာ အများစုက အသုံးချကြတယ်။ အထူးသဖြင့် Mini DV casettes အမျိုးအစားမှာ သုံးလေ့သုံးထရှိတယ်။ Files အရွယ်အစားသေးသေးနဲ့ မဖန်တီးနိုင်ပေမဲ့ အပျက်အစီးလွယ်တဲ့ format တစ်ခုဖြစ်တယ်။

DV format video တွေက သမားရိုးကျ ပုံစံအားဖြင့် AVI ဒါမှမဟုတ် QuickTime File တွေလို container file format တချို့ ပါလာတတ်တယ်။ ဗီဒီယိုရိုက်ကူးမှုအတွက် တစ်စက္ကန့်ကို ရိုက်ချက်ဘောင် ၃၀ နှုန်းထားနဲ့ စံပြုပေးလေ့ရှိတယ်။ ဘောင်တစ်ခုချင်းကို တည်းဖြတ်ယူနိုင်စေမယ့် အခြေခံ စံပြုချက်ရှိတယ်။

---

**အဓိပ္ပာယ်ဖွင့်ဆိုချက် : Lossy Compression**

Video compression technology file အရွယ်အစားသေးငယ်စေဖို့ အရည်အသွေးလျှော့ချယူတဲ့ နည်းလမ်းတချို့ရှိတယ်။ ဒီအတွက် lossy compresion နဲ့ လုပ်ကိုင်ခဲ့ရင် အရည်အသွေးလျော့ကျမှု မရှိပေ။ ဒါပေမဲ့ files အရွယ်အစားတွေ ကြီးနေပါလိမ့်မယ်။

---

## Flash Video (FLV)

အားလုံးကို ထုတ်လွှင့်ပေးမယ့် ဗီဒီယိုတွေအတွက် You Tube က အသုံးချလေ့ရှိတဲ့ file format ဖြစ်တယ်။ Flash vedio format (FLV) ကို Adobe Flash Player နဲ့ ကြည့်ရှုရတယ်။ FLV files တွေမှာ video file သာမက ခေါင်းစီးအတိုအညွှန်းတွေနဲ့ metadata တွေလည်း ပါဝင်တယ်။ Interleaved format တစ်ခုအတွင်းမှာ ဗီဒီယိုကိုယ်တိုင်က en-code လုပ်သွားစေတယ်။

## H-264

H.264 format ဆိုတာ MPEG-4 format ရဲ့ မူကွဲလေးဖြစ်တယ်။ Advanced Video Coding အနေနဲ့လည်း သိထားကြတယ်။ HDTV ရုပ်သံလွှင့်ချက်တို့၊ Blu-ray ချပ်ပြားတို့မှာ ရှိတဲ့ high-definition အရည်အသွေးတွေနဲ့ ရောယှက်အသုံးပြုလို့ အသင့်တော်ဆုံး ဖြစ်တယ်။ ဒါပေမဲ့ bit rates အနိမ့်ဆုံးနဲ့ ပြုစုပေးနိုင်တဲ့အတွက် file အရွယ်အစားသေးသေးလေးနဲ့ ရနိုင်ခွင့်ရှိတယ်။ အလွန်အရေးပါတဲ့ အကျိုးဆက်တစ်ခု ဖြစ်တယ်။ H.264 format ကို YouTube videos အားလုံးအတွက် အသုံးချလေ့ရှိကြသလို Apple ရဲ့ iTune Store မှာရှိတဲ့ ဗီဒီယိုတွေမှာလည်း အသုံးချကြတယ်။

## MPEG

ဒီနေ့ခေတ်ပိုင်းမှာ MPEG format က ပေါ်ပြူလာအဖြစ်ဆုံးလို့ ပြောနိုင်တယ်။ MPEG format မှာလည်း MPEG-1, MPEG-2, MPEG-4 ဆိုပြီး အမျိုးအစား ကွဲပြားထားရှိသေးတယ်။ Audio ပိုင်း၊ video ပိုင်းနှစ်မျိုးလုံးရဲ့ အရည်အသွေးကောင်းကောင်းနဲ့ ပိုပြီးမြင့်မားတဲ့ compression rates တွေ ရယူနိုင်တယ်။ File အရွယ်အစားသေးသေးနဲ့ အရည်အသွေး ကောင်းကောင်း အလိုရှိသူတိုင်း သုံးကြတယ်။

---

**အဓိပ္ပာယ်ဖွင့်ဆိုချက် : MPEG**

Moving Pictures Expert Group ဆိုတဲ့ ကော်မတီတစ်ခုက နိုင်ငံတကာသုံး စံချိန်စံနှုန်းအဖြစ် သတ်မှတ်ထားပေးတဲ့ digital encoding ပုံစံပြုချက်ဖြစ်တယ်။

---

MPEG formats ကွဲပြားမှုကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင်-

- **MPEG - 1 :** မူလပထမ MPEG format ဖြစ်ပြီး လက်ရှိ Video CD (VCD) format အနေနဲ့ အသုံးပြုနေကြဆဲဖြစ်တယ်။ အချို့ digital camcorderတွေမှာလည်း အသုံးပြု နေဆဲရှိတယ်။ အရွယ်အစားသေးငယ်တဲ့ file ကိုရနိုင်ပြီး တခြား video



format ပြောင်းလဲယူဖို့ လွယ်ကူတယ်။ အရည်အသွေးပိုင်းကြည့်မယ်ဆိုရင်တော့ VHS အဆင့်ပဲ ရှိပါတယ်။ အင်တာနက်ပေါ်မှာ အခါအားလျော်စွာ MPEG-1 ကို အသုံးပြုတာတွေ ရှိတတ်တယ်။
- **MPEG - 2 :** MPEG အတွက် နောက်ထပ်ထွက်လာတဲ့ စံပြုချက်တစ်ခု ဖြစ်တယ်။ MPEG-1 ထက် အရည်အသွေးမြင့်မားတဲ့ audio/video တွေကို ရနိုင်တယ်။ အရွယ်အစား ပမာဏအတူတူနှင့် MPEG-1 ထက် အရည်အသွေးကောင်းကောင်း ရယူနိုင်တဲ့ format လို့ ပြောရမှာ ဖြစ်တယ်။ ရောင်းတမ်းဝင် ဒီဗီဒီချပ်ပြားတွေ ဂြိုဟ်တု၊ ရုပ်သံလွှင့်ချက်တွေ၊ Tivo နဲ့ အခြားအမှတ်တံဆိပ်ပါ digital video recorder တွေနဲ့ တချို့ရုပ်မြင်သံကြား အသုံးချဗီဒီယိုတွေမှာ အသုံးများပါတယ်။
- **MPEG - 4 :** နောက်ဆုံးထုတ် MPEG standard လို့ ပြောရမှာ ဖြစ်တယ်။ အင်တာနက်အတွင်းသုံးတဲ့ video တွေနဲ့ HD video တွေအတွက် ဒီဇိုင်းလုပ်ထားတာဖြစ်တယ်။ Coding efficiency ပိုကောင်းပြီး file အရွယ်အစားသေးသေးနဲ့ အရည်အသွေးမြင့်မြင့် ဗီဒီယိုကို ရနိုင်တယ်။ Streaming Internet Videos တွေ၊ broadcast HDTVတွေ၊ digital satellite systems တချို့နဲ့ နောက်ပိုင်းထုတ် digital camcorders တော်တော်များများမှာ အသုံးပြုကြတယ်။

---

**မှတ်ချက် : MPEG-3**

MPEG format တွေထဲမှာ MPEG- 3 ဆိုတာ မတွေ့ရတဲ့အတွက် အံ့သြစရာ ဖြစ်နေပါလိမ့်မယ်။ မူလက MPEG- 2 ကို ချဲ့ထွင်လုပ်ကိုင်ဖို့ လျာထားပြီး ချန်လုပ်ခဲ့တာဖြစ်တယ်။ ဒါပေမဲ့ သီးခြားထွက်မလာဘဲ အဆင့်မြင့်တဲ့ MPEG- 4 ကိုပဲ အသုံးပြုစေခဲ့တယ်။

---

## QuickTime Movie (MOV)

Apple ရဲ့ QuickTime media player နဲ့ အသုံးပြုဖို့အတွက် လိုက်လျောညီထွေဖြစ်စေမယ့် QuickTime Movie (MOV) format ကို Apple က ထုတ်ခဲ့တာဖြစ်တယ်။ Mac OS နဲ့ဖြစ်ဖြစ်၊ Windows OS နဲ့ဖြစ်ဖြစ် လုပ်ကိုင်ဆောင်ရွက်နိုင်တယ်။

## Windows Media Video (WMV)

Microsoft က လိုက်လျောညီထွေဖြစ်စေမယ့် video format တစ်ခုအနေနဲ့ Windows Media Video (WMV) format ကို ထုတ်လုပ်ပြီး Windows media Player တွေနဲ့ အသုံးပြုစေခဲ့တာဖြစ်တယ်။ Microsoft ရဲ့ အဆိုအရ MPEG-4 ထက် အရည်အသွေး နှစ်ဆကောင်းတယ်လို့ ဆိုတယ်။ ဒါပေမဲ့ files အရွယ်အစားတော့ ပိုကြီးစေတယ်။

## ဗီဒီယိုကို YouTube ပေါ် တင်ပို့ဖို့အတွက် ညှိနှိုင်းဆောင်ရွက်ခြင်း

YouTube ပေါ်ကို upload လုပ်ယူဖို့ ရွေးချယ်စရာ နည်းလမ်းတော်တော်များများ ရှိတယ်။

## File Format ရွေးချယ်ခြင်း

YouTube အနေနဲ့ H.264 compression ကို အသုံးချပြီး Flash Video format နဲ့ ပြုလုပ်ထားတဲ့ ဗီဒီယိုတွေကို သိမ်းထားပြီး ကြည့်လိုသူတိုင်းကို ထုတ်ပေးလေ့ရှိတယ်။ အသုံးပြုသူတွေအနေနဲ့ upload လုပ်တဲ့အခါ AVI, Flash (FLV), MPEG-4 (MPG), QuickTime (MOV), Windows Media Video (WMV) file format တွေထဲက ကြိုက်ရာကို ရွေးချယ်တင်ပို့ပေးနိုင်တယ်။ ဆဲလ်ဖုန်းကိုအသုံးပြုပြီး 3GP ဒါမှမဟုတ် MP4 formats တွေနဲ့လည်း တင်ပို့ပေးနိုင်ပါသေးတယ်။ မိမိဗီဒီယို file တွေကို upload လုပ်လိုက်တာနဲ့ တစ်ပြိုင်နက်အလိုအလျောက် FLV files အဖြစ် YouTube က ပြောင်းယူမှာ ဖြစ်တယ်။

## Resolution ရွေးချယ်ခြင်း

File format က အရေးကြီးတာမဟုတ်ပေ။ Resolution နဲ့ fram rate ကလည်း အရေးပါလှပါတယ်။

- သမားရိုးကျ 4:3 aspect ratio နဲ့ standard resolution ကို အသုံးချရိုက်ထားတဲ့ ဗီဒီယိုမှာ 640 x 480 resolution ရှိတယ်။ ဒါကို YouTube အနေနဲ့ high quality လို့ ခေါ်ဆိုတယ်။
- aspect ratio က 16:9 ဖြစ်ပြီး standard resolution ကို အသုံးချထားတဲ့ ဗီဒီယိုဆိုရင် 720 x 480 resolution ရှိနေပါလိမ့်မယ်။
- high-definition camcorder တစ်ခုကို အသုံးချပြီး ရိုက်ကူးထားတဲ့ ဗီဒီယိုမှာ 1280 x 720 resolution ရှိနေပါလိမ့်မယ်။ YouTube ရဲ့ high-definition format နဲ့ အံကျ ဖြစ်တယ်။

## အခြားချိန်ညှိမှုများ

တခြား setting များကိုလည်း ဗီဒီယိုနဲ့ ပတ်သက်ပြီး ချိန်ညှိစရာ ရှိနေပါသေးတယ်။

- **Length :** YouTube အနေနဲ့ ၁၀ မိနစ်စာ ဗီဒီယိုအတိုင်းအတာထက် ပိုတာကို လက်ခံခြင်း မရှိပေ။



- **File size :** ပြုစုထားတဲ့ ဗီဒီယိုကို upload လုပ်ရာမှာ 100MB ထက် ပိုလို့မရပေ။
- **Audio :** ဗီဒီယိုတည်းဖြတ်ရေး ပရိုဂရမ်အများစုက audio Conversion ကို အလိုအလျောက် ကိုင်တွယ်ဖြေရှင်းပေးနိုင်တယ်။ ကိုယ်တိုင်ရွေးချယ်ရမယ့်ဆိုရင်တော့ MP3 format audio ကိုသာ ရွေးချယ်သင့်တယ်။
- **Frame rate :** Frame rate နဲ့ ပတ်သက်ရင် ရိုက်ကူးယူတဲ့ ကင်မရာရဲ့ native frame rate ကိုပဲ ရွေးချယ်တာ အသင့်တော်ဆုံး ဖြစ်နေစေတယ်။ သမားရိုးကျပုံစံအရ 30FPS (Frame per second) rates နဲ့ချည်း ရွေးချယ်စရာ မလိုပေ။

## အခန်း ၁၄ အနှစ်ချုပ်

ရိုက်ကူးရယူထားတဲ့ ဗီဒီယိုရိုက်ချက်ကို ဘယ်လိုတည်းဖြတ်ယူပြီး ဘယ်လို upload လုပ်ယူရတယ်ဆိုတာကို သိခွင့်ရစေတယ်။

အခန်း ၁၅

# YouTube ပေါ်ကို ဗီဒီယိုတစ်ခု တင်ပို့ခြင်း

ကိုယ်တိုင်ဗီဒီယိုရိုက်ချက်တစ်ခုကို ရယူပြီး တည်းဖြတ်ပြင်ဆင်ပြီးတဲ့အခါ YouTube site ကို ဘယ်လို upload လုပ်ယူကြမယ်ဆိုတာ သိရှိဖို့ လိုလာတယ်။

## ပီစီကွန်ပျူတာမှ ဗီဒီယိုတစ်ခုကို တင်ပို့ခြင်း

ကွန်ပျူတာရဲ့ ဟာဒ့်ဒရိုက်ထဲမှာ ဗီဒီယိုရိုက်ချက်တွေကို file တွေအနေနဲ့ သိမ်းဆည်းထည့်ထားလေ့ရှိကြတယ်။ ဒီလိုကွန်ပျူတာထဲမှာရှိနေပြီး ဗီဒီယိုတွေကိုမှ အများစုက YouTube ပေါ်ကို တင်ပို့ဖို့ ကြိုးစားယူကြလေ့ရှိတယ်။

Video file တစ်ခုကို upload လုပ်ယူတဲ့နေရာမှာ YouTube က လက်ခံကျင့်သုံးတဲ့ format တစ်ခုတော့ ဖြစ်နေရပါလိမ့်မယ်။ ဗီဒီယိုရဲ့ အရှောသတ်ပြကွက် အတိုင်းအတာက ၁၀ မိနစ်ထက် မပိုရသလို file size အနေနဲ့ 100MB ထက် မပိုရပေ။ ဒီလိုကန့်သတ်ချက်ဘောင်အတွင်းမှာရှိနေပြီဆိုရင် upload လုပ်ယူလို့ရပါပြီ။

---

**မှတ်ချက် : Video Formats**

YouTube က လက်ခံကျင့်သုံးတဲ့ format တွေနဲ့ပတ်သက်လို့ အခန်း ၁၄ "တင်ပို့နိုင်မယ့် ဗီဒီယိုတစ်ခုကို ပြင်ဆင်ခြင်း" ခေါင်းစဉ်နဲ့ ဖော်ပြထားခဲ့ပြီး ဖြစ်တယ်။

---

ဗီဒီယိုတစ်ခုကို တင်ပို့ယူတဲ့အခါ အောက်ပါလုပ်ငန်းစဉ်အဆင့်တွေနဲ့ ဆောင်ရွက်နိုင်တယ်။

(၁) YouTube page တစ်နေရာရာကနေ page ရဲ့ အပေါ်ထဲမှာရှိနေတဲ့ upload button ကို ကလစ်လုပ်ပြီး တင်ပို့မယ့်ဗီဒီယို file ကို ရွေးပေးပါ။

(၂) တင်ပို့မယ့်ဗီဒီယို file ရဲ့ page ပေါ်လာတဲ့အခါ upload video button ကို ကလစ်လုပ်ရပါမယ်။

(၃) Dialog box ထွက်လာရင် တင်ပို့မယ့် file ကို ရွေးပြလိုက်ပြီး open button ကို ကလစ်ထင်လုပ်ပါ။

(၄) ပုံ ၁၅-၁ မှာ ပြထားသလို video upload လုပ်နေစဉ်အတွင်း information ထည့်ဖို့ prompted လုပ်ပြနေမှာဖြစ်တယ်။ Title box ထဲကို ဗီဒီယိုရဲ့ ခေါင်းစဉ်အမည်ကို စပြီး ရိုက်သွင်းပေးပါ။

(၅) အကြောင်းအရာဖော်ပြချက်များကိုလည်း Description box ထဲကို ရိုက်သွင်းပေးပါ။

(၆) Tags box ထဲမှာလည်း ဗီဒီယိုအတွက် လိုအပ်တဲ့ tag တွေကို ထည့်ပေးရပါမယ်။ Tags တစ်ခုထက်ပိုတဲ့အခါ တစ်ခုနှင့်တစ်ခုအကြား space ခံပြီးထည့်ပါ။

---


**အဓိပ္ပာယ်ဖွင့်ဆိုချက် : Tag**

YouTube site ကို ရှာဖွေကြည့်ရှုတဲ့အခါ ကြည့်ရှုသူများက keyword တစ်ခုကို ထည့်ကြတယ်။ မိမိကြိုက်နှစ်သက်ရာ ဗီဒီယိုတစ်ခုကို ကြည့်တဲ့အခါ ဒီ keyword တွေ ရှိနေတဲ့အတွက် အဆင်ပြေလွယ်ကူစေတယ်။ ဒီ keyword တွေက tag တွေပဲဖြစ်တယ်။

---

(၇) Category lists ကို ဆွဲချယူပြီး မိမိဗီဒီယိုအမျိုးအစားကို ရွေးချယ်ထည့်သွင်းပေးရတယ်။

(၈) မိမိဗီဒီယိုကို YouTube users အားလုံးကြည့်ရှုစေလိုတယ်ဆိုရင်share your video ဆိုတဲ့နေရာမှာ check အမှတ်အသားပြုပေးလိုက်ပါ။ World option ကို အသုံးပြုရ




ပုံ ၁၅-၁ Upload video တစ်ခုအတွက် information ထည့်သွင်းပုံ



တယ်။ သီးခြား private ကိစ္စလို့ သတ်မှတ်လိုရင် private option ကို check အမှတ်အသားပြုပေးရတယ်။

(၉) Save Changes button ကို ကလစ်လုပ်ပါ။

ဗီဒီယိုကို upload လုပ်ပြီးတာနဲ့ YouTube ကလည်း လက်ခံကျင့်သုံးတဲ့ formating အလိုအလျောက် ပြောင်းပေးပြီးသွားမှာ ဖြစ်တယ်။ ကိုယ်တိုင်ပြန်ကြည့်လိုရင် YouTube page ပေါ်က My Video link ဆိုတာကို ကလစ်လုပ်ရတယ်။ ရွေးချယ်စရာရှိရင်လည်း thumbnail ပုံလေးတွေကိုကြည့်ပြီး ရွေးချယ်ယူနိုင်ပါတယ်။

## Quick Capture ကို အသုံးချပြီး webcam က ဗီဒီယိုတင်ပို့ခြင်း

ဗီစီကွန်ပျူတာပေါ်မှာ webcam တစ်ခု ရှိနေမယ်ဆိုရင် webcam နဲ့ ရိုက်ကူးလို့ရသမျှကို YouTube ပေါ် upload လုပ်ယူဖို့ နည်းလမ်းနှစ်ခုရှိတယ်။

- Webcam နဲ့ ရိုက်ကူးယူပြီး သာမားရိုးကျ ပုံမှန်အတိုင်း လုပ်ငန်းစဉ်အဆင့်ဆင့်လုပ်ကာ ဗီဒီယိုကို upload လုပ်ယူနိုင်တယ်။
- Live ပုံစံနဲ့ webcam ကို အသုံးချကာ YouTube ရဲ့ Quick Capture feature ကို အသုံးချကာ upload လုပ်ယူနိုင်တယ်။

---

**သတိပြုရန် : No Editing**

Live ပုံစံနဲ့ ဗီဒီယိုကို webcam ကနေ YouTube ပေါ် တင်ပို့ဖို့ Quick Capture ကို အသုံးပြုတဲ့အခါ တည်းဖြတ်ပြင်ဆင်ယူနိုင်တဲ့ အခွင့်အလမ်းမရှိတော့တာကို သတိပြုရပါလိမ့်မယ်။ ရိုက်ကူးလို့ရတဲ့ မြင်ကွင်းအားလုံး YouTube ပေါ် ရောက်သွားမှာ ဖြစ်တယ်။

---

(၁) Webcam နဲ့ ဗီစီဆက်သွယ်ထားပြီး အဆင့်လည်ပတ်နေတဲ့အခါ YouTube page တစ်နေရာရာကနေ upload button ကို ကလစ်လုပ်ယူပြီး webcam က record ကို နှိပ်ထားပေးလိုက်ပါ။ ပုံ ၁၅-၂ မှာ မြင်တွေ့ရသလို Quick Capture page ပေါ်မှာ ပေါ်လာပါလိမ့်မယ်။

(၂) Video window လေးမှ webcam နဲ့ ရိုက်ထားတဲ့ မြင်ကွင်းကို အသေအချာ မြင်တွေ့ရပြီဆိုတာနဲ့ ready to record button ကို ကလစ်လုပ်ပေးလိုက်ရပါမယ်။

---

**သတိပြုရန် : Allow Recording**

ကင်မရာနဲ့ မိုက်ကရိုဖုန်းတွေကို access လုပ်ဖို့ YouTube က message ပို့လာတဲ့အခါ Allow button ကို ကလစ်လုပ်ပေးလိုက်ပြီး Close ကို ထပ်နှိပ်ရမှာ ဖြစ်တယ်။

---

(၃) မှတ်တမ်းတင် ရိုက်ကူးပြီးတဲ့အခါ အနီရောင် Record button ကို ကလစ်လုပ်ပါ။
(၄) မှတ်တမ်းကနေ ဖြတ်ယူလိုတာ ရှိလာရင် Re-Record button ကို နှိပ်ပြီး အသစ်အစား ပြန်ထည့်ပြီး ရိုက်ကူးတင်ဆက်လို့ရတယ်။
(၅) ရိုက်ကူးပြီးလို့ နှစ်မြိုက်သဘောကျပြီဆိုတာနဲ့ Publish button ကို ကလစ်လုပ်ယူရပါမယ်။ ဒီအချိန်မှာ YouTube site ပေါ်ကို တင်ပေးပြီး သင့်လျော်တဲ့ playback format ကို အလိုအလျောက် ပြောင်းပေးလိုက်မှာ ဖြစ်တယ်။ ပြီးရင် Video Detail page မှာ ရိုက်ထားတဲ့ ဗီဒီယိုပေါ်လာပါလိမ့်မယ်။
(၆) Video details page မှာ လိုအပ်တာကို ဖြည့်စွက်ပြီးတာနဲ့ Save Changes button ကို ကလစ်လုပ်ပေးလိုက်ရပါတယ်။




ပုံ ၁၅-၂ Quick Capture နဲ့ Live Webcam တို့ အဆင်သင့်ဖြစ်နေပုံ။

## မိုဘိုင်းလ်ဖုန်းကနေ ဗီဒီယိုတင်ပို့ခြင်း

နောက်ဆုံး မိမိလုပ်ဆောင်တဲ့ မိုဘိုင်းလ်ဖုန်းလေးမှာ built-in video camera ပါတယ်ဆိုရင် တိုက်ရိုက်ဗီဒီယိုရိုက်ချက်တွေကို ပီစီကွန်ပျူတာကတစ်ဆင့် ကော်ပီလုပ်ခေါ်နေစရာမလိုဘဲ တင်ပို့ပေးလို့ရပါတယ်။ YouTube ရဲ့ mobile upload options ကို အသုံးချပြီး အီးမေးလ်ချိတ်တာ YouTube site ကို ပို့လိုက်နိုင်တယ်။

မိမိရဲ့ မိုဘိုင်းလ်ဖုန်းကို YouTube နဲ့ configure လုပ်ထားဖို့တော့ လိုတယ်။ YouTube page တစ်ခုရဲ့ထိပ်မှာရှိတဲ့ account link ကို ကလစ်လုပ်ပြီး configure လုပ်နိုင်တယ်။ Account page ပေါ်လာတဲ့အခါ page ရဲ့ ဘယ်ဘက်မှာရှိတဲ့ Mobile Setup link ကို ကလစ်လုပ်ပေးရတယ်။ မိုဘိုင်းလ်ဖုန်းကနေ ဗီဒီယိုတင်ပို့တဲ့အခါ တစ်မူထူးခြားတဲ့ email address တစ်ခုနဲ့ လုပ်ပေးလိုက်လိမ့်မယ်။ သမားရိုးကျထုံးစံအတိုင်း username+number@m.youtube.com ဆိုတဲ့ ပုံစံမျိုး ဖြစ်တယ်။

ဒီ address ရှိတဲ့ ဖုန်းကနေ ဗီဒီယိုကို အီးမေးပုံစံသဘာဝနဲ့ upload ပေးတာဖြစ်တယ်။ Text message ရောက်ရင် လုပ်ကိုင်ပေးတဲ့ လုပ်ငန်းစဉ်အတိုင်း YouTube က ဗီဒီယိုကို ထိန်းသိမ်းလုပ်ကိုင်ပေးပါလိမ့်မယ်။

## အခန်း ၁၅ အနှစ်ချုပ်

မတူညီတဲ့ နည်းလမ်းတွေနဲ့ YouTube ပေါ်ကို ဗီဒီယိုဘယ်လိုတင်ပို့ပေးနိုင်မလဲ ဆိုတာ သိခွင့်ရနိုင်တယ်။

# အခန်း ၁၆
# ဗီဒီယိုသတင်းအချက်အလက်ပြုစုခြင်း

ဗီဒီယိုနဲ့ပတ်သက်ပြီး လိုအပ်တဲ့သတင်းအချက်အလက်များကို ထည့်ပေးဖို့ လိုအပ်တယ်။ ထည့်ပေးမယ့် သတင်းအချက်များကိုလည်း တည်းဖြတ်ပြုစုဖို့ လိုအပ်တယ်။

## သတင်းအချက်အလက်တည်းဖြတ်ခြင်း

YouTube ပေါ်ကို တင်ပို့ပြီးတဲ့အခါ မိမိအနေနဲ့ ဗီဒီယိုနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်များကို တည်းဖြတ်ပြီး ပုံပိုးတင်ပြပေးနိုင်တယ်။ လုပ်ကိုင်ရမယ့် လုပ်ငန်းစဉ်တွေကတော့ အောက်ပါအတိုင်းဖြစ်တယ်။

၁။ YouTube page တစ်ခုရဲ့ထိပ်ပိုင်းမှာရှိတဲ့ အသုံးပြုသူအမည်ဘေးက down arrow ကို click လုပ်ပါ။ ပုံ ၁၆-၁ မှာ မြင်တွေ့ရတဲ့အတိုင်း မိမိတင်ထားပေးတဲ့ ဗီဒီယိုတွေအားလုံး ဖော်ပြထားတဲ့ Uploaded Videos page ကို မြင်တွေ့ရပါမယ်။

၂။ Edit button ကို ကလစ်လုပ်ပါ။

၃။ ပုံ ၁၆-၂ မှာ မြင်တွေ့ရသလို ပေါ်လာတဲ့အခါ Info and Settings page ကိုပါ မြင်တွေ့ရလိမ့်မယ်။ သတင်းအချက်အလက်အတွက် လိုအပ်တဲ့တည်းဖြတ် ပြင်ဆင်မှုကို လုပ်ရပါမယ်။


၄။ တည်းဖြတ်လုပ်ကိုင်ပြီးရင် Save Changes button ကို ကလစ်လုပ်ပေးပါ။

မိမိဗီဒီယိုရဲ့ သတင်းအချက်အလက်ဆိုရာမှာ အောက်ပါအချက်အလက်များကို တည်းဖြတ်ပြင်ဆင်ပြုစုရမှာ ဖြစ်တယ်။

- Title (ခေါင်းစဉ်)
- Description (အကြောင်းအရာ)
- Tags (ချိတ်ဆွဲမှုအမှတ်အသား)
- Category (အမျိုးအစား အဆင့်အတန်း)
- Video Thumbnail (နမူနာပုံသေး)
- Privacy- Share (or) Private (မျှဝေမှု၊ သီးခြားထားရှိမှု)




ပုံ ၁၆-၁ ရည်ညွှန်းထားတဲ့ ဗီဒီယိုတစ်ခုအတွက် သတင်းအချက်အလက် တည်းဖြတ်ပေးဖို့ Edit Button ကို ကလစ်လုပ်ပုံ




ပုံ ၁၆-၂ မိမိဗီဒီယိုနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်များကို တည်းဖြတ်ယူပုံ



- Friends allowed to view Private Video (သီးခြားစီမံထားတဲ့ ဗီဒီယိုအဖြစ် ကြည့်ခွင့်ပေးမယ့် မိတ်ဆွေစာရင်း)
- Comments (ကြည့်ရှုသူရဲ့ ထင်မြင်ယူဆချက်များ) (အလိုအလျောက်ခွင့်ပြုပေးထားခြင်း၊ အလိုအလျောက်စနစ်နဲ့ ထင်မြင်ယူဆချက်များကို အတည်ပြုပေးခြင်း၊ ထင်မြင်ယူဆချက် လုံးဝ ခွင့်မပြုခြင်း)

---

**လက်တို့အညွှန်း : Comments**

တကယ်လို့ မိမိဗီဒီယိုနဲ့ ပတ်သက်ပြီး မလိုလားအပ်တဲ့ ထင်မြင်ယူဆချက်မျိုးရေးသားမှုကို မလိုလားရင် မတင်မီကတည်းက ထင်မြင်ယူဆချက်မပေးဖို့ စီမံထားနိုင်သလို ရေးသားလာမယ့် ထင်မြင်ယူဆချက်တွေကို တည်းဖြတ်နိုင်ဖို့ အစီအမံလည်း လုပ်ကိုင်ထားနိုင်ပါတယ်။

---

- Comment voting-allow (or) not (အများစုဆန္ဒရွေးချယ်ခွင့်၊ ခွင့်မပြု)
- Video responses allow automatically-allow with approval only, don't allow. (အလိုအလျောက်ကြည့်ခွင့် ရှိ၊ မရှိ)
- Rating-allow (or) not (အဆင့်အတန်းသတ်မှတ်ခွင့် ပြု၊ မပြု)
- Embedding-allow (or) not (ဗီဒီယိုပူးထည့်ခွင့် ပြု၊ မပြု)

---

**လက်တို့အညွှန်း : Embedding**

တကယ်လို့ မိမိဗီဒီယိုကို တခြား websites တွေထဲမှာ ပူးထည့်ယူခွင့်မပြုလိုရင် ဒါမှမဟုတ် ခွင့်ပြုထားလိုရင် embedding ကို အသုံးထည့်ပေးခြင်း၊ မထည့်ပေးခြင်း စီမံနိုင်တယ်။

---

- Syndication - allow (or) not (တယ်လီဖုန်းနဲ့ တီဗွီတွေပေါ်မှာ တင်ထားကြည့်ခွင့် ပြု၊ မပြု)
- Date and map - (ဗီဒီယိုနဲ့သက်ဆိုင်တဲ့ geomapping ဖော်ပြမှုနဲ့ ရက်စွဲ ထည့်သွင်းမှု)

---

**အဓိပ္ပာယ်ဖွင့်ဆိုချက် : Geomapping**

YouTube ဗီဒီယိုတစ်ခုထဲမှာ ဘယ်နေရာလဲလို့ သိစေလိုရင် location information ကို ထည့်ပေးရတယ်။ ဒါကို လက်ရှိသဘာဝမြေပုံနဲ့ ဗီဒီယိုမှာ တွဲထည့်နိုင်ပါတယ်။

---

## ဗီဒီယိုနမူနာပုံသေးများ အပြောင်းအလဲလုပ်ခြင်း

ဗီဒီယိုနမူနာပုံသေး (Thumbnail) လေးများကို အလိုအလျောက်စနစ်နဲ့ ခင်းကျင်းပြသထားတာကို ပြီးတဲ့အခန်းတွေမှာ ဖော်ပြပေးခဲ့တယ်။ ဒါပေမဲ့ ဆန္ဒရှိခဲ့ရင် thumbnail image လေးတွေ စိတ်ကြိုက်ထားပုံဖော်ပြချက်နဲ့ ပြောင်းလဲဖန်တီးယူနိုင်တယ်။

အပြောင်းအလဲလုပ်နိုင်ဖို့ ပထမဆုံး Uploaded Video pages ကိုသွားပြီး ဗီဒီယိုအတွက် edit button ကို ကလစ်လုပ်ရတယ်။ ပုံ ၁၆-၃ မှာ မြင်တွေ့ရတဲ့အတိုင်း ပေါ်လာတဲ့ Video Thumbnail section လေးတွေကို ရှေ့နောက် scroll လုပ် ရွှေ့ကြည့်စစ်ဆေးယူပြီးထားလိုတဲ့ image frame တစ်ခုကို ရွေးချယ်အသုံးပြုနိုင်တယ်။




ပုံ ၁၆-၃ ဗီဒီယိုရဲ့နမူနာပုံသေးပုံရိပ်ကိုပြောင်းယူပုံ

## YouTube မှ ဗီဒီယိုတစ်ခုကို ဖယ်ထုတ်ခြင်း

ဗီဒီယိုတစ်ခုကို ဆက်လက်တင်ပြထားဖို့ ဆီလျော်မှု မရှိတဲ့အခါ ဒါမှမဟုတ် ကြည့်ရှုသူ အလွန်နည်းပါးလာတဲ့အခါ ဗီဒီဒီယိုကို ဖယ်ထုတ်ဖို့ ဆန္ဒရှိလာလိမ့်မယ်။ ဖယ်ထုတ်လိုတဲ့ ဗီဒီယိုအတွက် လုပ်ရမယ့်လုပ်ငန်းစဉ်တွေက အောက်ပါအတိုင်း ဖြစ်တယ်။

၁။ YouTube page တစ်ခုခုရဲ့ ထိပ်ပိုင်းမှာရှိနေတဲ့ အသုံးပြုသူအမည်သေးက down arrow ကို ကလစ်လုပ်ပါ။

၂။ Uploaded Videos page ပေါ်လာတဲ့အခါ ဖယ်ထုတ်လိုတဲ့ ဗီဒီယိုကို check အမှတ်အသားပြပေးပါ။

---

**သတိပြုရန် : Think Twice**

Delete button ကို ကလစ်မလုပ်မီ ဖယ်ထုတ်ဖို့ သင့်၊ မသင့်ကို နှစ်ကြိမ်တိုင်တိုင် စဉ်းစားပြီးမှ ဆုံးဖြတ်ယူသင့်တယ်။ သေချာမှု မရှိသေးခင် ချက်ချင်းဆုံးဖြတ်လိုက်ရင် နောက်ထပ် ပြန်မရနိုင်တော့တာကို အထူးသတိပြုရပါလိမ့်မယ်။

---



၃။ Uploaded Videos page ရဲ့ ထိပ်ပိုင်းမှာရှိတဲ့ Delete button ကို ကလစ်လုပ်ရပါတယ်။

## အခန်း ၁၆ အနှစ်ချုပ်

မိမိဗီဒီယိုတွေကို ဘယ်လိုသတင်းအချက်အလက်တွေ ဖြည့်ပြီး YouTube ပေါ် တင်ထားယူပုံနဲ့ ဗီဒီယိုနဲ့ပတ်သက်တဲ့ ပုံရိပ်အပြောင်းအလဲ လုပ်နိုင်ပုံများကို သိခွင့်ရခဲ့တယ်။

## အခန်း ၁၇
## ဗီဒီယိုတစ်ခုပေါ်မှာ အသံဖလှယ်ယူခြင်း

မူလဗီဒီယိုရိုက်စဉ်က ပါလာတဲ့အသံတွေကို ဖယ်ထုတ်ပြီး တခြားအသံတစ်ခုကို ဖြည့်ထည့်ရင်း တင်ပြတာက YouTube ဗီဒီယိုလုပ်ငန်းစဉ်အတွက် အလွန်အရေးပါ ပါတယ်။

### ဘာကြောင့်အသံဖလှယ်ရသလဲ

တချို့ YouTube ပရိသတ်က မိမိတင်ပို့ပြသမယ့် ဗီဒီယိုမှာ တခြားဗီဒီယိုရိုက်ချက်တို့၊ ဇလိုက်ရှိုးတစ်ခုအတွင်းက ပုံကားချပ်တို့ကိုဖြစ်ဖြစ် ထည့်သွင်းကြတာမျိုးရှိတယ်။ ဒီလိုလုပ်ကိုင်တဲ့ပုံစံတွေမှာ တေးဂီတသံတစ်ခုကို နောက်ခံထားပြီး တင်ဆက်ပေးတာက အကောင်းဆုံး ဖြစ်တယ်။

ဒါပေမဲ့ YouTube ဗီဒီယိုပရိတ်သတ်တိုင်းက ဗီဒီယိုထဲကို အသံထည့်သွင်းမှုအတွက်ဖြစ်ဖြစ်၊ လှလှပပ တည်းဖြတ်ယူမှုအတွက်ဖြစ်ဖြစ် ကျွမ်းကျွမ်းကျင်ကျင်နဲ့ ဆော့ဖ်ဝဲပရိုဂရမ်ကို အသုံးမပြုတတ်ကြပေ။ တချို့ကလည်း မူပိုင်ပြုလုပ်ထားတဲ့ commercial music ကို အသုံးပြုမိတာမျိုးလည်း ရှိတယ်။

ဒီအတွက် YouTube က လက်ရှိထည့်ထားပေးတဲ့ အသံနဲ့ တေးဂီတတွေကို လိုင်စင်ရထားပြီးဖြစ်တဲ့ တေးဂီတနဲ့ အစားထိုး လုပ်ပေးတယ်။ မဖြစ်မနေဆိုသလို မူလအသံကို ဖျောက်ပြီး YouTube ရဲ့ လိုင်စင်နဲ့ ရထားပြီးတဲ့ music library ကနေ တေးဂီတတစ်ခုကို

---

**သတိပြုရန် : Copyrighted Music**

မိမိစိတ်ကြိုက် သိမ်းဆည်းထားတဲ့ စီးပွားဖြစ်ရောင်းချတဲ့ စီဒီအများစုက မူပိုင်ပြုလုပ်ထားကြပြီး ဖြစ်တယ်။ ဒီအတွက် မူပိုင်ပြုလုပ်ထားသူရဲ့ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အသုံးချခွင့်မရှိပေ။ တကယ်လို့ မသိကျိုးကျွန်ပြုပြီး မိမိဗီဒီယိုရဲ့ နောက်ခံတေးဂီတကို အသုံးပြုပြီး YouTube ပေါ် တင်ပေးခဲ့ရင် မူပိုင်ပြုလုပ်ထားသူက YouTube ကို ဖယ်ထုတ်ပေးဖို့ အကြောင်းကြားလာမှာ ဖြစ်တယ်။

---

အစားထိုးပေးတယ်။ ဒီနည်းကတော့ တရားဝင်အသံဖလှယ်ယူတဲ့ကိစ္စမှာ ပြီးပြည့်စုံပြီး တရားဝင်လည်း ဖြစ်သွားစေတယ်။

## AudioSwap ကို အသုံးပြုခြင်း

ဆန္ဒရှိရင် YouTube ရဲ့ AudioSwap ကို အသုံးချပြီး လက်ရှိ မူလအသံကို ဖယ်ထုတ်ခြင်း၊ တေးဂီတသီချင်းအစား ထည့်သွင်းခြင်းတို့ကို လုပ်ကိုင်နိုင်ပါတယ်။

(၁) YouTube page တစ်ခုခုပေါ်ရဲ့ ထိပ်မှာရှိနေတဲ့ အသုံးပြုသူအမည်ဘေးက down arrow ကို ကလစ်လုပ်လိုက်ရပါမယ်။

(၂) Uploaded Videos page ပေါ်လာတဲ့အခါ ပုံ ၁၇-၁ မှာ ပြထားတဲ့အတိုင်း မိမိ တည်းဖြတ်ဖလှယ်လိုတဲ့ ဗီဒီယိုဘေးမှာရှိနေတဲ့ AudioSwap button ကို ကလစ်ထပ် လုပ်ပါ။




ပုံ ၁၇-၁ Uploaded Video page ပေါ်က Audio Swap button ကို ကလစ်လုပ်ပုံ။

(၃) AudioSwap page ကို ပုံ ၁၇-၂ အတိုင်း မြင်တွေ့ရပါလိမ့်မယ်။ ဗီဒီယိုတင်ဆက်မှု အချိန်အတိုင်းအတာနဲ့ ကွက်တိဖြစ်စေဖို့ Only Show Songs of Similar Length to My Video option ဆိုတဲ့ စာသားကို check အမှတ်အသားပြပေးလိုက်ပါ။


(၄) တကယ်လို့များ မိမိဗီဒီယိုပေါ်ကို အဆင်ပြေသလို random စနစ်နဲ့ တေးဂီတကို ရွေးချယ်လိုတယ်ဆိုရင်တော့ I'm Feeling Lucky button ကို ကလစ်လုပ်ရပါမယ်။

(၅) မိမိဗီဒီယိုနဲ့အတူ အများသုံးအကြိုက်ဖြစ်စေမယ့် တေးဂီတသီချင်းကိုရှာဖို့အနီးစပ်ဆုံး keywords တွေကို ဖြည့်သွင်းလို့ပဲဖြစ်ဖြစ်၊ Or Browse Our Audio Track Library box အထဲမှ ဖော်ပြဖို့ tags လို့ပဲဖြစ်ဖြစ် ရွေးချယ်ယူပြီး Enter ကို နှိပ်ပေးရတယ်။ သက်ဆိုင်တဲ့တေးဂီတ သီချင်းစာရင်းနဲ့ ထွက်ပေါ်လာပါလိမ့်မယ်။

(၆) YouTube ရဲ့ music library ထဲက တေးဂီတသီချင်းတွေကို ရွေးကြည့်လိုတယ် ဆိုရင် Genre ဒါမှမဟုတ် Artist အလိုက် စာရင်းကနေ ကြည့်နိုင်တယ်။

(၇) ဗီဒီယိုမှာသုံးဖို့ တေးဂီတသီချင်းကို အတည်ပြုပြီးရင် ကလစ်လုပ်လိုက်ပါ။






ပုံ ၁၇-၂ AudioSwap ကို အသုံးချပြီး လက်ရှိ အသံအစား သီချင်းသစ်တစ်ခုကို အစားထိုးယူပုံ

(၈) အသံပိုင်းဖလှယ်ထားရှိပြီးတဲ့ ဗီဒီယိုရဲ့ အခြေအနေကို ပြန်လည်စစ်ဆေးကြည့်ဖို့ Preview button ကို ကလစ်လုပ်ပါ။

(၉) ရွေးချယ်ထားတဲ့ သီချင်းသံနဲ့ လဲလှယ်ထည့်တာကို အတည်ပြုဖို့ Publish button ကို ကလစ်လုပ်လိုက်ရတယ်။

---

**သတိပြုရန် : Audio Replacement**

Audio Swap page ပေါ်က Publish button ကို ကလစ်လုပ်တဲ့အခါ မူလကရှိထားတဲ့ အသံအားလုံးဖယ်ထုတ်ပြီး ဖြစ်သွားစေတယ်။ တကယ်လို့ မူလအသံကို ပြန်ထည့်ယူလို တယ်ဆိုရင်တော့ ဗီဒီယိုကို re-uploaded လုပ်ကာ ပြန်တင်ယူရမှာ ဖြစ်တယ်။

---

## အခန်း ၁၇ အနှစ်ချုပ်

YouTube video တစ်ခုအတွင်း အသံဖလှယ်ယူတဲ့ကိစ္စနဲ့ ပတ်သက်ပြီး သိသင့် သိထိုက်တာ မှန်သမျှကို သိရှိနားလည်ခွင့်ရစေပါတယ်။

# အခန်း ၁၈
# ဗီဒီယိုကို ခေါင်းစီးစာတန်း ထည့်သွင်းခြင်း

ဗီဒီရိုက်ကူးပြုစုထားတဲ့ YouTube အတွက် ဗီဒီယိုကို တသီးတခြားရှိစေဖို့ ခေါင်းစီးအမည်နဲ့ စာတန်းတွေကို ဘယ်လိုထည့်သွင်းယူရမလဲဆိုတာကို သိရှိဖို့လိုပါတယ်။

## ဘာကြောင့်ခေါင်းစီးစာတန်းထည့်ရသလဲ

Closed captioning technology ကို ဗီဒီယိုတစ်ခုအတွက် အသုံးပြုလိုက်တဲ့အခါ အဆိုပါ ဗီဒီယိုက ဘာကိုရည်ညွှန်းပြသမလဲဆိုတဲ့ အဓိပ္ပာယ်ရှိတဲ့ ပုံစာခေါင်းစီးကြီး screen ပေါ်မှာ ပေါ်လာစေမှာဖြစ်တယ်။ ဗီဒီယိုအစီအစဉ် တင်ဆက်မှုနဲ့ ပတ်သက်ပြီး ကြည့်ရှုရသူအတွက် ဘယ်လိုအမည်နဲ့ ဗီဒီယိုလဲဆိုတာကို ဆိုညွှန်းပြောဆိုနိုင်မှာဖြစ်တဲ့အတွက် ခေါင်းစီးစာတန်း ထည့်သွင်းပုံကလည်း အသုံးကျလှပါတယ်။

---

**အဓိပ္ပာယ်ဖွင့်ဆိုချက် : Closed Captioning**

ဗီဒီယိုရဲ့သရုပ်ကို ခေါင်းစီးစာတန်းတွေရေးသားခြင်းရဲ့ အဓိကအကျိုးဆက်က နားအာရုံချို့ယွင်းအားနည်းသူအတွက် အဆင်ပြေသွားစေတယ်။

---

ခေါင်းစီးစာတန်း ထည့်သွင်းတဲ့နည်းပညာကို သိရှိပြီးတဲ့အခါ တင်ပြချက်တွေရဲ့ အဓိပ္ပာယ်ကို စာတန်းထိုးတင်ပြခြင်းနဲ့အတူ alternative language တစ်ခုအဖြစ် အသုံးပြုခွင့် ရသွားစေတယ်။ ဥပမာအနေနဲ့ ဗီဒီယိုထဲမှာပြောဆိုတဲ့ ဘာသာစကားက ဂျပန်ဘာသာစကားရပ်ဆိုရင် အင်္ဂလိပ်စာတန်းလေးတွေနဲ့ ပြောဆိုချက်ကိုဖော်ပြလိုက်တဲ့အခါ အင်္ဂလိပ်ဘာသာစကားတတ်ကျွမ်းသူတစ်ဦး နားလည်သိရှိခွင့် ရသွားတယ်။ နောက်ဆုံး ဗီဒီယိုကြီးတစ်ခုလုံးရဲ့ မှတ်တမ်းစာတစ်ခုကိုလည်း closed captioning နဲ့ လုပ်ကိုင်ခွင့်ရနိုင်တယ်။ တစ်နည်းအားဖြင့် ဗီဒီယိုတင်ပြချက်ကို အသေးစိတ်ညွှန်းဆိုဖော်ပြခွင့်ရတဲ့အတွက် အသုံးဝင်လှတယ်။ YouTube ပရိတ်သတ်တစ်ဦးအတွက် ကြည့်လိုတဲ့ဗီဒီယိုကို ရှာရတာလည်း လွယ်ကူသွားစေတယ်။

## ခေါင်းစီးစာတန်းထည့်ခြင်း

ခေါင်းစီးစာတန်း ဒါမှမဟုတ် စကားပြောစာတန်း ထည့်ဖို့အတွက် ပထမဆုံး closed captional file တစ်ခုကို ဖန်တီးယူရတယ်။ ဒီ file မှာ ဗီဒီယိုထဲက စကားပြောဆိုချက်တွေကို closed caption player နဲ့အတူ ထည့်ထားတဲ့ စပါယ်ရှယ် format တစ်ခုနဲ့ ရှိနေမှာဖြစ်တယ်။

---


**မှတ်ချက် : Closed Caption Formats**

YouTube က SubViewer (.SUB) နဲ့ SubRip (.SRT) formats များ အတွင်းက closed caption files များကို ပံ့ပိုးဆောင်ရွက်ပေးထားတယ်။

---

စပါယ်ရှယ် closed caption ဆော့ဖ်ဝဲကိုအသုံးချလို့ပဲဖြစ်ဖြစ်၊ website တွေပဲ အသုံးချလို့ဖြစ်ဖြစ် closed caption file တစ်ခုကို ကိုယ်တိုင်ဖန်တီးရယူနိုင်ပါတယ်။ ပေါ်ပြူလာအဖြစ်ဆုံး ဆော့ဖ်ဝဲပရိုဂရမ်ကတော့ MovCaptioner (www.synchri media.com) နဲ့ Subtitle Workshop (www.urusoft.net) တို့ဖြစ်တယ်။ ပေါ်ပြူလာအဖြစ်ဆုံး closed caption website တွေကတော့ Caption Tube (Captiontube.appspot.com) နဲ့ Easy YouTube Caption Creator (www.accessify.com/tools-and-wizards/accessibility-tools/easy-youtube-caption-creator/) တို့ ဖြစ်တယ်။ ဒါအတွက် ဘယ်လို web browser ကဖြစ်ဖြစ် အသုံးချခွင့်ရှိတယ်။

Closed caption ဒါမှမဟုတ် subtitle file တစ်ခုကို အဆိုပါ tool တစ်ခုခုနဲ့ ဖန်တီးယူဖို့ အောက်ပါလုပ်ငန်းစဉ်များကို အဆင့်လိုက် လုပ်သွားရမှာ ဖြစ်တယ်။




ပုံ ၁၈-၁ ဗီဒီယိုတစ်ခုထဲကို ခေါင်းစီးစာတန်းထည့်ပုံ




(၁) YouTube page တစ်ခုခုရဲ့ထိပ်ပေါ်က down arrow ကို ကလစ်လုပ်ပြီး My Video ကို ထပ်ကလစ်လုပ်ပါ။

(၂) Uploaded Videos page ပေါ်လာတဲ့အခါ မိမိလုပ်ကိုင်မယ့် ဗီဒီယိုရဲ့ဘေးက Edit button ကို ထပ်ကလစ်လုပ်ရ ပြန်ပါတယ်။

(၃) နောက်page ပေါ်လာတဲ့အခါ menu bar ထဲကနေ Captions and Subtitles link ကို ကလစ်လုပ်ရပါမယ်။

(၄) Captions and Subtitles page ပေါ်လာတဲ့အခါမှာလည်း ပုံ ၁၈-၁ မှာ ပြထားသလို Choose a File button ကို ထပ်ကလစ်လုပ်ပါ။

(၅) Open dialog ပေါ်လာတဲ့အခါ closed caption file ကို ရွေးချယ်ပေးပါတယ်။ ပြီးရင် Open button ကို ကလစ်လုပ်လိုက်ပါ။ ပုံ ၁၈-၂ မှာ မြင်တွေ့ရသလို Closed Captions box ထွက်လာပါလိမ့်မယ်။




ပုံ ၁၈-၂ ခေါင်းစီးစာတန်းအတွက် အမည်နဲ့ဘာသာစကားကို ဖြည့်သွင်းယူပုံ

(၆) Track Name box ထဲမှာ ခေါင်းစီးစာတန်းအတွက် ထည့်သွင်းလိုတဲ့အမည်တစ်ခု ထည့်သွင်းပေးပါ။

(၇) Track Language စာရင်းထဲက ဆွဲချကြည့်ပြီး အသုံးပြုမယ့် ဘာသာစကားကို ရွေးချယ်ပေးရပါမယ်။

(၈) Upload button ကို ကလစ်လုပ်လိုက်ပါ။

---

**လက်တို့အညွှန်း : Multiple Subtitles**

တကယ်လို့ ဘာသာစကားအမျိုးမျိုးနဲ့ တင်ပြလိုခဲ့ရင် ဘာသာစကားတစ်ခုကို file တစ်ခုစီနဲ့ ရိုးရိုးရှင်းရှင်း upload လုပ်ယူလို့ ရပါတယ်။

---

## ခေါင်းစီးစာတန်းနဲ့ ဗီဒီယိုကို ဖွင့်ကြည့်ခြင်း

ခေါင်းစီးစာတန်းဖြစ်ဖြစ်၊ စကားပြောစာတန်းဖြစ်ဖြစ် ဗီဒီယိုထဲကို ထည့်သွင်းပြီးပြီးချင်း ပြန်လည်စစ်ဆေးကြည့်ရှုဖို့ video player window လေးရဲ့ ညာဘက်အောက်ခြေက up arrow ကို ကလစ်လုပ်ပြီး Turn on Captions (CC button) ကို ရွေးချယ်ပေးလိုက်တာနဲ့ စာတန်းပါဗီဒီယိုကို ပုံ ၁၈-၃ မှာအတိုင်း ကြည့်ရှုခွင့်ရသွားပါလိမ့်မယ်။




ပုံ ၁၈-၃ ခေါင်းစီးနဲ့စာတန်းပါ ဗီဒီယိုကိုမြင်တွေ့ရပုံ

## အခန်း ၁၈ အနှစ်ချုပ်

ခေါင်းစီးစာတန်းနဲ့ စကားပြောစာတန်းတွေကို ဘယ်လိုထည့်သွင်းယူနိုင်မလဲဆိုတာကို သိခွင့်ရစေတယ်။



# အခန်း ၁၉
# ဗီဒီယိုတွင် မှတ်စု၊ မှတ်ချက်အညွှန်းများ ထည့်သွင်းခြင်း

ဗီဒီယိုတစ်ခုမှာ ခေါင်းစီးနဲ့ စာတန်းထည့်သွင်းမှု လိုအပ်သလို annotations ဆိုတဲ့ မှတ်ချက်၊ မှတ်စုတွေလည်း ထည့်သွင်းယူနိုင်တယ်။ Note boxes, speech bubbles စသလို ကြိုက်နှစ်သက်ရာ မှတ်စု၊ မှတ်ချက်စာ၊ မှတ်ချက်များ ထည့်ပေးလို့ ရတယ်။


## Annotations ကို နားလည်စေခြင်း

ဗီဒီယိုအပေါ် ပိုပြီးစွဲမက်သဘောကျစေဖို့ တင်ဆက်သူအနေနဲ့ လိုလားမှာ အမှန်ဖြစ်တယ်။ ဒီလို စွဲမှတ်စရာဖြစ်လာစေဖို့အတွက် အပိုဆောင်း သတင်းအချက်အလက်တွေ၊ တခြား အလားတူဗီဒီယိုညွှန်းဆိုချက်တွေနဲ့ မှတ်ချက်၊ မှတ်စာတွေ ထည့်ပေးနိုင်ဖို့ ထပ်စဉ်းစားစရာ ဖြစ်လာရတယ်။

YouTube annotation တစ်ခုကို ပုံမှန်ဗီဒီယိုရဲ့အပေါ်မှာ ထပ်တင်ပေးလိုက်တဲ့ပုံစံဖြစ်တယ်။ အပေါ်က ထပ်တင်တယ်ဆိုရာမှာ တခြား ဗီဒီယိုအစီအစဉ်တစ်ခု ပေါ်ထွက်လာစေတာမျိုး ဖြစ်နိုင်သလို တခြားဗီဒီယိုအတွက် ဆက်သွယ်ကြည့်ဖို့အညွှန်းလည်း ဖြစ်နိုင်တဲ့ အပြင် user channel လည်း ဖြစ်နိုင်တယ်။ ဒါကို speech bubbles လို့ ခေါ်ဆိုကြတယ်။ ဒီအတွက် နေရာတစ်ခုခုနဲ့ ကလစ်လုပ်ကြည့်ဖို့ စီစဉ်ထားပေးနိုင်တယ်၊ ဒီလို ထပ်တင်ထားချက်ကို ကြည့်လိုက်တာနဲ့ မူလကြည့်နေတဲ့ဗီဒီယိုက pause အနေအထားနဲ့ ရပ်တန့်နေစေပါလိမ့်မယ်။

Annotation နဲ့ ပတ်သက်လို့ လုပ်နည်းလုပ်ဟန် ပုံစံသုံးမျိုးရှိတယ်။ ပုံ ၁၉-၁ မှာ မြင်တွေ့နိုင်တယ်။

- Speech bubble
- ရိုးရှင်းတဲ့ text box တစ်ခုနဲ့ ပြုလုပ်ထားတဲ့မှတ်ချက်
- အသုံးပြုသူက တပ်ဆင်ထားတဲ့ ဧရိယာအပေါ် မောက်စ်ရဲ့ဦးတည်ရာ ရွှေ့တာနဲ့ ပေါ်လာနိုင်တဲ့ spotlight




ပုံ ၁၉-၁ ပေါ်ထွက်လာတဲ့ speech bubble တစ်ခု မှတ်ချက်ပေးတဲ့ note တစ်ခု၊ ညွှန်းဆိုပြမယ့် spotlight area တစ်ခုတို့နဲ့အတူ ပြဆိုတဲ့ annotation ပုံစံ

---

လက်တို့အညွှန်း : Pause Annotations

ဗီဒီယိုဖွင့်ကြည့်ရင်း ခေတ္တရပ်နားထားလို့ရတဲ့ pause annotation ဆိုတာကိုလည်း ထည့်သွင်းလို့ရနိုင်တယ်။ စာနဲ့ဖော်ပြထားတဲ့ပုံစံမျိုးတော့ မဟုတ်ပေ။

---

Annotations ပုံစံသုံးမျိုးလုံးမှာ text နဲ့ clickable links တွေ ပါဝင်နိုင်တယ်။ တခြား YouTube video တစ်ခုခုကို ချိတ်ဆက်ပေးဖို့အပြင် တခြား playlist တွေ၊ channel တွေ၊ group တွေနဲ့ search queries တွေကိုပါ ဆက်လက်သွားကြည့်နိုင်မယ့် annotations ပုံစံ ဖြစ်တယ်။

---

တ်ချက် : Automatic Display

Speech babbles တွေနဲ့ note တွေ အလိုအလျောက် ပေါ်လာစေပြီး spotlights ဆောင်ရွက်မှုဆိုတာကို ရွေးချယ်အသုံးပြုနိုင်တယ်။ ဒီကိစ္စမှာ ကြည့်ရှုသူက ဘာမှမလုပ် ဲ့ အလိုအလျောက်ခင်းပြတာမျိုး ဖြစ်တယ်။

---

Annotation အတွက် ဗီဒီယိုအပေါ်က ထပ်တင်တဲ့နေရာမှာ ဗီဒီယိုဝင်းဒိုးပေါ်က ဘယ်နေရာမှာမဆို ဘယ်လိုအရွယ်အစားနဲ့ဖြစ်ဖြစ် တင်ထားနိုင်တယ်။ တစ်ချိန်တည်းမှာ creen ပေါ်ကို multiple annotation တွေ နေရာချထားယူနိုင်တဲ့သဘော ဖြစ်တယ်။



---

သတိပြုရန် : No Outside Links

Links ဆိုတဲ့နေရာမှာ YouTube site ပေါ်မှာရှိနေတဲ့ video တွေ၊ channel တွေ၊ group စတဲ့ pages တွေကိုပဲ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်တာဖြစ်တယ်။ YouTube ပြင်ပက web page တွေနဲ့ မသက်ဆိုင်သလို ချိတ်ဆက်ထားလို့လည်း မဖြစ်နိုင်ပေ။


---

## ဗီဒီယိုတစ်ခုကို annotating လုပ်ခြင်း

YouTube videv တစ်ခုပေါ်ကို အောက်ပါလုပ်ငန်းစဉ်အဆင့်တွေနဲ့ annotation များ ထည့်သွင်းယူရမှာဖြစ်တယ်။

(၁) YouTube page တစ်ခုခုပေါ်ရဲ့ ထိပ်မှာရှိနေတဲ့ အသုံးပြုသူအမည်ဘေးက down arrow ကို ကလစ်လုပ်ပြီး My Videos ကို ထပ်ကလစ်လုပ်ပါ။


(၂) Uploaded videos page ပေါ်လာတဲ့အခါ မိမိထည့်သွင်းလိုတဲ့ ဗီဒီယိုရဲ့ဘေးက annotations button ကို ကလစ်လုပ်ပါ။ ပုံ ၁၉-၂ မှာ ပြထားတဲ့အတိုင်း ဗီဒီယို အတွက် annotations page ခင်းပြလာပါလိမ့်မယ်။




ပုံ ၁၉-၂ YouTube video တစ်ခုအတွက် Annotations page မြင်တွေ့ရပုံ


(၃) ဘယ်နေရာလောက်မှာ annotation ထည့်မယ်ဆိုတာကို ဗီဒီယိုရှေ့နောက် ရွှေ့ယူပြီး ချိန်ဆယူရတယ်။

(၄) ပုံ ၁၉-၃မှာ ပြထားတဲ့အတိုင်း ဗီဒီယိုရဲ့ ဘယ်ဘက်အောက်ထောင့်မှာရှိတဲ့ add annotation ကို ကလစ်လုပ်ပါ။




ပုံ ၁၉-၃ ထည့်သွင်းဖို့အတွက် annotation အမျိုးအစားရွေးချယ်ယူနိုင်ပုံ

(၅) ပုံ ၁၉-၄ မှာ ပြထားတဲ့အတိုင်း screen ပေါ်မှာ annotation ပြလုပ်ဖို့အတွက် overlay ထပ်လွှာ ပေါ်လာလိမ့်မယ်။ ထပ်လွှာကို လိုအပ်သလို အရွယ်အစား ညှိယူပြီး ထားသိုလိုတဲ့နေရာကို drag လုပ်ပြီး ရွှေ့ပေးရတယ်။




ပုံ-၁၉-၄ video annotation တစ်ခု ဖန်တီးယူပုံ

(၆) Annotation ရဲ့ text box ထဲကို လိုအပ်တဲ့စာလုံးများ ရိုက်ထည့်ပါ။

(၇) တကယ်လို့ ကလစ်လုပ်ပြီး ချိတ်ဆက်ယူနိုင်မယ့်အဆင့် ထည့်သွင်းပေးလိုတယ်ဆိုရင် Add Link box မှာ ပြဆိုပေးနိုင်ဖို့ Add Annotation Link button ကို ကလစ်လုပ်ရတယ်။ Link Type list ကို ပထမဆုံး ဆွဲချယူပြီး link အမျိုးအစားပုံစံကို ရွေးပေးရတယ်။ Link box ထဲကို link အတွက် URL ထည့်ပေးရတယ်။ ပြီးရင် Save button ကို ကလစ်လုပ်ပေးလိုက်ရုံပါပဲ။



(၈) Annotation အရောင်ကိုပြောင်းဖို့ Change Annotation color button ကို ကလစ်လုပ်ပါ။


(၉) Annotation ကို နေရာချထားရာမှာ ညာဘက်၊ ဘယ်ဘက်နေရာချထားပေးဖို့ cursor ကို drag လုပ်ပေးရတယ်။

(၁၀) ဗီဒီယိုပေါ်မှာ annotation လုပ်ငန်းစဉ်အားလုံးပြီးသွားပြီး အတည်ဖြစ်သွားတဲ့အတွက် Publish button ကို ကလစ်လုပ်ပေးရပါမယ်။

## Annotate လုပ်ထားပြီးတဲ့ ဗီဒီယိုကို ပြန်ကြည့်ခြင်း

Annotate လုပ်ထားပြီးတဲ့ ဗီဒီယိုကိုကြည့်ရာမှာ သာမားရိုးကျ YouTube video တစ်ခုကို ကြည့်သလိုပဲ ဖွင့်ယူကြည့်ရှုရမှာ ဖြစ်တယ်။ Annotations တွေက စီမံပြုလုပ်ထားတဲ့ နေရာမှာ ရှိနေလိမ့်မယ်။ Spotlight annotation အနေနဲ့ကတော့ ထားရှိတဲ့နေရာအပေါ် cursor ကို အပေါ်ကဖြတ်ပြီး ပျံ့ဝဲလိုက်တိုင်း ပြနေလိမ့်မယ်။ Link ပါတဲ့ annotation ဆိုရင်တော့ တခြားညွှန်းဆိုပြသပေးတဲ့ ဗီဒီယိုကို channel တို့၊ group တို့ကို ရောက်ဖို့အတွက် link ကို ကလစ်လုပ်ယူရပါလိမ့်မယ်။

တကယ်လို့ ဗီဒီယိုထဲက annotation တွေကို မကြည့်လိုဘူးဆိုရင် ဗီဒီယိုမြင်ကွင်းရဲ့ ညာဘက်အောက်ခြေထောင့်မှာရှိတဲ့ up arrow ကို ကလစ်လုပ်ပြီး Turn Off Annotations ဆိုတဲ့အချက်ကို ပုံ ၁၉-၅ မှာ ပြထားတဲ့အတိုင်း ရွေးချယ်ပေးလိုက်ရမှာ ဖြစ်တယ်။ ဒီလိုစီစဉ်ထားရှိပြီးမှ annotations တွေကိုပါ ပြန်ကြည့်လိုတယ်ဆိုရင်လည်း Turn On Annotations ဆိုတာကို ပြန်ရွေးပေးရတယ်။




ပုံ ၁၉-၅ ဗီဒီယိုတစ်ခုရဲ့ Annotation ကို ပိတ်ယူပုံ

## အခန်း ၁၉ အနှစ်ချုပ်

YouTube videos တွေမှာ annotation ဆိုတဲ့ မှတ်စု၊ မှတ်ချက်အညွှန်းတွေ ထည့်သွင်းပုံ၊ ထည့်သွင်းနည်းနဲ့ ကြည့်ရှုပုံ၊ ကြည့်ရှုနည်းတို့ကို သိရှိနိုင်စေတယ်။



# အခန်း ၂၀
# ကြည့်ရှုသူတို့ရဲ့ ထင်မြင်ချက်များ စီစဉ်ပေးခြင်း

YouTube ပေါ်ကို မိမိရဲ့ ဗီဒီယိုတင်ပို့ထားတဲ့အခါ ကြည့်ရှုမိသူတို့က အဲဒီ ဗီဒီယိုနဲ့ ပတ်သက်ပြီး ထင်မြင်ယူဆချက်များ ထည့်သွင်းလိုကြမှာ အမှန်ဖြစ်တယ်။ ဒီလိုထင်မြင်ယူဆချက်တွေကို ထည့်သွင်းခွင့်ပေးဖို့ အစီအမံတွေလည်း လုပ်ထားနိုင်ပါတယ်။

## ဗီဒီယိုကြည့်ရှုသူတွေရဲ့ ထင်မြင်ချက် ထည့်ခွင့်၊ မထည့်ခွင့်ကိစ္စ

YouTube ပေါ်ကို ဗီဒီယိုတွေတင်ပို့ပေးတာနဲ့ပတ်သက်ပြီး ပျော်စရာကောင်းတဲ့ လုပ်ငန်းစဉ်တစ်ခုကတော့ ဗီဒီယိုကြည့်ရှုသူတွေရဲ့ ထင်မြင်ယူဆချက်ကို ကြည့်ခွင့်ရတဲ့ အစီအစဉ် ဖြစ်တယ်။ ပျော်စရာကောင်းတယ်ဆိုပေမဲ့လည်း တချို့ထင်မြင်ယူဆချက်တွေမှာ ဗီဒီယိုပိုင်ရှင်အတွက် ကျေနပ်စရာမကောင်းတဲ့ မှတ်ချက်မျိုး ပါလာနိုင်တယ်။ ဒီအတွက် ထင်မြင်ယူဆချက်တွေအပေါ် ဘယ်လိုစီမံထားသင့်သလဲဆိုတာ စဉ်းစားစရာ ဖြစ်လာရတယ်။

ခွင့်ပြုမယ်၊ ခွင့်မပြုဘူးဆိုတာ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြစ်တယ်။ ဆိုလိုတာက တစ်ဦးတစ်ယောက်ကိုခွင့်ပြုထားပေးပြီးနောက်တစ်ယောက်ကိုခွင့်မပြုဘဲထားရှိနိုင်မယ့်သဘောမျိုး ဖြစ်တယ်။

---

**အဓိပ္ပာယ်ဖွင့်ဆိုချက် : Video Response**

ဗီဒီယိုကို တင်ပို့ထားရှိတဲ့အတွက် တုံ့ပြန်ပြောဆိုချက်တွေ၊ ထင်မြင်ယူချက်ဆတွေ ရှိလာနိုင်တာကို video response လို့ ခေါ်ဆိုကြတယ်။


---

Video response နဲ့ ထင်မြင်ယူဆချက်ပေးမှုတွေအပေါ် ထိန်းချုပ်နိုင်ဖို့ အောက်ပါလုပ်ငန်းစဉ်အဆင့်များ လုပ်ထားရမှာဖြစ်တယ်။

(၁) YouTube page တစ်ခုခုရဲ့ ထိပ်ပိုင်းမှာရှိတဲ့ အသုံးပြုသူအမည်ဘေးက down arrow ကို ကလစ်လုပ်ပြီး My Videos ကို ထပ်ပြီး ကလစ်လုပ်ပါ။

(၂) Uploaded Videos page ပေါ်ထွက်လာတဲ့အခါ မိမိတည်းဖြတ်လုပ်ကိုင်လိုတဲ့ ဗီဒီယို ရဲ့ဘေးက Edit button ကို ကလစ်လုပ်ရပါမယ်။

(၃) ဗီဒီယို Info and Setting page ပေါ်ထွက်လာတဲ့အခါ Broadcasting and Sharing options ပိုင်းမှာ ပုံ ၂၀-၁ မှာအတိုင်း scroll လုပ်ပြီး အထက်အောက်ရွှေ့ကြည့်ရတယ်။




ပုံ ၂၀-၁ ဗီဒီယိုတစ်ခုရဲ့ထင်မြင်ယူဆချက် အပြုအမူကို ပြောင်းယူပုံ

(၄) Comment behavior လို့ခေါ်တဲ့ ထင်မြင်ယူဆချက်အပြုအမူတွေကို ပြောင်းလဲထားရှိဖို့ကို comment, section ကနေ ရွေးချယ်ယူရတယ်။ ထင်မြင်ယူဆချက်ကို အလိုအလျောက်ပုံစံ (default) နဲ့ အမျိုးအစားကြည့်ရှုခွင့်သက်သက်ပဲ ခွင့်ပြုပေးထားမလား၊ Approval Only နဲ့ Allow All Comments ဆိုတဲ့ အပိုင်းနှစ်ပိုင်းလုံးကိုပဲ ခွင့်ပြုထားမလား ဒါမှမဟုတ် ဘယ်လိုထင်မြင်ယူချက်ကိုမှ ခွင့်မပြုဘဲထားမလား ဆိုတာတွေကို ရွေးချယ်ရမယ့်သဘော ဖြစ်တယ်။

(၅) ထင်မြင်ယူဆချက် ဆန္ဒပြုမှု၊ မပြုမှုဆိုတဲ့ Comment Voting ကိစ္စအတွက်ဆိုရင် Comment Voting section ကိုသုံးပြီး Yes (default) ဒါမှမဟုတ် Allow Users to Vote on Comment ဆိုတာနဲ့ Don't Allow Comment Voting ဆိုတာ တစ်ခုခုကို ရွေးပေးရပါလိမ့်မယ်။



---

**လက်တို့အညွှန်း : Expand the section**

တကယ်လို့ Info and Settings page မတွေ့ခဲ့ရင် section ရဲ့ခေါင်းစီးကို ကလစ်လုပ်ယူရတယ်။ ကလစ်လုပ်လိုက်တာနဲ့ options တွေ ထွက်လာလိမ့်မယ်။ ဒီ option တွေထဲမှာ Info and Settings ဆိုတာ ရှိနေမှာဖြစ်တယ်။

---

(၆) ထင်မြင်ယူဆချက်ပေးတာတွေရဲ့ အခြေအနေကိုပြောင်းလဲဖို့ Video Responses section ကိုသွားပြီး Allow Video Response to Be Added Automatically မှာ Yes လို့ပြုပြု Don't Allow Videos Responses မှာ No လို့ပြုပြု ရွေးချယ်ပေးရမယ်။

(၇) မိမိရဲ့ဗီဒီယိုကို အဆင့်သတ်မှတ်ရေးကိစ္စအတွက်မှာလည်း Ratings section ကို သွားပြီး Yes, Allow this Video to Be Rated by Others ဒါမှမဟုတ် No, Don't Allow This Video to Be Rated ဆိုတဲ့ အချက်နှစ်ချက်ကို ရွေးချယ်ပေးရမယ်။

(၈) အားလုံး ဆုံးဖြတ်လုပ်ကိုင်ပြီးတဲ့အခါ Save Changes button ကို ကလစ်လုပ်ပေးပါ။ သာမန်အခြေအနေမျိုးမှာ မိမိအတွက် options တွေကို အောက်ပါအတိုင်း ခွဲခြားပေးထားလေ့ရှိတယ်။

ယေဘုယျအားဖြင့် အောက်ပါရွေးချယ်ချက်များနဲ့ ပြုလုပ်နိုင်ပါတယ်။

- ထင်မြင်ယူဆချက်တွေနဲ့ တုံ့ပြန်ချက်အတွက် အားလုံးကို ဘာမှ ဟန့်တားမထားဘဲ ခွင့်ပြုလိုတယ်ဆိုရင် "allow all comments automatically" option ရှိတယ်။
- ထင်မြင်ယူဆချက်တွေ ဗီဒီယိုပေါ်မှာမတင်မီ သူတို့ရဲ့ comment တွေ အားလုံးကို အတည်ပြုလိုတဲ့ ဆန္ဒဆိုရင် allow comments after I approve them option ရှိတယ်။
- ဘယ်လိုတုံ့ပြန်ချက်နဲ့ ထင်မြင်ယူဆချက်ကိုမှ မလိုလားဘူးဆိုရင် "don't allow comments" options ရှိပါတယ်။

## Video Responses နဲ့ Comments များ အတည်ပြုပေးခြင်း

ဗီဒီယိုနဲ့ပတ်သက်ပြီး ထင်မြင်ယူဆချက်တွေနဲ့ တုံ့ပြန်ချက်တွေအတွက် မိမိကိုယ်တိုင် အတည်ပြုလုပ်ကိုင်ဖို့ဆုံးဖြတ်ထားခဲ့ရင် ကိုယ်တိုင်စီစဉ်လုပ်ကိုင်ယူရမှာဖြစ်တယ်။ ကြည့်ရှုသူရဲ့ response တက်လာတဲ့အခါ YouTube က မိမိကို အီးမေးလ်နဲ့ အသိပေးလိမ့်မယ်။ အီးမေးလ်ရတဲ့အခါ You Tube site ကို ဝင်ပြီး YouTube page တစ်ခုရဲ့ ထိပ်မှာရှိတဲ့ email link ကို ကလစ်လုပ်ပါ။ ပြီးရင် page ရဲ့ဘယ်ဘက်ခြမ်းမှာရှိတဲ့ comments link ဒါမှမဟုတ် Videos Responses Links ကို ကလစ်လုပ်ယူရတယ်။

မိမိရဲ့ inbox မှာ ဒီလို comments တွေ၊ response တွေအားလုံးရဲ့ စာရင်းကို ပုံ ၂၀-၂ မှာအတိုင်း ပြပေးထားလိမ့်မယ်။ Comment တစ်ခုချင်းရဲ့ message link တွေကို ကလစ်လုပ်ကြည့်ပါ။ ပြီးရင် Approve ဒါမှမဟုတ် Ignore ကို ရွေးချယ်ပေးရမယ်။





ပုံ ၂၀-၂ ကြည့်ရှုသူရဲ့ထင်မြင်ယူဆချက်များကို စစ်ဆေးအတည်ပြုယူပုံ

## ကြည့်ရှုသူတို့ရဲ့ Comment နဲ့ Response များ ဖယ်ထုတ်ယူခြင်း

မိမိဗီဒီယိုအပေါ် တစ်ဦးတစ်ယောက်က စော်ကားမော်ကား ပြောဆိုလာတဲ့ comment ဒါမှမဟုတ် video response မျိုးရှိလာတဲ့အခါ ဖယ်ထုတ်ပစ်လို့ရတယ်။ Video setting မှာ အလိုအလျောက် ထည့်ယူခွင့်ပြုထားတဲ့တိုင် ဖယ်ထုတ်ပစ်လို့ရပါတယ်။

ဖယ်ထုတ်ပစ်ဖို့ ပုံ ၂၀-၃ မှာ ပြထားတဲ့အတိုင်း comment ဒါမှမဟုတ် response ရဲ့ဘေးမှာရှိတဲ့ Remove link ကို ကလစ်လုပ်ယူရတယ်။




ပုံ၂၀-၃ Remove Link ကို ကလစ်လုပ်ပြီး မလိုလားအပ်တဲ့ comment တစ်ခုကို ဖယ်ထုတ်ယူပုံ

## ထင်မြင်ယူဆချက်မပေးဖို့ တားဆီးယူခြင်း

မလိုတမာ နှောင့်ယှက်သူတွေရဲ့ အပြုအမူတွေနဲ့ မကြာခဏ ရင်ဆိုင်ရတတ်သူအနေနဲ့ မိမိရဲ့ဗီဒီယိုအားလုံးအပေါ် အဖျက်လုပ်ငန်းသဖွယ် မဟုတ်တမ်းတရားတွေ ရေးလာလေ့ရှိတယ်ဆိုရင် မကြာခဏဆိုသလို ဖယ်ထုတ်ပစ်နေရပါလိမ့်မယ်။ ဒီလိုလူမျိုးအတွက် သိသာမြင်သာစေဖို့ comment တွေရဲ့ ပထမနေရာမှာ ပေးထားလို့ရတယ်။



ဒါမှမဟုတ် သိရှိထားတဲ့သူဖြစ်ရင် ထိုသူတစ်ဦးအတွက် ပိတ်ဆို့တားဆီးထားလို့လည်း ရတယ်။ လုပ်ရမယ့် လုပ်ငန်းစဉ်တွေကတော့ အောက်ပါအတိုင်းဖြစ်တယ်။

(၁) ရည်ညွှန်းလိုသူရဲ့အမည်ကို ကလစ်လုပ်ပါ။

(၂) အသုံးပြုသူရဲ့ channels page ပေါ်လာတဲ့အခါ user information box ထဲက ပုံ ၂၀ - ၄ မှာ ပြထားတဲ့အတိုင်း scroll လုပ်ကြည့်ရပါမယ်။

(၃) Block User link ကို ကလစ်လုပ်လိုက်ပါ။




ပုံ ၂၀-၄ အသုံးပြုသူတစ်ဦးအား ပိတ်ဆို့ယူပုံ

ပိတ်ဆို့ထားလိုက်ပြီးတာနဲ့ ထိုသူရဲ့ ထင်မြင်ယူဆချက်များ ထည့်သွင်းယူလို့ မရနိုင်တော့ပါ။

---

**လက်တို့အညွှန်း : Blocking from Comments**

မိမိဗီဒီယိုတစ်ခုပေါ်မှာ အသုံးပြုသူတစ်ဦးက ထင်မြင်ယူဆချက်ရေးသားခဲ့ရင် video page ကနေ တိုက်ရိုက်ပိတ်ပင်တားဆီးလို့ရတယ်။ အသုံးပြုသူ comment ရဲ့ ဘေးက Block User Link ကို ကလစ်လုပ်ရုံပဲဖြစ်တယ်။

---

## အခန်း ၂၀ အနှစ်ချုပ်

မိမိဗီဒီယိုအတွက် ရေးတင်ထားတဲ့ comment တွေနဲ့ video response တွေအပေါ် စိတ်မချမ်းမြေ့ဖွယ်ရာတွေ လာတဲ့အခါဖြစ်ဖြစ်၊ မတွေ့ကြုံမိဖြစ်ဖြစ် ဘယ်လိုစီမံထားရှိနိုင်မယ်ဆိုတာကို သိခွင့်ရရှိစေတယ်။

# အခန်း ၂၁

# You Tube channel ကို ကိုယ့်စိတ်တိုင်းကျ ပြုလုပ်ယူခြင်း

မိမိရဲ့ YouTube channel page ကို ကိုယ်ပိုင်ဟန် ကိုယ်ပိုင်ပုံစံနဲ့ စိတ်တိုင်းကျ ပြင်ဆင်ထားရှိခွင့်ပေးထားတယ်။

## Channels များကို နားလည်ခြင်း

YouTube ပေါ်မှာ အသုံးပြုသူတိုင်း ကိုယ်ပိုင်ဆက်သွယ်ရေးလိုင်း ရှိကြတယ်။ ဒါကို ဝေါဟာရအရ channel လို့ ပြောဆိုနိုင်တယ်။ အသုံးပြုသူရဲ့ အနေအထားပုံစံကို ရှုမြင်နိုင်စေဖို့ channel တစ်ခုအသွင်နဲ့ YouTube ပေါ်မှာ ထားနိုင်ခွင့်ရှိတယ်။ YouTube ပေါ်ကို ကိုယ်ပိုင်ဗီဒီယိုရိုက်ချက်တစ်ခု တင်ပို့ပေးလိုက်တာနဲ့ ကိုယ်ပိုင် channel တစ်ခုရှိသွားပြီလို့ ပြောရမှာ ဖြစ်တယ်။ ဒီနေရာမှာ အသုံးပြုသူအနေနဲ့ မိမိတင်ပို့ထားရှိတဲ့ ဗီဒီယိုမှန်သမျှကို ကြည့်ဖို့ မိမိရဲ့ channel ကို ဝင်ရောက်ယူနိုင်တယ်။ ပုံမှန်တင်ပို့ပေးမယ့်သူအဖြစ် စာရင်းဝင်သွားစေတယ်။

YouTube ကြည့်သူတွေက မိမိရဲ့ channel page ကို ဝင်ကြည့်ပြီး မိမိနဲ့ပတ်သက်သမျှကို သိသင့်သလောက် သိသွားစေနိုင်တယ်။ ဒီလိုကြည့်နိုင်ဖို့ ပထမဆုံးဗီဒီယိုတစ်ခုကိုတင်ပို့ပြသပေးလိုက်ကတည်းက YouTube site ပေါ်မှာ မိမိရဲ့ အသုံးပြုသူအမည်ကို ရှိနေစေပြီး ကြည့်ရှုသူက အမည်ကို ကလစ်လုပ်ကာ ကြည့်ရှုကြမှာ ဖြစ်တယ်။ တစ်ဦးစီရဲ့ profile page တွေက တစ်ခုနှင့်တစ်ခု တူညီမှုမရှိနိုင်ပေမဲ့ ပုံ ၂၁-၁ မှာ ပြထားသလို ပါဝင်မယ့် အချက်အလက်တွေကတော့ အတူတူမြင်နေပါလိမ့်မယ်။

- စာရင်းသွင်းထားချက်ကို ရိုတ်ဆက်ကြည့်နိုင်မယ့်အချက်အပါအဝင် မိမိရဲ့ သတင်းအချက်အလက်တွေ ပါဝင်မယ်။
- မိမိရဲ့ တင်ပို့ပြီးသမျှ ဗီဒီယိုတွေ တွေ့ရစေမယ်။
- အသုံးပြုသူရဲ့ အီးမေးလ်ကတစ်ဆင့် ဆက်သွယ်ဖို့ link တွေ ရှိနေမယ်။ မတူညီတဲ့ site ကသူတွေရဲ့ ထင်မြင်ယူဆချက်တွေလည်း ရှိနေမယ်။

- မိမိရဲ့အနှစ်သက်ဆုံး ဗီဒီယိုတွေ၊ playlist တွေ၊ အုပ်စုတွေ၊ မိတ်ဆွေတို့လို မိမိရဲ့ အနေအထားကို သိစေနိုင်မယ့် link တွေ ရှိမယ်။
- မကြာသေးခင် အချိန်ပိုင်းတွေက မိမိတင်ထားပေးလိုက်တဲ့ ဗီဒီယို ဒါမှမဟုတ် မိမိ သဘောကျနှစ်ခြိုက်တဲ့ ဗီဒီယိုတွေကို တွေ့နိုင်စေမယ်။
- မိမိရဲ့ channel ထဲ စာရင်းသွင်းထားသူတွေ ရှိမယ်။
- မိမိ channel အတွက် ထင်မြင်ယူဆချက် ရေးသားမှုတွေ တွေ့ရမယ်။
- ပိုင်ရှင်အကြိုက်ဆုံး ဗီဒီယိုတွေ ရှိနိုင်တယ်။
- မိမိ channel ကို ဝင်ရောက်ကြည့်ရှုလေ့ရှိသူစာရင်းလည်း ရှိနိုင်တယ်။




ပုံ ၁၂-၁ သမားရိုးကျမြင်တွေ့ရမယ့် YouTube channel page တစ်ခုပုံ

မိမိ channel ထဲ ဝင်ကြည့်သူတစ်ဦးဦးက ပုံမှန်ပရိသတ်အဖြစ် စာရင်းသွင်းထားနိုင်တယ်။ ဒီအတွက် အီးမေးလ်နဲ့ အလိုအလျောက် ဆက်သွယ်ခွင့် ရသွားစေတယ်။

---

**မှတ်ချက် : Subscribing**

Subscription နဲ့ ပတ်သက်လို့ အခန်း ၇ မှာ ဖော်ပြခဲ့ပြီး ဖြစ်တယ်။ ဗီဒီယိုတွေကို ပုံမှန်ကြည့်ခွင့်ရရေးအတွက် စာရင်းသွင်းထားသူလို့ နားလည်ထားနိုင်တယ်။

---



## မိမိ channel page အတွက် ကိုယ်ပိုင်အမှတ်သားများ ပြုလုပ်ခြင်း

YouTube channel page ဆိုတာ တကယ်တော့ profile page ပဲဖြစ်တယ်။ မိမိရဲ့ ဝတ္တိုင်နဲ့ မိမိရဲ့စိတ်ကြိုက်အနေအထား ထင်ဟပ်စေမယ့် လုပ်ချက်တွေ ထားရှိလို့ကြမှာ ဖြစ်တယ်။


My Account page ကနေ မိမိရဲ့ channel page တစ်ခုကို ကိုယ်ပိုင်အမှတ်အသားတွေ ထားရှိနိုင်ဖို့ အောက်ပါလုပ်ငန်းစဉ်များနဲ့ လုပ်ကိုင်ရပါလိမ့်မယ်။

(၁) YouTube page တစ်ခုခုရဲ့ထိပ်ပိုင်းမှာရှိတဲ့ Account link ကို ကလစ်လုပ်ပါ။

(၂) ပုံ ၁၂-၂ မှာပြထားတဲ့အတိုင်း My Account page ပေါ်ထွက်လာတဲ့အခါ More section အတွင်းက Edit Channel link ကို ကလစ်လုပ်ရတယ်။

(၃) Edit Channel Info page ပေါ်လာတဲ့အခါ page ရဲ့ဘယ်ဘက်ခြမ်းက Channel Design link လုပ်ပါ။

(၄) လက်ရှိ channel page ကို ပြသတာဖြစ်တဲ့အတွက် ပုံ ၁၂-၃ မှာ ပြထားသလို အပေါ်ပိုင်းထိပ်မှာ editing button တွေပါလာမှာ ဖြစ်တယ်။ Settings, Themes, Colors, Modules စသလို channel page အတွက် အရေးပါတဲ့ edit buttons ဖြစ်တယ်။





ပုံ ၁၂-၂ My Account page ကနေ မိမိ channel ပြင်ဆင်မှုအတွက် အသင့်လုပ်ကိုင်နိုင်မယ့်အချက်တွေကို အသင့်တွေ့မြင်ရပုံ




ပုံ ၁၂-၃ မိမိရဲ့ channel page ရဲ့ တည်းဖြတ်လိုတဲ့အပိုင်းနဲ့ သက်ဆိုင်တဲ့ button တစ်ခု ကို ကလစ်လုပ်ယူပုံ

## Channel Setting များ တည်းဖြတ်ခြင်း

Setting button ကို ကလစ်လုပ်တဲ့အခါ ပုံ ၂၁- ၄ မှာ မြင်တွေ့ရသလို channel page ရဲ့ ထိပ်ပိုင်းမှာ setting panel သစ်တစ်ခုကို မြင်တွေ့ကြရလိမ့်မယ်။ ဒီ panel မှာ channel page ခေါင်းစီးအမည်ကို တည်းဖြတ်ဖို့ပါသလို tag များကို ချထားဖို့လည်း ခွင့်ပေးထားမှာဖြစ်တယ်။ လုပ်သင့်လုပ်ထိုက်သမျှကို ပြောင်းလဲပေးပြီးတာနဲ့ Save Changes button ကို ကလစ်လုပ်ပေးလိုက်ရတယ်။




ပုံ ၂၁-၄ Channel တစ်ခုအတွက် title နဲ့ tag များ တည်းဖြတ်လုပ်ကိုင်ပုံ

## Channel Themes နဲ့ Colors တည်းဖြတ်ခြင်း

မိမိရဲ့ channel page ရဲ့ အသွင်အပြင်နဲ့ ဆွဲဆောင်မှုတွေရှိဖို့ ပြောင်းလဲချက်တွေ လုပ်လိုတဲ့အခါ Themes and Colors button ကို ကလစ်လုပ်ယူရတယ်။ ပုံ ၂၁-၅ မှာ ပြထားသလို Themes နဲ့ Colors pane တွေကို page ရဲ့ ထိပ်မှာ ခင်းပြပေးလိမ့်မယ်။ Theme အတွက် စိတ်ကြိုက် color theme တစ်ခုကို ကလစ်လုပ်ရတယ်။




ပုံ ၂၁-၅ Channel ရဲ့ အရောင်အသွင်အပြင်ကို ပြောင်းလဲယူပုံ


ဒီထက်ပိုပြီး စိတ်တိုင်းကျ ဖန်တီးဆင်ယင်လိုသေးတယ်ဆိုရင် Show Advance Option link ကိုကလစ်လုပ်ယူရပါမယ်။ Page element အမျိုးမျိုးကိုထိန်းချုပ်ဆောင်ရွက်နိုင်စေမယ့် option တွေနဲ့အတူ themes and colors pane မှာ ပါရှိထားတာ တွေ့နိုင်တယ်။ Channel page ရဲ့ နောက်ခံမှာ ကိုယ်ပိုင် image ကို ထည့်သွင်းယူနိုင်ပါသေးတယ်။ Background Image section ကနေ JPEG ဒါမှမဟုတ် GIF image တစ်ခုကိုရွေးချယ်ယူဖို့ Choose File button ကို ကလစ်လုပ်ယူရတယ်။ Page ကို ဖွင့်လိုက်တာနဲ့ နောက်ခံပုံရိပ် အလိုအလျောက်ပါလိုတယ်ဆိုရင် default ကိုရွေးပြီး ပိုပြီးရှည်လျားတဲ့ page တစ်ခုမှာ တောက်လျှောက်ပါဝင်စေတယ်ဆိုရင် Repeat Background Option မှာ check အမှတ်အသား ပြပေးရတယ်။ အားလုံးကျေနပ်နှစ်သြိုက်သွားပြီဆိုရင်တော့ Save Changes button ကို ကလစ်လုပ်လိုက်ရုံပါပဲ။



## Channel Modules တည်းဖြတ်ခြင်း

မိမိရဲ့ channel page ပေါ်မှာ ဘယ်လို content တွေ ခင်းပြပေးမယ်ဆိုတာကိုလည်း တည်းဖြတ်ဆောင်ရွက်ခွင့်ရှိတယ်။ ပုံ ၂၁-၆ မှာ ပြထားသလို Modules button ကို ကလစ်လုပ်ပြီး Module pane ကို ခေါ်ယူလိုက်ပြီး အောက်ပါလုပ်ငန်းစဉ်အဆင့်တွေနဲ့ လုပ်ဆောင်ကာ content, display အခင်းအကျင်းကို တည်းဖြတ်ယူရတယ်။

- ထင်မြင်ယူဆချက်များ (Comments)
- စာရင်းသွင်းထားသူများ (Subscribers)
- မိတ်ဆွေများ (Friends)
- စာရင်းသွင်းယူခြင်း (Subscriptions)
- မကြာသေးခင်က အခြေအနေ (Recent activity)




ပုံ ၂၁- ၆ မိမိ channel page အတွက် content module များ ရွေးချယ်ယူပုံ

နောက်ဆုံး Save Changes button ကို ကလစ်လုပ်ပေးလိုက်ပါ။

---

**မှတ်ချက် : Default Content**

မိမိရဲ့ channel page တွေ အားလုံးပေါ်မှာ user information, Uploads, Favorites, big featured video စသလို content module တွေ အလိုအလျောက် ပေါ်လာစေတဲ့ အစီအစဉ်ကို default content လို့ ခေါ်ဆိုတယ်။

---

## အခန်း ၂၁ အနှစ်ချုပ်

မိမိရဲ့ channel page တစ်ခုကို ကိုယ်တိုင်စိတ်တိုင်းကျ ထားရှိနိုင်စေဖို့ ဘယ်လိုလုပ်ဆောင်ခွင့်ရှိတယ်ဆိုတာကို သိရှိခွင့်ရစေတယ်။

# အခန်း ၂၂
# ကြည့်ရှုသူတို့ကို ခြေရာကောက် မှတ်တမ်းတင်ယူခြင်း

မိမိရဲ့ဗီဒီယိုတွေကို ကြည့်ရှုသူတွေနဲ့ ပတ်သက်လို့ ဘယ်သူတွေ ဘယ်လိုကြည့်ရှုခဲ့သလဲ ဆိုတာကို ခြေရာကောက်ယူပြီး မှတ်တမ်းတင်ထားရှိနိုင်ပါတယ်။

## အခြေခံကြည့်ရှုသူများကို ခြေရာကောက်ယူခြင်း

YouTubeပေါ်ကို ဗီဒီယိုတင်ပို့သူတစ်ဦးအနေနဲ့ မိမိရဲ့ဗီဒီယိုအပေါ် ဘယ်လောက်များ စိတ်ဝင်စားကြသလဲလို့ စူးစမ်းကြည့်လိုစိတ်ရှိကြမှာ အမှန်ဖြစ်တယ်။ ကံကောင်းထောက်မစွာပဲ YouTube က ဗီဒီယိုတစ်ခုချင်းအပေါ် ဘယ်လိုအခြေအနေရှိတယ်ဆိုတာ ခြေရာကောက်နိုင်စေဖို့ နည်းလမ်းတွေ ပံ့ပိုးပေးထားတယ်။

YouTube ရဲ့ ဗီဒီယိုတစ်ခုအပေါ် အမှန်းတင်ပေးတဲ့ ပထမဆုံး tool ကို ဗီဒီယိုတစ်ခုချင်းရဲ့ page ညာဘက်မှာ ထားရှိတယ်။ ဗီဒီယိုခင်းပြပေးတဲ့ နေရာအောက်နားက Statistics and Data tab ကို ကလစ်လုပ်လိုက်တဲ့အခါ ပုံ ၂၂-၁ မှာ ပြထားသလို စာရင်းဇယားပုံစံအမျိုးမျိုးနဲ့ ပြထားတာကို မြင်တွေ့နိုင်တယ်။ စာရင်းဇယားမှာ-




ပုံ ၂၂-၁ Video page တစ်ခုရဲ့စာရင်းဇယားနဲ့ အချက်အလက်ကို စစ်ဆေးကြည့်ရှုရာတွင် မြင်တွေ့ရပုံ။

- ဗီဒီယိုအတွက် ဂုဏ်ပြုဆုရိုးကျူးတဲ့အနေအထား ဒါမှမဟုတ် ဆု
- ကြည့်ရှုသူတွေရဲ့ favourite list တွေမှာ ပါဝင်ခြင်း ရှိ၊ မရှိ အနေအထား
- တခြား website တွေကတစ်ဆင့် ချိတ်ဆက်ကြည့်ရှုမှု အကြိမ်အရေအတွက်

Video player ရဲ့အောက်မှာ ကြည့်ရှုမှုစာရင်းဇယားကို တိုက်ရိုက်ထားရှိခြင်းကလည်း အသုံးဝင်လှတယ်။ ဘယ်နှကြိမ် ဝင်ရောက်ကြည့်ထားကြပြီးပြီလဲဆိုတာကို ချက်ချင်းသိနိုင်တယ်။

---

**လက်တို့အညွှန်း : Clicks**

YouTube site ပေါ်က မိမိရဲ့ဗီဒီယိုကို ကလစ်လုပ်ပြီး ကြည့်ရှုယူတဲ့ အကြိမ်အရေအတွက် ဗီဒီယိုအပေါ် ချိတ်ဆက်လာမှုကို မှတ်ယူထားစေတယ်။

---

ဘယ်လောက်အထိ ကြည့်ရှုခဲ့တယ်ဆိုတာကို Views Statistics မှာ မြင်တွေ့ရတဲ့အခါ ကြည့်ရှုသူအတွက် ပိုပြီး ဆွဲဆောင်မှု ရှိသွားစေတယ်။ ဗီဒီယိုတင်ပို့ထားသူကလည်း ဒီစာရင်းဇယားကို မြင်တွေ့ရပြီး အားရကျေနပ်မှုတွေ ခံစားခွင့်ရကြတယ်။ အနည်းဆုံး အကြိမ် ၁၀၀ လောက် ကြည့်ရှုသူရှိသွားပြီဆိုရင်ပဲ အကောင်းဆုံးအနေအထားရှိတယ်။

## Advanced Statistics ကို ကိုင်တွယ်ခြင်း

ဗီဒီယိုတစ်ခုရဲ့စွမ်းဆောင်ရည်နဲ့ပတ်သက်ပြီး အသေးစိတ်ကျတဲ့အခြေအနေကို သိရှိလိုတယ်ဆိုရင် YouTube ရဲ့ Insight tool ကို ဖွင့်ကြည့်ရမှာဖြစ်တယ်။ သတ်မှတ်ထားတဲ့ အချိန်ကာလအတောအတွင်း ပထဝီဒေသအလိုက် ကြည့်ရှုသူအနေအထားကို Insight က ဖော်ပြပေးစေတယ်။ တခြားဗီဒီယိုတွေ ကြည့်ရှုသူအခြေအနေနဲ့ မိမိဗီဒီယိုကိုကြည့်ရှုသူ အခြေအနေနှစ်ရပ် နှိုင်းယှဉ်ပြီး ကြည့်နိုင်ပါသေးတယ်။


Insight tool ကို အသုံးချဖို့ YouTube page တစ်ခုခုရဲ့ထိပ်ပိုင်းက အသုံးပြုသူအမည်ဘေးမှာရှိတဲ့ down arrow ကို ကလစ်လုပ်ပြီး My Videos ကို ကလစ်ထပ်လုပ်ပါ။ My Videos page ပေါ်က ဗီဒီယိုတစ်ခုချင်းရဲ့ဘေးမှာ Insight button ရှိနေတယ်။ ဒီ button ကို ကလစ်လုပ်လိုက်တာနဲ့ Insight ထဲ ရောက်သွားပါလိမ့်မယ်။

ဗီဒီယိုတစ်ခုစီရဲ့ Insight page မှာ Views, Discovery, Demographics, Community, Hot Spots စတဲ့ tabs ငါးခု ရှိနေမှာဖြစ်တယ်။

## Insight Views

Insight Views tab အနေနဲ့ ပုံ ၂၂-၂ မှာ မြင်တွေ့ကြရသလို အကြိမ်အရေအတွက်နဲ့ ဒေသဆိုင်ရာ နှစ်ခုလုံးနဲ့အတူ ဂရပ်ဖစ်အခင်းအကျင်းနဲ့ တင်ပြထားပေးတယ်။






ပုံ ၂၂-၂ အကြိမ်အရေအတွက်နဲ့ ကြည့်ရှုလာတဲ့ ဒေသအပိုင်းအခြားကို မှတ်တမ်းတင်ပေးထားတဲ့ Insight View ကို မြင်တွေ့ရပုံ

ဘယ်ဘက်ခြမ်းက သတ်မှတ်ကာလအတွင်း ကြည့်ရှုထားတဲ့ အရေအတွက်ကို ဂရပ်နဲ့ပြထားပေးတယ်။ လွန်ခဲ့တဲ့ ၁ ရက်၊ ၅ ရက်၊ ၁ လ၊ ၃ လ၊ ၅ လ၊ ၁ နှစ် စသဖြင့် ကာလအပိုင်းအခြားနဲ့ သိရှိခွင့်ရနိုင်တယ်။ ဒီလိုကာလအပိုင်းအခြားအတွက် ရွေးချယ်မှုကို ဂရပ်ရဲ့အောက်က slider နဲ့ သတ်မှတ်ပြဆိုပေးရတယ်။

---

**မှတ်ချက် : All Views**

YouTube site ကို ဝင်ရောက်ပြီး မိမိဗီဒီယိုကို ကြည့်ရှုတဲ့အရေအတွက်ကအစ တခြား site တွေဆီကို သယ်ယူမြှုပ်နှံထည့်ထားတဲ့ အရေအတွက်အထိ အားလုံးကို viewscount data အဖြစ် ထားရှိပေးတယ်။

---

မိမိဗီဒီယိုကို ဝင်ရောက်ကြည့်ရှုကြတဲ့သူတွေရဲ့ နေရာဒေသကို အရောင်ခွဲခြားပြီး မြေပုံနဲ့တကွ ညွှန်းဆိုပြသပေးတယ်။ ဘယ်နိုင်ငံလဲဆိုတာကို သိဖို့အတွက် အရောင်နဲ့ ခွဲခြားသိနိုင်သလို ကျယ်ပြန့်ကြီးမားတဲ့ ဒေသပိုင်းဆိုင်ရာအတွက် အသေးစိတ်ကြည့်ရှုဖို့ country ကို ကလစ်လုပ်ကြည့်နိုင်ပါတယ်။

---

**မှတ်ချက် : Regions**

အမေရိကန်နိုင်ငံ၊ အာရှနိုင်ငံ၊ အာဖရိကနိုင်ငံ၊ ဥရောပနိုင်ငံ၊ အရှေ့ အလယ်ပိုင်း ဒေသနဲ့ တောင်အမေရိကစတဲ့ ဒေသခွဲခြားမှုကို regions အလိုက် ဆန်းစစ်မှုလို့ မှတ်ယူနိုင်တယ်။


---

Country အား region လား ဆိုတာကို ရွေးချယ်ယူတဲ့အခါ ဂရပ်ရဲ့ဘယ်ဘက်မှာ ဧရိယာအလိုက် viewcount တွေ ပေါ်လာတယ်။ Back to All countrieslink ကို ကလစ်လုပ်ရင်တော့ ကမ္ဘာတစ်ဝန်းလုံးအခြေအနေပြဂရပ်ကို ပြန်ရောက်သွားလိမ့်မယ်။

## Insight Discovery

ပုံ ၂၂-၃ မှာ မြင်တွေ့ရသလို Insight Discovery tab က မိမိရဲ့ ဗီဒီယိုပရိသတ် ဘယ်လောက်ရှိနေပြီဆိုတာကို ပြပေးတယ်။ ပြပေးပုံနဲ့ ပတ်သက်ပြီး အောက်ပါအတိုင်း နည်းလမ်းတွေ ထားရှိတယ်။

- YouTube Search (YouTube site အတွင်း ရှာဖွေမှု)
- Embedded Player (တခြား site များသို့ မိမိဗီဒီယိုထားရှိမှု)
- YouTube Other (YouTube အတွင်းမှ တခြားဗီဒီယိုများ)
- External Links (ပြင်ပအချိတ်အဆက်)
- Google Search (Google ဖြင့် ရှာဖွေမှု)
- Google Video (Google အတွင်းမှ ဗီဒီယိုရှာဖွေမှု)
- Viral/ Other (ပိုင်းရပ်စ်အခြေအနေ)




ပုံ ၂၂-၃ မိမိဗီဒီယိုများကို Insight Discovery tab အသုံးပြုပြီး အဆုံးအဖြတ်ပေးထားကြပုံ

---

**လက်တို့အညွှန်း : More Data**

အတိအကျ အကြောင်းအချက်တစ်ခုကို ကြည့်ရှုနိုင်ဖို့ discovery method တစ်ခုကို ကလစ်လုပ်ပြီး ကြည့်နိုင်တယ်။ ဥပမာအနေနဲ့ YouTube Search link ကို ကလစ်လုပ်တဲ့အခါ မိမိဗီဒီယိုကို ကြည့်ထားတဲ့ ရှာဖွေမှုစာရင်းတစ်ခုကို မြင်တွေ့ရမှာ ဖြစ်တယ်။ Query link တစ်ခုကို ကလစ်လုပ်ခြင်းအားဖြင့် အသေးစိတ်အချက်အလက်များ ပိုပြီး သိခွင့်ရစေတယ်။

---



## Insight Demographics

ဘယ်သူတွေက မိမိဗီဒီယိုတွေကိုကြည့်နေသလဲဆိုတာ လေ့လာလိုတဲ့အခါ Insight Demographics tab ကို ကလစ်လုပ်ရတယ်။ ပုံစံဇယားနှစ်ခုနဲ့ ပြပေးပါလိမ့်မယ်။ ပထမတစ်ခုက အဆက်အသွယ်အတိုင်းအတာနဲ့ ကြည့်ရှုသူစာရင်းဖြစ်ပြီး ဒုတိယတစ်ခုကတော့ ကျား၊ မ ခွဲခြားပြသမှုဖြစ်တယ်။ ဒီအတွက် အဆက်အသွယ် အတိုင်းအတာတစ်ခုရဲ့ ကျား၊ မ ခွဲခြားသိခွင့်လည်း ရနိုင်စေတယ်။

## Insight Community

မိမိဗီဒီယိုအပေါ် ထင်မြင်ချက်တွေပေးကြတဲ့အခြေအနေကိုသိလိုရင် Insight Community tab ကို ကလစ်လုပ်ရတယ်။ အချိန်အခါအလိုက် ဘယ်နေရာ၊ ဘယ်ဒေသတွေက ကြည့်ပြီး မှတ်ချက်ပြုနေတယ်ဆိုတာကို သိနိုင်တယ်။

## Insight Hot Spots

တခြားဗီဒီယိုတွေနဲ့ နှိုင်းယှဉ်တဲ့အခါ မိမိဗီဒီယိုက ဘယ်လောက်အထိ ပေါ်ပြူလာဖြစ်နေတယ်ဆိုတာကို Insight Hot Spots tab ကို ကလစ်လုပ်ပြီး ကြည့်နိုင်တယ်။


## မိမိဗီဒီယိုအားလုံးရဲ့ စွမ်းဆောင်ရည်ကို လေ့လာယူခြင်း

YouTube ရဲ့ Insight tool က မိမိဗီဒီယိုတစ်ခုချင်းအပေါ် တစ်ဦးချင်း တစ်ယောက်ချင်းရဲ့ ကြည့်ရှုစစ်ဆေးမှုကိုသာမက မိမိဗီဒီယိုအားလုံးအပေါ် စိတ်ဝင်စားမှု အခြေအနေ အရပ်ရပ်ကိုလည်း ပံ့ပိုးဆောင်ရွက်ပေးပါသေးတယ်။ ဒီလို စုစုဝေးဝေးပုံစံပြု စာရင်းဇယားကိုကြည့်ဖို့ YouTube page တစ်ခုရဲ့ထိပ်မှာရှိနေတဲ့ Account link ကို ကလစ်လုပ်ရတယ်။ My Account ပေါ်လာတဲ့အခါ Insight link ကိုထပ်ပြီး ကလစ်လုပ်ပေးရမှာ ဖြစ်တယ်။

Insight All Videos page ကို ခင်းပြပေးပါလိမ့်မယ်။ အဲဒီ page မှာလည်း summary, views, Demographics, Community ဆိုတဲ့ tab လေးခု ထားရှိပေးတယ်။

Summary tab ကတော့ သစ်လွင်ပြီး ထူးခြားမှုရှိပေမဲ့ တခြား tab သုံးခုကတော့ ကွာခြားချက်များစွာ မရှိနိုင်ပါ။

ပုံ၂၂-၄ ကိုကြည့်ပြီး မိမိရဲ့ဗီဒီယိုနဲ့ပတ်သက်လို့ တစေ့တစောင်းကြည့်တဲ့အခါ Insight All videos summary tab ရဲ့ ပြသမှုထူးခြားပုံကို သိနိုင်ပါလိမ့်မယ်။ စုစုပေါင်း ကြည့်ရှုမှုအနေအထားအသေးစိတ်ကို ဂရပ်နဲ့ ပြထားပေးတယ်။ ဘယ်ဗီဒီယိုမှာ ဘယ်လောက်ထိကြည့်ရှုထားတယ်ဆိုတဲ့ ရာခိုင်နှုန်းကို အသက် ကျား၊ မ ခွဲခြားမှုနဲ့အတူ မြင်တွေ့နိုင်ပါလိမ့်မယ်။




ပုံ၂၂-၄ မိမိ channel အတွင်းက ဗီဒီယိုအားလုံးအတွက် စွမ်းဆောင်အခြေပြ အကျဉ်းချုပ် ပုံစံကြည့်ရှုပုံ

---

**လက်တို့အညွှန်း : Filter**

Insight All Videos Summary tab ရဲ့ထိပ်က pull-down button တွေ အသုံးပြုပြီး date, country, region တို့ ခွဲခြားစစ်ထုတ်ယူနိုင်ပါတယ်။

---

## အခန်း ၂၂ အနှစ်ချုပ်

မိမိဗီဒီယိုတွေကို ကြည့်ရှုသူတွေနဲ့ ပတ်သက်ပြီး အသေးစိတ် ပြန်လှန်လေ့လာမှု ပြုနိုင်ပုံကို သိခွင့်ရစေတယ်။



# အခန်း ၂၃
# You Tube Account ကို စီမံခန့်ခွဲခြင်း


YouTube နဲ့ ပတ်သက်ပြီး မိမိရဲ့ profile နဲ့ account တို့အတွက် အသေးစိတ်အစီအမံများကို ကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်စရာတွေ ရှိလာတတ်ပါတယ်။

## မိမိကိုယ်ရေးအကျဉ်းကို တည်းဖြတ်တင်ပြခြင်း

ဘယ်လိုအွန်လိုင်းဆားဗစ်မှာပဲဖြစ်ဖြစ် မိမိရဲ့ profile နဲ့ account ဆိုတာ ထားရှိပေးရမြဲ ဖြစ်တယ်။ YouTube မှာလည်း မိမိနဲ့ပတ်သက်တဲ့ အကြောင်းအရာတချို့ကို ဖော်ပြပေးဖို့ လိုအပ်တယ်။ Account link ကို ကလစ်လုပ်ပြီး ဝင်ကြည့်ရတဲ့ My Account page တစ်ခုကို စီမံထားရှိပေးရတယ်။

မိမိရဲ့ YouTube profile ကို ဖော်ပြနိုင်ရေးအတွက် တည်းဖြတ်စီမံရမယ့် လုပ်ငန်းစဉ်တွေ ရှိလာတယ်။ ဒီအတွက် My Account page ရဲ့ ဘယ်ဘက်ခြမ်းပေါ်မှာရှိတဲ့ profile setup link ကို ကလစ်လုပ်ယူရပါမယ်။ ပုံ၂၃-၁ မှာ ပြထားတဲ့အတိုင်း profile setup page ပေါ်ထွက်လာတဲ့အခါ အောက်ပါအသေးစိတ်အချက်တွေကို ဖြည့်သွင်းထားပေးရတယ်။

- **About Me** : မိမိအကြောင်း အတိုချုပ်ဖော်ပြချက်၊ မိမိရဲ့website URL၊ မိမိရဲ့ ဓာတ်ပုံတို့ ပါရှိရပါမယ်။
- **Personal Detail** : အမည်၊ ကျား/မ ၊ အသက်၊ မိသားစုတို့နဲ့ ပတ်သက်ပြီး ဖော်ပြပေးရမယ်။
- **Hometown, Location** : နေရပ်လိပ်စာ ပါရပါမယ်။
- **Jobs, Career** : ရာထူးအဆင့်နဲ့ အလုပ်အကိုင်ဌာန ဖော်ပြပေးရမယ်။
- **Education** : ပညာရေးအဆင့် ထည့်ပေးရမယ်။
- **Interests** : အကြိုက်နှစ်သက်ဆုံး ရုပ်မြင်သံကြားအစီအစဉ်၊ ရုပ်ရှင်၊ တေးဂီတနဲ့ စာအုပ်များ အပါအဝင် ဝါသနာများကို ထည့်သွင်းဖော်ပြပေးရမယ်။




ပုံ ၂၃-၁ မိမိရဲ့ YouTube profile ကို တည်းဖြတ်စီမံယူပုံ

အားလုံးဖြည့်သွင်းဖော်ပြပြီးရင် Save Change button ကို ကလစ်လုပ်လိုက်ရပါတယ်။

## အီးမေးလ်လိပ်စာပြောင်းခြင်း

မိမိရဲ့ အီးမေးလ်လိပ်စာ အပြောင်းအလဲရှိခဲ့ရင် YouTube မှာလည်း စာရင်းပေးသွင်းထားတဲ့ မူလအီးမေးလိပ်စာကို ပြောင်းပစ်ဖို့ လိုအပ်ပါတယ်။ Email option ကို ကလစ်လုပ်ပြီး ပြင်ဆင်ထည့်သွင်းယူရတယ်။ Email Option က My Account page ရဲ့ ဘယ်ဘက်ခြမ်းမှာ ရှိတယ်။ Email address နဲ့ password များကို ပြောင်းပြီးတာနဲ့ Save Change button ကို ကလစ်လုပ်ရုံပါပဲ။

## စကားဝှက်ပြောင်းခြင်း


အသုံးပြုတိုင်းအတွက် password ဆိုတဲ့ စကားဝှက်ကိုပါ ပေးကြရတယ်။ လုံခြုံမှုကို ရှေးရှုပြီး မကြာခဏဆိုသလို စကားဝှက်အပြောင်းအလဲလည်း လုပ်ယူကြရတတ်တယ်။ ဒီအတွက် My Account page ရဲ့ ဘယ်ဘက်ခြမ်းမှာရှိတဲ့ Manage Account link ကို ကလစ်လုပ်ပြီး Change Password option ကို ရွေးချယ်ပေးလိုက်ပါ။ မူလ password နဲ့ဝင်လိုက်ပြီး အသင့်ဖြစ်တဲ့အခါ password အသစ်ကို နှစ်ကြိမ်ရိုက် နှိပ်ပေးရတယ်။ ပြီးရင် Change Password button ကို ကလစ်လုပ်ယူပါ။



## Privacy နဲ့ Email Setting ကို စီမံခြင်း

မိမိအကြောင်းကို တခြားသူတွေအတွက် အသေးစိတ် မသိစေလိုတဲ့အခါ ဒါမှမဟုတ် ဘယ်လိုအီးမေးလ်တွေ ရောက်နေတယ်ဆိုတာ သိလိုရင် စီမံထားရှိနိုင်တဲ့ setting တွေ ရှိနေပါတယ်။ မိမိအတွက် တသီးတခြား အစီအစဉ်မျိုးနဲ့ရှိစေဖို့ setting တွေကို ပြောင်းလိုတယ်ဆိုရင် ပုံ ၂၃-၂ မှာ ပြထားတဲ့အတိုင်း My Account page ရဲ့ ဘယ်ဘက်ခြမ်းပေါ်က Privacy linkကိုကလစ်လုပ်လိုက်ရတယ်။ပြောင်းလဲနိုင်မယ့်အကြောင်းအရာတွေကတော့ အောက်ပါအတိုင်းဖြစ်တယ်။

- **Search and Contact Restrictions :** မိမိအခင်မင်ဆုံး မိတ်ဆွေများအတွက်သာ message တွေ ပို့ယူဖို့နဲ့ ဗီဒီယိုမျှဝေဖို့ ဒါမှမဟုတ် မိမိရဲ့အီးမေးလ်လိပ်စာနဲ့ မိမိ channel ကို အသုံးပြုခွင့်ပေးသူတို့သာသုံးဖို့ အကန့်အသတ်ထားရှိတာဖြစ်တယ်။
- **Active sharing :** မိမိအနေနဲ့ တခြားသူတွေရဲ့ ဗီဒီယိုကို ကြည့်ခဲ့တဲ့အတွက် ထိုသူများအတွက်သာ မိမိရဲ့ channel page ကို ခေါ်ယူကြည့်ရှုခွင့်ပေးစေတာဖြစ်တယ်။
- **Recent Activity :** မိမိ channel page ရဲ့ Recent Activity box အတွင်းက ဘယ်လိုလှုပ်ရှားမှုများ ပေါ်လာစေမယ်ဆိုတာ ဆုံးဖြတ်ယူရတာဖြစ်တယ်။
- **Advertising Settings :** မိမိရဲ့ personal info ကို အသုံးပြုဖို့ခွင့်ပြုလိုရင် အဆိုပါအစီအမံအတွက် uncheck အမှတ်အသားပြပေးဖို့ ဖြစ်တယ်။




ပုံ ၂၃-၂ မိမိရဲ့ privacy setting များ တည်းဖြတ်ယူပုံ

မိမိရရှိတဲ့အီးမေးလ်တွေကို စီမံပေးနိုင်တဲ့ တချို့လုပ်ဆောင်နိုင်တဲ့အချက်တွေကို privacy setting effect လို့ သိထားကြတယ်။ My Accounts page ရဲ့ ဘယ်ဘက်ခြမ်းပေါ်က Email Option button ကို ကလစ်လုပ်ခြင်း အစီအမံတွေကို ရယူနိုင်စေတယ်။


- မိမိဆီဝင်လာမယ့် အီးမေးလ်သတင်းလွှာနဲ့ပတ်သက်ပြီး ဆုံးဖြတ်အတည်ပြုပေးနိုင်တယ်။
- အပတ်စဉ် email update လုပ်နိုင်ဖို့ သတိပေးချက်များကိုလည်း အတည်ပြုထားရှိနိုင်သလို ကြော်ငြာနဲ့အတူ ခွင့်ပြုဖို့လည်း အတည်ပြုဆုံးဖြတ်ယူနိုင်တယ်။

## ပြန်ကြည့်မှုအတွက် စိတ်ကြိုက်စီမံခြင်း

နောက်ဆုံးကျန်ရှိတဲ့ ချိန်ညှိမှုကိစ္စကတော့ အလိုက်သင့်တွဲဖက်လုပ်နိုင်စေမယ့် ချိန်ညှိမှုပဲ ဖြစ်တယ်။ Configure လုပ်ယူတယ်လို့ ဆိုနိုင်ပါတယ်။ ပုံ ၂၃-၃ ပြထားသလို page ရဲ့ ဘယ်ဘက်ခြမ်းပေါ်က My Account page ကို သွားပြီး Playback Setup link ကို ကလစ်လုပ်ရပါတယ်။ YouTube ပေါ်မှာ ဗီဒီယိုတွေကြည့်ဖို့အတွက် default setting တစ်ခုကို ရွေးလို့ရတယ်။

- လက်ရှိဆက်သွယ်ရေးအမြန်နှုန်းပေါ် အခြေခံပြီးဗီဒီယိုရဲ့ အရည်အသွေးပြောင်းနိုင်ဖို့ ရွေးချယ်ပေးပါ။ (Default setting)
- ဆက်သွယ်လိုင်းအမြန်နှုန်းက နှေးတဲ့အတွက် အရည်အသွေးမြင့်မြင့် မရနိုင်ပါ။ (dial-up internet connection)
- အမြန်နှုန်းကောင်းတဲ့အတွက် အမြဲတစေ အရည်အသွေးမြင့်ဗီဒီယိုကို ခွင့်ပြုပါ။ (HQ mode နဲ့အတူ default playback ဆုံခြင်း)

အထူးညွှန်းဆိုမှုကို အခြေခံထားတဲ့ ဗီဒီယိုတွေပေါ်မှာ မိမိရဲ့ညွှန်းဆိုချက်နဲ့ ကြည့်ဖို့လည်း ရွေးချယ်နိုင်ပါတယ်။ ဗီဒီယိုတွေပေါ်မှာ annotation ကို ဖွင့်ဆိုပြသပေးဖို့ Show Annotation option ဆိုတာကို check အမှတ်အသား ပြပေးရတယ်။ ဗီဒီယိုပေါ်မှာ ဒီလို ညွှန်းဆိုချက်မျိုး မမြင်တွေ့လိုရင် uncheck အမှတ်အသားကို ပြပေးပါ။




ပုံ ၂၃-၃ မိမိရဲ့ ဗီဒီယို playback setting များကို တည်းဖြတ်ယူပုံ



## အခန်း ၂၃ အနှစ်ချုပ်

YouTube account setting အမျိုးမျိုးကို ညှိယူပုံ၊ ညှိယူနည်းနဲ့ အထိုင်ချယူပုံတို့ကို သိရှိခွင့်ရစေတယ်။

အခန်း ၂၄

# တခြားအသုံးပြုသူနဲ့ ဆက်သွယ်ခြင်း

YouTube မှာ အသုံးပြုနေကြတဲ့ မိတ်ဆွေတွေအတွက် မိတ်ဆွေစာရင်း ဖန်တီးထားနိုင်သလို အဆက်အသွယ်များကိုလည်း လိုအပ်ရင် လိုအပ်သလို လုပ်ယူနိုင်တယ်။

## YouTube Email လက်ခံပို့ယူခြင်း

တခြားအသုံးပြုသူတစ်ဦးရဲ့ ဗီဒီယိုကို အများက ဝိုင်းပြီး ထင်မြင်ယူဆချက်တွေ ရေးကြ ပေးကြတယ်ဆိုတာက ယေဘုယျသဘောဖြစ်ပေမဲ့ တစ်ခါတစ်ရံ တိုက်ရိုက်ဆက်သွယ်ပြီး ထင်မြင်ယူဆချက်ပေးလို့ရတဲ့အထိ လုပ်ပိုင်ခွင့် ရှိနေတယ်။ ဒီအတွက် YouTube မှာ internal email system ဆိုတာ ထားရှိပေးတယ်။ YouTube site ကတစ်ဆင့် တစ်ဦးနဲ့တစ်ဦး အီးမေးလ်လက်ခံပို့ယူနိုင်တဲ့ပုံစံ ဖြစ်တယ်။

## အီးမေးလ်သတင်းလွှာပေးပို့ခြင်း

YouTube အသုံးပြုသူတစ်ဦးစီကို အီးမေးလ်ပို့ရာမှာ မိမိရဲ့ web browser ကနေ အလွယ်တကူပေးနိုင်တယ်။ လုပ်ရမယ့်လုပ်ငန်းစဉ်တွေကတော့ အောက်ပါအတိုင်းဖြစ်တယ်။

(၁) ဘယ်လိုဗီဒီယိုပေါ်က အသုံးပြုသူရဲ့အမည်ကိုဖြစ်ဖြစ် ဒါမှမဟုတ် အသုံးပြုသူရဲ့ channel page ကို သုံးနိုင်မယ့် search results page ကိုဖြစ်ဖြစ် ကလစ်လုပ်ပါ။


(၂) အသုံးပြုသူရဲ့ profile box ကိုသွားပြီး ပုံ ၂၄-၁ မှာ ပြထားတဲ့အတိုင်း Send Message ကို ကလစ်လုပ်ယူရတယ်။

(၃) Compose page ပေါ်လာတဲ့အခါ ပုံ-၂၄-၂ မှာ ပြထားတဲ့အတိုင်း Subject box ထဲမှာ သတင်းလွှာအကြောင်းအရာကို ရိုက်သွင်းပေးပါ။

(၄) Message box အတွင်းမှာ မိမိပေးပို့လိုတဲ့ သတင်းကို ရိုက်သွင်းရပါမယ်။




ပုံ ၅၄-၁ အသုံးပြုသူရဲ့ channel page ပေါ်က Send Message link ကို ကလစ်လုပ်ယူပုံ




ပုံ ၅၄-၂ တခြား YouTube အသုံးပြုသူဆီကို အီးမေးလ်သတင်းလွှာ ပို့လွှတ်လိုက်ပုံ

(၅) တကယ်လို့ မိမိဗီဒီယိုကိုပါ သတင်းလွှာနဲ့အတူ ပေးပို့လိုတယ်ဆိုရင် Attach Video list ကို ဆွဲချယူပြီး ပေးပို့လိုတဲ့ ဗီဒီယိုကိုရွေးချယ်ပေးပါ။

(၆) Send Message button ကို ကလစ်လုပ်လိုက်ရပါမယ်။



မိမိရဲ့ သတင်းလွှာက အခုအခါအသုံးပြုသူရဲ့ YouTube email box ထဲမှာ ပေါ်လာလိမ့်မယ်။

## တခြားအသုံးပြုသူထံက အီးမေးလ်သတင်းလွှာကို ဖတ်ခြင်း

မိမိရဲ့ YouTube inbox ထဲကို ရောက်လာတဲ့ တခြားအသုံးပြုသူရဲ့ သတင်းလွှာကို ဖတ်ရှုမြင်တွေ့နိုင်ဖို့ အောက်ပါလုပ်ငန်းစဉ်အတိုင်း လုပ်ဆောင်ရတယ်။


(၁) YouTube page တစ်ခုခုရဲ့ထိပ်ပိုင်းမှာရှိတဲ့ email icon ကို ကလစ်လုပ်ပါ။

(၂) Inbox page ပေါ်လာတဲ့အခါ Personal Messages ကို page ဘယ်ဘက်ခြမ်းမှာ ရွေးထားပြီး ဖြစ်နေရပါမယ်။

(၃) ဒီ page ပေါ်မှာ မိမိရဲ့ email message အားလုံးကို ချိတ်ယူနိုင်မယ့် links တွေ ပေါ်လာပေးတယ်။ မဖတ်ရသေးတဲ့ သတင်းလွှာအတွက် စာလုံးအထူအမည်းနဲ့ ပြထားပေးမှာ ဖြစ်တယ်။ ဖတ်လိုတဲ့ message ကို ကလစ်လုပ်လိုက်တဲ့အခါ ပုံ ၅၄-၃ မှာ မြင်တွေ့ရသလို အပြည့်အစုံ ပေါ်ထွက်လာစေတယ်။

(၄) အကြောင်းပြန်ကြားလိုရင် Reply button ကို ကလစ်လုပ်ပါ။

(၅) ဖတ်ပြီးတဲ့အခါ ပယ်ဖျက်ထားလိုရင် Delete button ကို ကလစ်လုပ်ပါ။




ပုံ ၅၄-၃ မိမိရဲ့ YouTube inbox ထဲမှ message များကို ကြည့်ရှုမြင်တွေ့ရပုံ

### လက်တို့အညွှန်း : Other Messages

YouTube system က တစ်ဆင့်ပေးပို့ထားတဲ့ သတင်းလွှာအမျိုးမျိုး မိမိရဲ့ Inbox page မှာ ပါနေမှာဖြစ်တယ်။ Page ရဲ့ ဘယ်ဘက်ခြမ်းမှာ အားလုံးရှိနေတယ်။ တခြားအသုံးပြုသူက မျှဝေထားတဲ့ ဗီဒီယိုများလည်း တွေ့နိုင်တယ်။ မိမိဗီဒီယိုအတွက် အဆိုပြုထားတဲ့ ထင်မြင်ယူဆချက်တွေလည်း ရှိနေမှာဖြစ်တယ်။ ဒါ့အပြင် ထပ်မံမိတ်ဆွေဖွဲ့လာသူတွေရဲ့ message တွေလည်း တွေ့ရပါလိမ့်မယ်။

## မိတ်ဆွေများနဲ့ လုပ်ကိုင်ခြင်း

YouTube က မိမိရဲ့ဗီဒီယိုများကို မျှဝေလိုသူတွေရဲ့စာရင်းကို ဖန်တီးခွင့်ပေးထားတယ်။ ဒီစာရင်းကို facebook မှာ မြင်တွေ့ကြရတဲ့ friends lists တို့၊ buddy lists တို့လို ပုံစံနဲ့ ထားရှိနိုင်တယ်။ မိမိစာရင်းထဲမှာ ပါဝင်သူရဲ့အမည်ကို ကလစ်လုပ်လိုက်တာနဲ့ မိမိရဲ့ ဗီဒီယိုတွေကို မျှဝေနိုင်ခွင့်ရှိသွားတဲ့သဘော ဖြစ်တယ်။

## မိတ်ဆွေတစ်ဦးကို စာရင်းမှာ ထည့်သွင်းယူခြင်း

မိမိလက်ရှိ မိတ်ဆွေစာရင်းမှာ မိတ်ဆွေသစ်တစ်ဦးကို ဖြည့်သွင်းလိုရင် အောက်ပါလုပ်ငန်းစဉ်အတိုင်း အလွယ်တကူ ထည့်သွင်းယူလို့ရတယ်။

(၁) ဘယ်ဗီဒီယိုပေါ်က အသုံးပြုသူရဲ့အမည်ကို ကလစ်လုပ်လို့ပဲဖြစ်ဖြစ်၊ အသုံးပြုသူရဲ့ channel page ကို သွားဖို့ search result page ကို ကလစ်လုပ်လို့ပဲဖြစ်ဖြစ် ခေါ်ယူလိုက်ပါ။

(၂) Connect to box ကို သွားပြီး add မှာ ကလစ်လုပ်ပေးလိုက်တာနဲ့ မိတ်ဆွေစာရင်းထဲ ထည့်ပြီးဖြစ်သွားပါလိမ့်မယ်။

ဆိုလိုတာက မိမိကမိတ်ဆွေအဖြစ် သတ်မှတ်ကြောင်း သတင်းပို့လိုက်တာဖြစ်ပြီး တခြားသူကလည်း လက်ခံတယ်ဆိုရင် သူ့ရဲ့မိတ်ဆွေစာရင်းထဲကို ဝင်သွားစေတယ်။

## မိမိမိတ်ဆွေများဆီကို သတင်းလွှာပေးပို့ခြင်း

မိမိမိတ်ဆွေတွေက YouTube address book ထဲကို အလိုအလျောက် ထည့်သွင်းပြီး ဖြစ်သွားစေတယ်။ မိမိ channel ထဲ စာရင်းသွင်းထားသူများပါသလို မိမိကစာရင်းပေးသွင်းထားတဲ့ channels ပိုင်ရှင်များလည်း ပါရှိမှာဖြစ်တယ်။ မိမိမိတ်ဆွေစာရင်းထဲက တစ်ဦးဦးဆီကို သတင်းလွှာတစ်ခုကို ပေးပို့လိုတဲ့အခါ အောက်ပါလုပ်ငန်းစဉ်အဆင့်များအတိုင်း လုပ်ကိုင်ရပါလိမ့်မယ်။



(၁) YouTube page တစ်ခုခုရဲ့ထိပ်က email icon ကို ကလစ်လုပ်ပါ။

(၂) Inbox page ပေါ်လာတဲ့အခါ page ရဲ့ ဘယ်ဘက်ခြမ်းပေါ်က Address Book link ကို ကလစ်လုပ်ပေးရတယ်။

(၃) ပုံ- ၂၄-၄ မှာ မြင်တွေ့ရတဲ့အတိုင်း Address book page ကို ဆက်သွယ်နိုင်မယ့် စာရင်းအားလုံးကို ဖော်ပြပေးထားတယ်။ မိမိပေးပို့လိုသူရဲ့အမည်ကို check အမှတ်အသား ပြပေးလိုက်ပါ။ ဒီနေရာမှာ တစ်ဦးထက်မက ပေးပို့လိုသူတိုင်းကို ပေးပို့နိုင်ဖို့ အမည်များပေါ်မှာ တစ်ခုထက်မက check အမှတ်အသား ပြပေးခွင့်ရှိတယ်။

(၄) Compose button ကို ကလစ်လုပ်ပါ။


(၅) Compose page ပေါ်ထွက်လာတဲ့အခါ Subject box ထဲကို မိမိပေးပို့လိုတဲ့ သတင်းခေါင်းစဉ်ကို ရိုက်ထည့်ပေးရပါမယ်။

(၆) Message box ထဲကို ပေးပို့လိုတဲ့ အကြောင်းအရာများ ရိုက်ထည့်ရတယ်။

(၇) သတင်းလွှာနဲ့အတူ ဗီဒီယိုတွဲထည့်လိုတယ်ဆိုရင် Attach Video စာရင်းကို ဆွဲချယူပြီး ဗီဒီယိုရွေးချယ်ပေးလိုက်ရမယ်။

(၈) Send Message button ကို ကလစ်လုပ်ပါ။

ကလစ်လုပ်လိုက်တာနဲ့ မိမိရဲ့မိတ်ဆွေများဆီသို့ သတင်းလွှာပို့ပြီး ဖြစ်သွားပါလိမ့်မယ်။




ပုံ ၂၄-၄ YouTube address book ကို ကြည့်ရှုမြင်တွေ့ရပုံ

## အခန်း ၂၄ အနှစ်ချုပ်

တခြား YouTube အသုံးပြုသူတွေထံကို ဘယ်လို message ကို ပေးပို့နိုင်တယ်ဆိုတာ သိခွင့်ရစေသလို မိတ်ဆွေစာရင်းထဲ စာရင်းသွင်းပုံများကို သိခွင့်ရစေတယ်။

# အခန်း ၂၅
# မြင်ကွင်းအကြီးစားကြီးများပေါ်မှာ YouTube XL ကို ကြည့်ရှုခြင်း

တစ်ကိုယ်ရေသုံးကွန်ပျူတာရဲ့ display ပေါ်မှာ မြင်ကွင်းသေးသေးငယ်ငယ်နဲ့ မြင်တွေ့ရတာကို အားမလိုအားမရဖြစ်လာသူတွေအနေနဲ့ display အကြီးစားကြီးတွေ ရုပ်မြင်သံကြားစက်တွေနဲ့ တွဲဖက်ကြည့်လိုတဲ့အခါမှာလည်း ကြည့်နိုင်တဲ့အခွင့်အလမ်းရှိပါတယ်။

## YouTube XL မိတ်ဆက်

လူအများစုကတော့ ကွန်ပျူတာ မော်နီတာတွေပေါ်မှာပဲ YouTube ဗီဒီယိုတွေကို ကြည့်ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ခေတ်သုံး မော်နီတာအများစုက ထောင့်ဖြတ်အတိုင်းအတာ ၁၅ လက်မကနေ ၁၉ လက်မအထိ ရှိနေကြလို့ပါပဲ။ ညေ့ခန်းတွေထဲမှာထားရှိတဲ့ ရုပ်မြင်သံကြားစက်ရဲ့ မြင်ကွင်းအရွယ်အစားထက်တော့ သေးကောင်းသေးနိုင်ပါလိမ့်မယ်။ ဒါပေမဲ့လည်း တချို့က YouTube ဗီဒီယိုတွေကိုပင် ရုပ်မြင်သံကြားစက်ပေါ်တင်ပြီး ကြည့်လိုကြတယ်။ ကွန်ပျူတာနဲ့ ရုပ်မြင်သံကြား စက်တွေကို ဆက်သွယ်ဆောင်ရွက်နိုင်တဲ့ option တွေကလည်း ရှိထားပြီး ဖြစ်နေပါတယ်။

သမားရိုးကျ ပုံမှန်အသုံးပြုနေတဲ့ YouTube site ကို မြင်ကွင်းအကြီးကြီးနဲ့ ကြည့်တဲ့အခါ ပြဿနာတော့ရှိနိုင်တယ်။ မူလဒီဇိုင်းက ကွန်ပျူတာ မော်နီတာလေးတွေပေါ်မှာ ကြည့်ဖို့ ပြုလုပ်ထားတဲ့အစီအမံဖြစ်တယ်။ နည်းပညာသဘောအရ 10-inch interface လို့ ခေါ်ဆိုသတ်မှတ်တယ်။ ရုပ်မြင်သံကြားနဲ့ ကြည့်တဲ့အခါ 10- foot interface နဲ့မှသာ အဆင်ပြေနိုင်မယ်။

ဒီအတွက် YouTube က ကြီးမားတဲ့ မြင်ကွင်းကြီးတွေနဲ့ ကြည့်ဖို့အတွက် 10-foot interface နဲ့ ဖန်တီးထားတဲ့ sub-site တစ်ခုကို မိတ်ဆက်ပေးလာတယ်။ ဒီဆင့်ပွား site အသစ်ကို YouTube XL လို့ခေါ် ဆိုပြီး www.youtube.com/xl ဆိုတဲ့ လိပ်စာနဲ့ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

## YouTube XL ကို ကြည့်ခြင်း

ပုံ ၂၅-၁ မှာ မြင်တွေ့ရသလို ပင်မ YouTube site မှာ မြင်တွေ့ရတဲ့ အသွင်အပြင်မျိုး မဟုတ်တဲ့ပုံစံနဲ့ မြင်တွေ့ရမှာဖြစ်တယ်။ 10-foot distance တစ်ခုမှာ အဆင်ပြေချောမွေ့စွာ မြင်ကွင်းကြီးကြီး၊ ပုံစံကျကျနနနဲ့ မြင်တွေ့နိုင်တယ်။




ပုံ ၂၅-၁ အလွန်ကြီးမားတဲ့ display တွေ အတွက် ပြုလုပ်ပေးထားတဲ့ YouTube XL ရဲ့ ပင်မစာမျက်နှာပုံ

## ပင်မစာမျက်နှာကို ညွှန်ပြခြင်း

Page ရဲ့ ဘယ်ဘက်ခြမ်းမှာရှိတဲ့ လမ်းညွှန်ပြချက်တွေကို အသုံးချပြီး YouTube XL ကို လမ်းညွှန်ဆောင်ရွက် လုပ်ကိုင်နိုင်တယ်။ Videos, Search, Username, Settings ဆိုတဲ့ main tabs ၄ ခု ရှိတယ်။ Videos ဒါမှမဟုတ် username tab ကို ကလစ်လုပ်ခဲ့ရင် အောက်ပါအတိုင်း အပိုဆောင်း tab တွေအားလုံး ပေါ်ထွက်လာပါလိမ့်မယ်။


- **Spotlight :** main Videos tab ရဲ့ အောက်မှာ တစ်နေ့တာအတွက် ကြည့်သင့်တယ်လို့ ယူဆထားတဲ့ ဗီဒီယိုများကို ပြသပေးတယ်။
- **Top Rated :** main Videos tab ရဲ့ အောက်မှာ လူကြည့်အများဆုံး အဆင့်ပြဖြစ်နေတဲ့ ဗီဒီယိုစာရင်းကို ကြည့်နိုင်တယ်။
- **Most Viewed :** ဒီနေ့ လူကြည့်အများဆုံးကို main Videos tab အောက်မှာရှိနေတဲ့ လမ်းညွှန်ဖြစ်တယ်။
- **More :** Main Videos tab အောက်မှာ more tab ကိုနှိပ်ပြီး Recently Added, Most Popular, Most Discussed, Rising Videos, Top Favorited, Most Re-



sponded, Top Music, Top Major Label Music, Yop Indie Music, Top Un-signed Music, Education စသလို အမျိုးအစားအမျိုးမျိုးနဲ့ ခွဲခြားပြသထားတဲ့ ဗီဒီယိုတွေကို ကြည့်နိုင်တယ်။
- **Search :** Videos box အတွက် search တစ်ခုကို ခင်းပြပေးမယ့် tab ဖြစ်တယ်။
- **My Videos :** Username tab အောက်မှာရှိနေပြီး မိမိတင်ပို့ထားတဲ့ ဗီဒီယိုများကို ခင်းပြပေးမယ့် tab ဖြစ်တယ်။
- **Favorites :** Username tab အောက်မှာရှိပြီး မိမိရဲ့ အကြိုက်နှစ်သက်ဆုံး ဗီဒီယိုစာရင်းဆီကို သွားနိုင်တဲ့ tab ဖြစ်တယ်။
- **Playlists :** မိမိကိုယ်တိုင် စုဆောင်းထားခဲ့တဲ့ playlists ကို ခင်းပြပေးတဲ့ tab ဖြစ်ပြီး Username tab က တစ်ဆင့်သွားရတယ်။
- **Sign Out :** Username tab အောက်ကနေ YouTube site ကို ပိတ်ဆို့ကလစ်လုပ်နိုင်မယ့် tab ဖြစ်တယ်။
- **Settings :** Primary setting ၂ ခုနဲ့ ခင်းပြပေးတဲ့ tab ဖြစ်တယ်။ ကြည့်လက်စဗီဒီယို ပြီးသွားရင် နောက်ဆက်ကြည့်မယ့်ဗီဒီယိုချိန်ပေးမှုနဲ့ အတော်အသင့်စိစစ်ပေးဖို့ ချိန်ညှိပေးမှုတို့အတွက်ဖြစ်တယ်။ မိမိ account အတွက် language နဲ့geography set-ting နှစ်ခုကိုလည်း အဆင်ပြေပြေဖြစ်အောင် ညှိနှိုင်းမှုလည်း ပေးထားပါသေးတယ်။

## YouTube XL ဂု ရှာဖွေယူခြင်း

Video tab အောက်က အဓိကအမျိုးအစားကို browsing လုပ်ယူလို့ဖြစ်ဖြစ်၊ search-ing ကို အသုံးချလို့ဖြစ်ဖြစ်၊ YouTube XL ပေါ်က ဗီဒီယိုတွေကို ရှာကြည့်နိုင်တယ်။ Main




ပုံ ၂၅-၂ YouTube XL မှာ searching ဆောင်ရွက်ပုံ

page ရဲ့ ညာဘက်အပေါ်ထောင့်မှာရှိတဲ့ Search box က ဖြစ်ဖြစ်၊ Search tab ကို ကလစ်လုပ်လို့ဖြစ်ဖြစ် ဗီဒီယိုကို ပုံ ၂၅-၂ အတိုင်း ရှာဖွေရွေးချယ်လို့ရတယ်။ ဒီလိုရှာဖွေချင်းကပ် နည်းနစ်မျိုးလုံးနဲ့အတူ ကွန်ပျူတာကီးဘုတ်ကနေ Search box ထဲကို ရိုက်ထည့်ပြီး Search button ကို ကလစ်လုပ်ပေးရုံပါပဲ။

## XL Video များ ကြည့်ခြင်း

အမျိုးအစားကိုခွဲခြားပြီး browsing လုပ်ကြည့်လို့ဖြစ်ဖြစ်၊ search result အရ ကြည့်လို့ဖြစ်ဖြစ် You Tube XL က screen တစ်ခုမှာ ဗီဒီယို ၅ မျိုး တင်ပေးထားပါလိမ့်မယ်။ အထက်အောက်မြားကနေ scroll လုပ်ပြီး ရွေးချယ်ကလစ်လုပ်ယူရတယ်။ ငါးခုတစ်တွဲ ဗီဒီယိုတွေကို ခင်းပြပေးနေမှာဖြစ်တယ်။

ဗီဒီယိုကြည့်ဖို့ကတော့ ရိုးရှင်းစွာနဲ့ thumbnail လေးကို ကလစ်လုပ်ရုံပါပဲ။ ပုံ ၂၅-၃ မှာ ပြထားတဲ့အတိုင်း ဗီဒီယိုမြင်ကွင်းကြီးကြီးနဲ့ မြင်တွေ့ကြရတယ်။ ပုံမှန်အသုံးပြုမယ့် YouTube site ဖြစ်တဲ့အတွက် XL videos များကို အလိုအလျောက် စပြပေးတယ်။

Playback ထိန်းချုပ်မှုများကို ကြည့်နေတဲ့ဝင်းဒိုးလေးပေါ်ကို cursor မြားလေးရွှေ့ပေး လိုက်တာနဲ့ ပေါ်လာလေ့ရှိတယ်။ Play, Pause, Previous (video), next (video), Shuffle, Fullscreen စတဲ့ ထိန်းချုပ်ခလုပ်တွေ ရှိနေပါလိမ့်မယ်။ Video playback ဝင်းဒိုး မှာ အောက်ပါ buttons ၅ ခု ပါရှိတယ်။

- **Favorite :** မိမိရဲ့ favorite list ထဲကို ကြိုက်နှစ်သက်တဲ့ဗီဒီယို ထည့်သွင်းထားရှိဖို့ အသုံးပြုရတဲ့ button ဖြစ်တယ်။




ပုံ ၂၅-၃ You Tube XL video တစ်ခုကို မြင်တွေ့ရပုံ



- **Flag :** စည်းကမ်းနဲ့မညီညွတ်တဲ့ ဗီဒီယို ဒါမှမဟုတ် မသင့်လျော်တဲ့ ဗီဒီယိုတစ်ခုအဖြစ် သတ်မှတ်ဖို့ ခလုတ်တစ်ခုဖြစ်တယ်။
- **Share :** တခြားအသုံးပြုသူများဆီကို မျှဝေလိုတဲ့ ဗီဒီယိုအတွက် button ကို ကလစ်ပြီး ပေးပို့နိုင်တဲ့ခလုတ်ဖြစ်တယ်။ Share button ကို ကလစ်လုပ်လိုက်တာနဲ့ Email box တစ်ခုကို ခင်းပြလာလိမ့်မယ်။ လက်ခံရယူလိုသူနဲ့ အီးမေးလ်လိပ်စာကို ဖြည့်သွင်းယူရမှာဖြစ်သလို Message box မှာလည်း အသိပေးလိုတဲ့ သတင်းအချက် ရိုက်သွင်းပေးရတယ်။ ပြီးရင် Send button ကို နှိပ်ပေးလိုက်ရုံပါပဲ။
- **Info :** ဗီဒီယိုနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်များကိုသိရှိဖို့ ကလစ်လုပ်ယူရမယ့် button ဖြစ်တယ်။ အသုံးပြုသူအမည်၊ ဗီဒီယိုစာရင်းရိုက်သွင်းတဲ့ရက်စွဲ၊ ကြည့်ရှုထားပြီးသမျှအရေအတွက်၊ စတားပြအဆင့်နှုန်းထား စတဲ့ သတင်းအချက်အလက်များ ပါဝင်တယ်။
- **Related :** အဲဒီဗီဒီယိုနဲ့ ပတ်သက်ဆက်နွယ်နေတဲ့ ဗီဒီယိုများစာရင်းကို ကြည့်ရှုနိုင်ဖို့ အသုံးပြုနိုင်တဲ့ button ဖြစ်တယ်။

Button တစ်ခုစီက သူတို့နဲ့သက်ဆိုင်တဲ့ လုပ်ဆောင်ချက်တိုင်းကို လုပ်ကိုင်ပေးဖို့ လိုအပ်တိုင်း ကလစ်လုပ်ရုံပါပဲ။

မူလ YouTube XL ရဲ့ main page ကို ပြန်သွားဖို့ ဗီဒီယိုဝင်းဒိုးရဲ့ ဘယ်ဘက်ခြမ်းက ဘယ်ဘက်သို့ပြထားတဲ့မြားကို ကလစ်လုပ်ပေးလိုက်ရတယ်။

## မြင်းကွင်းပြည့်နဲ့ ကြည့်ရှုခြင်း

မြင်ကွင်းကြီးကြီးတစ်ခုနဲ့ YouTube XL ကို ကြည့်ရှုတဲ့အခါ အရည်အသွေးအပြည့်ရှိတဲ့ ရုပ်သံများနဲ့ ကြည့်ရှုခွင့်ရနိုင်တယ်။ အထူးသဖြင့် HD videos များ HDTVs တွေအပေါ် တင်ကြည့်ခြင်းအားဖြင့် အရသာပြည့် ခံစားခွင့်ရသွားစေတယ်။

ဒီလိုကြည့်ရှုဖို့ Full screen button ကို ကလစ်လုပ်ပေးရတယ်။ မူလအနေအထား အရွယ်အစားကို ပြန်သွားလိုရင် Esc button ကို ကလစ်လုပ်ပေးလိုက်ရုံပါပဲ။

## ကွန်ပျူတာနဲ့ TV Display တို့ကို ဆက်သွယ်ယူခြင်း


YouTube XL ရဲ့မူလရည်ရွယ်ချက်ကိုက YouTube ဗီဒီယိုမြင်ကွင်းကြီးကြီးနဲ့ ကြည့်ရှုနိုင်ဖို့ဖြစ်တဲ့အတွက် ကွန်ပျူတာနဲ့ ရုပ်မြင်သံကြားစက်တို့ကို ဆက်သွယ်ဆောင်ရွက်ယူရပါလိမ့်မယ်။

ဒီအခါမှာ ဆယ်သွယ်ယူတဲ့ ပုံစံအမျိုးအစားကလည်း ကွန်ပျူတာအမျိုးအစားနဲ့ ရုပ်မြင်သံကြားအမျိုးအစားတို့ရဲ့ ဝင်ပေါက်ပုံစံပေါ် မူတည်နေတယ်။ ကွန်ပျူတာရဲ့ထွက်ပေါက်

ပုံစံအမျိုးအစားနဲ့ ရုပ်မြင်သံကြားရဲ့ ဝင်ပေါက်ပုံစံအမျိုးအစားအလိုက် ဆက်သွယ်ကြိုးကို အသုံးပြုရတော့မှာဖြစ်တယ်။

ဆက်သွယ်အသုံးပြုနိုင်မယ့်ကြိုးရဲ့ထိပ်မှာရှိတဲ့ ခေါင်းပေါ်မူတည်ပြီး ဆက်သွယ်ကြိုးရဲ့ အမျိုးအစားကို ပုံ ၂၅-၄ မှာ ပြသတဲ့အတိုင်း ခွဲခြားသတ်မှတ်ထားလေ့ရှိတယ်။

- **VGA :** အနားပြိုင်စတုဂံ ပုံစံပြု VGA ထွက်ပေါက်တွေကို ကွန်ပျူတာစနစ်တိုင်းမှာ ပါရှိလေ့ရှိတယ်။ တချို့ရုပ်မြင်သံကြားစက် တချို့မှာလည်း VGA ဝင်ပေါက်ရှိနေတတ်ပါတယ်။ (Y-connection ပုံစံဖြစ်ရင်တော့ VGA မှာ ရုပ်ပိုင်းဆိုင်ရာဝင်ပေါက်အဖြစ် အသုံးချနိုင်ပြီး audio လို သီးခြားထွက်ပေါက်၊ ဝင်ပေါက်နဲ့ သုံးနိုင်တယ်။)




(ပုံ-၂၅-၄) ယေဘုယျအသုံးချ video connections များပုံ

- **DVI :** Digital video connection ဖြစ်တယ်။ ဒီနေ့ခေတ်ပိုင်း ကွန်ပျူတာစနစ် တော်တော်များများမှာ DVI output သီးခြား ပါရှိလာတတ်တယ်။ ရုပ်မြင်သံကြားစက်တိုင်း မပါရှိဘူးဆိုပေမဲ့ ဒီနေ့ခေတ်ပိုင်းမှာတော့ များသောအားဖြင့်ပါရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် DVI ပါရှိရင် HDMI နဲ့ ပြောင်းလဲပြီး ပေးပို့နိုင်စေမယ့် အခွင့်အလမ်းတစ်ခုကို ရရှိသွားစေတယ်။



- **HDMI :** ကွန်ပျူတာတိုင်းမှာ မပါရှိနိုင်သေးပေမဲ့ အဆင့်မြင့်ပါဝါသုံး ကွန်ပျူတာတိုင်းမှာတော့ HDMI input ပါရှိတတ်တယ်။ ဒီနေ့ခေတ်ပေါ် LCD/ LED နဲ့ plasma TVs တွေမှာ HDMI port ပါရှိတတ်တယ်။
- **S-Video :** တချို့ကွန်ပျူတာမှာ ရိုးရှင်းတဲ့ S-Video connector ထည့်သွင်းပါဝင်ထားတတ်တယ်။ Resolution နိမ့်နိမ့်နဲ့ ထုတ်လွှတ်ပေးနိုင်တဲ့ ဆက်သွယ်မှုလို့ မှတ်ယူနိုင်ပါလိမ့်မယ်။

---

**သတိပြုရန် : Low Resolution**

S-Video ဆိုတာ standard definition video အတွက်သာ အဆင်ပြေစေတယ်။ HD video အတွက် မဆောင်ရွက်နိုင်ပါ။

---

တကယ်လို့ မိမိကွန်ပျူတာမှာ VGA port တစ်မျိုးသာရှိနေမယ်ဆိုရင် ယခုအခါ VGA ကနေ HDMI ကို ပြောင်းသုံးနိုင်မယ့် cable နဲ့ adaptor ကို ဝယ်ယူအသုံးပြုလို့ ရနိုင်ပါတယ်။ ဒါပေမဲ့ ဈေးနှုန်းချိုချိုသာသာနဲ့တော့ ရနိုင်လိမ့်မယ်မဟုတ်ပါ။

---

**လက်တို့အညွှန်း : Wireless Keyboard**

မိမိကွန်ပျူတာစနစ်နဲ့ ရုပ်မြင်သံကြားစက်တို့ ဆက်သွယ်လို့ရပြီးပြီဆိုရင်ပင် YouTube XL site နဲ့ အပြန်အလှန်ဆက်သွယ်ဖို့ ကီးဘုတ်နဲ့မောက်စ် လိုအပ်နေမှာ ဖြစ်တယ်။ ဒီအခါမှာ ကြိုးမဲ့စနစ်သုံး ကီးဘုတ်နဲ့မောက်စ်ကို အသုံးပြုခြင်းအားဖြင့် ပိုပြီး အဆင်ပြေစေတယ်။

---

## အခန်း ၂၅ အနှစ်ချုပ်

မြင်ကွင်းကြီးကြီးမားမားနဲ့ YouTube ဗီဒီယိုတွေကို ကြည့်နိုင်မယ့် အခွင့်အလမ်းအကြောင်းနဲ့ ဆက်သွယ်ဆောင်ယူရမယ့် လုပ်နည်းလုပ်ဟန်မျိုးကို သိခွင့်ရနိုင်စေတယ်။

# အခန်း ၂၆
# မိမိရဲ့ YouTube ဗီဒီယိုများကို အမှတ်တင်ယူခြင်း

မိမိတင်ပို့ထားတဲ့ ဗီဒီယိုများကို ကြည့်ရှုသူတွေ ပိုပြီး စိတ်ဝင်စားစေဖို့ အမှတ်တင်ယူဖို့နဲ့ ပတ်သက်လို့ ဘယ်လိုဆောင်ရွက်သင့်သလဲဆိုတာ သိထားရပါလိမ့်မယ်။

## ထည့်သွင်းပါဝင်နိုင်ခွင့် ရယူခြင်း

YouTube site ပေါ်မှာ ဗီဒီယိုပေါင်း သန်းပေါင်းများစွာ ရှိနေမှာဖြစ်တဲ့အတွက် မိမိ တင်ပို့လိုက်တဲ့ဗီဒီယိုကို ကြည့်ရှုနစ်မြှုပ်စေဖို့ ဆွဲဆောင်မှု လုပ်ယူမယ့်ပုံစံ ရှိနေရမှာဖြစ်တယ်။

ပေါ်ပြူလာဖြစ်တဲ့ ဗီဒီယိုတိုင်းမှာ တစ်ခုကောင်းတော့ အနည်းဆုံးရှိကြတယ်။ ဗီဒီယို ပုံစံအမျိုးအစားကို ယေဘုယျအနေနဲ့ ခွဲခြားပြောမယ်ဆိုရင် ဖျော်ဖြေရေးလား၊ ပညာပေး လား၊ သတင်းပေးလားဆိုတဲ့ ၃ မျိုးအတွင်းမှာ ရှိနေတတ်တယ်။ မိမိဗီဒီယိုက အဲဒီ အမျိုး အစား ၃ မျိုးထဲက တစ်ခုဖြစ်နေစေရမယ်။

## ဖျော်ဖြေရေး ဗီဒီယိုများ

တကယ်တော့ YouTube ပေါ်က ဗီဒီယိုအများစုက ဖျော်ဖြေရေးအတွက် ဖြစ်နေ တယ်။ လူ့သဘာဝရဲ့ ချစ်စရာအသွင်အပြင်လေးတွေ၊ လျှပ်တစ်ပြက်ဟာသလေးတွေနဲ့ ခနဲ့တဲ့တဲ့ လှောင်တောင်တောင် အပြုအမူလေးတွေကို တပ်ဆင်ထားလေ့ရှိတယ်။

---

**လက်တို့အညွှန်း : Authority**

အကြောင်းအရာတစ်ခု တစ်ခုတင်ပြမှုအပေါ် အခွင့်အာဏာတစ်ခုအနေနဲ့ ကိုယ်တိုင် တည်ဆောက်ပြဋ္ဌာန်းနိုင်ရင် မိမိရဲ့သတင်းပေးဗီဒီယိုများအတွက် စာရင်းသွင်းကြည့်သူ အားလုံးကို တခြားသူကို ပြန်ပြခွင့်ပြုနိုင်တယ်။

---

ဒါပေမဲ့ ဖျော်ဖြေရေးဆိုင်ရာ ဗီဒီယိုတွေမှာ ဘယ်လိုအကန့်အသတ်မျိုးမှ မထားရှိပါ။ ကြည့်ရှုလိုက်ရတဲ့အခါ စိတ်လက်ပေါ့ပါးသွားနိုင်စေမယ့် တင်ပြမှုမျိုး ဖြစ်နေစေရမှာ ဖြစ်တယ်။

## သတင်းပေး ဗီဒီယိုများ

ကြည့်ရှုသူတွေအတွက် သိသင့် သိထိုက်၊ ကြည့်သင့် ကြည့်ထိုက်တဲ့ သတင်းအထောက်အထားမျိုးကို တင်ပြပေးတာ ဖြစ်တယ်။ မသိလိုက်ရမဖြစ်စေဖို့ ပြသပေးတဲ့ ပုံစံမျိုးလည်း ဖြစ်နိုင်တယ်။ ဒီအတွက် ဘယ်လိုအကြောင်းအရာလဲဆိုတာ သတ်မှတ်ထားလို့မရအောင် ကျယ်ကျယ်ပြန့်ပြန့်ရှိတယ်။ ဒါပေမဲ့ တင်ပြပေးတဲ့ သတင်းမှာပါတဲ့ အဖြစ်အပျက်ရဲ့ အချိန်ကာလအတိအကျတော့ ပါစေရပါလိမ့်မယ်။

## ပညာပေးဗီဒီယိုများ

တစ်ဦးတစ်ယောက်ကနောက်တစ်ယောက်ကိုလုပ်ငန်းတစ်ခုကိုဘယ်လိုဆောင်ရွက်ယူရတယ်ဆိုတာကို ဗီဒီယိုနဲ့ ရိုက်ကူးတင်ပြတာမျိုးကို ပညာပေးဗီဒီယိုလို့ ခေါ်နိုင်သလို၊ အကြံပေးတင်ပြမှု ဒါမှမဟုတ် ဘာသာရပ်တစ်ခုကို ကွက်ကွက်ကွင်းကွင်းမြင်စေဖို့ တင်ပြမှုတစ်ခုခုကို ပညာပေးဗီဒီယိုလို့ ခေါ်ဆိုသတ်မှတ်ကြတယ်။ ဥပမာအနေနဲ့ မော်တာအင်ဂျင်ပိုင်လိပ်ပုံ၊ ဟင်းတစ်မျိုးမျိုးကို ချက်ပြုတ်ယူပုံစသလို လုပ်ငန်းအဆင့်ဆင့်ကိုမြင်သာထင်သာအောင် ရိုက်ကူးတင်ဆက်ပေးတာမျိုး ဖြစ်တယ်။ ပညာပေးဗီဒီယိုမှာ တင်ပြပေးလိုတာကို YouTube သဘာဝနဲ့ ကိုက်ညီအောင် ၁၀ မိနစ်ထက်မကျော်စေဘဲ ရှိနေစေဖို့ အရေးကြီးပါတယ်။

---

**အဓိပ္ပာယ်ရှင်းလင်းချက် : Storyboard**

ဗီဒီယိုရိုက်ချက်တစ်ခုအတွက် ပြကွက်လေးများကို တစ်ခုပြီးတစ်ခု စီကာစဉ်ကာ လုပ်ယူတာကို storyboard လို့ ခေါ်တယ်။

---

## မိမိဗီဒီယိုများ ရှာဖွေကြည့်ရှုနိုင်ဖို့ စီမံခြင်း

YouTube ပေါ် တင်ပြပေးလိုက်တဲ့ ဗီဒီယိုကို ရှာဖွေကြည့်နိုင်ဖို့ ဘယ်လိုစီစဉ်မလဲဆိုတာကတော့ ရိုးရှင်းပါတယ်။ အသုံးပြုသူတော်တော်များများက မိတ်ဆွေတွေကို မျှဝေဖို့ သူတို့ရဲ့အနှစ်ခြိုက်ဆုံး ဗီဒီယိုတွေအတွက် email links များ ထားရှိစမြဲ ဖြစ်တယ်။ ဒါပေမဲ့ တော်တော်များများက အင်တာနက်မှာ သိလိုတာကို ရှာဖွေနိုင်သလို ဗီဒီယိုတွေအတွက်လည်း ကြည့်လိုရာကို ရှာဖွေလိုကြတယ်။



ဒီအတွက် မိမိရဲ့ဗီဒီယိုများကို ရှာဖွေကြည့်နိုင်မယ့် အစီအမံထားရှိပေးရမှာ ဖြစ်တယ်။ ရှာဖွေလို့လွယ်လေလေ ကြည့်ရှုသူများလေလေ ဖြစ်လာပါလိမ့်မယ်။ (ကလစ်တစ်ချက်နှိပ်ရုံမျှနဲ့ ဗီဒီယိုရဲ့ first page ပေါ်လာစေနိုင်ရပါမယ်)။

## Tags ရွေးချယ်ခြင်း

ဗီဒီယိုများပြုစုမှုကို တင်ပြခဲ့စဉ်က ဖော်ပြခဲ့တဲ့ tags များအကြောင်းကို မှတ်မိပါလိမ့်မယ်။ YouTube ပေါ်မှာ ဗီဒီယိုတွေအတွက် ရှာဖွေကြည့်ရှုဖို့ အသုံးပြုတဲ့ keywords ဖြစ်တယ်။ Tags မှန်ကန်မှုမရှိရင် ကြည့်ရှုလိုသူက ရှာဖွေတွေ့မှာ မဟုတ်ပါ။ သင့်လျော်မှန်ကန်တဲ့ tags ထည့်သွင်းထားမှသာ ကြည့်ရှုသူတွေက အလွယ်တကူ ရှာဖွေတွေ့နိုင်မှာ ဖြစ်တယ်။

---

**မှတ်ချက် : Tags**

YouTube tag ဆိုတာ website တစ်ခုမှာထားရှိတဲ့ keyword နဲ့ အလားသဏ္ဍာန်တူတယ်။

---

မိမိဗီဒီယိုအတွက် အသုံးချမယ့် tags တွေကိုစီမံဖို့ ပထမဆုံး မိမိကိုယ်ကိုမိမိ ရှာဖွေကြည့်မယ့်သူလို့ သဘောထားပြီး လုပ်ကိုင်ရမှာဖြစ်တယ်။ တစ်နည်းပြောရရင် ကြည့်လိုတဲ့အရာကို ထိထိရောက်ရောက် ဖော်ပြထားနိုင်မယ့် tag လိုအပ်တယ်။

မိမိ tags မှ generic နဲ့ specific keyword နှစ်မျိုး ပေါင်းစပ်ထားရမှာ ဖြစ်တယ်။ ဥပမာအနေနဲ့ မိမိဗီဒီယိုက မီးတောက်အလင်း၊ ဖန်ချောင်းအလင်းအား ခွဲခြားပြောဆိုလိုတဲ့အခါ lighting, light bulb, evergy efficient စသလို generic tags တွေ ပါရှိရမယ်။ ဒါမှမဟုတ် အတိအကျ incandescent, fluorescent စသလို ထည့်သွင်းပါရှိရပါမယ်။ ဒီအတွက်ရှာဖွေကြည့်မယ့်သူအဖို့ဇဝေဇဝါဖြစ်စရာမလိုတော့ဘဲလွယ်လွယ်ကူကူရှာဖွေလို့ရသွားစေတယ်။

## ဆွဲဆောင်မှုရှိတဲ့ ခေါင်းစဉ်အမည်

ကြည့်ရှုမယ့်သူအတွက် ဗီဒီယိုရဲ့အမည်နဲ့လည်း ဆွဲဆောင်မှုပြုနိုင်တယ်။ ခေါင်းစဉ်အမည်က ကြည့်ရှုလိုသူရဲ့ ရှာဖွေမှုအတွက် လွယ်ကူသွားစေရုံသာမက အမည်ကြောင့်ပင် ကြည့်ရှုသူအရေအတွက် များသွားနိုင်စေတယ်။

ကြည့်ရှုမယ့်သူတွေက အမျိုးမျိုးရှိနိုင်တယ်။ တချို့က ဖော်ပြချက်ကို လုံးစေ့ပတ်စေ့ ဖတ်ရှုတတ်သလို တချို့က အပေါ်ယံသဘော ဖတ်တာမျိုးလည်း ရှိနိုင်တယ်။ ဒါကြောင့်

အရေးကြီးတဲ့ စာလုံးသာမကဘဲ အဓိပ္ပာယ်ပေါ်လွင်စေမယ့် စာလုံးများကို သုံးနှုန်းသင့်ပါတယ်။

## Thumbnail Image အကောင်းဆုံးထားရှိမှု

ဗီဒီယိုအမည်အပြင် အပေါ်ကတင်ထားတဲ့ thumbnail image လေးကပင် ကြည့်ရှုလိုတဲ့ဆန္ဒကို ပေါ်လာစေနိုင်တာမျိုးရှိတတ်တယ်။ ဒီအတွက် thumbnail image ကိုလည်း အကောင်းဆုံးဖြစ်အောင် စီစဉ်ထားရှိဖို့ လိုပါတယ်။

အခန်း ၁၆ မှာ တင်ပြပေးခဲ့တဲ့ ဗီဒီယိုနဲ့ပတ်သက်တဲ့ သတင်းအချက် တည်းဖြတ်မှု လုပ်ငန်းစဉ်တွေက ဒီကိစ္စအတွက် အသုံးချယူနိုင်တယ်။

အကောင်းဆုံး thumbnail ဆိုတာ ဝေဝေဝါးဝါးပုံမျိုးမဟုတ်ဘဲ ထင်ရှားပြတ်သားတဲ့ ပုံရိပ်ဖြစ်နေစေရပါမယ်။ အရေးကြီးအချက် ဒါမှမဟုတ် စိတ်ဝင်စားစရာ အကောင်းဆုံးအချက်ကို အနီးကပ်မြင်တွေ့စေမယ့်ပုံရိပ်မျိုးဖြစ်ဖို့လိုအပ်တယ်။ အရောင်အသွေးကောင်းရမယ်။ High contrast နဲ့ အရယူထားရမယ်။

## မိတ်ဆွေများနဲ့ ဆက်သွယ်ပေးပို့စရာများကိစ္စ

ရှာဖွေမှုအတွက် လိုအပ်တဲ့အစီအမံတွေ လုပ်ပြီးပြီဆိုတာနဲ့ မိမိရဲ့ဗီဒီယိုကို အလေးထားကြည့်လာစေဖို့ YouTube အသိုင်းအဝန်းကို ဖန်တီးယူရတော့မှာဖြစ်တယ်။ အမှမ်းတင်မှု ထိရောက်လေ ကြည့်ရှုမယ့်သူများလေလို့ မှတ်ယူနိုင်တယ်။

တကယ်တမ်းပြောရရင် မိမိတင်ပို့လိုက်တာနဲ့ YouTube က အလိုအလျောက် မိမိရဲ့ channel မှာ စာရင်းသွင်းထားသူအားလုံးဆီကို သတင်းပေးပြီးသွားပါလိမ့်မယ်။

မိမိအနေနဲ့က နောက်ဆုံးတင်ပို့လိုက်တဲ့ ဗီဒီယိုဖြစ်ကြောင်း အသိပေးဖို့လိုအပ်တယ်။ မိမိတင်ပို့တဲ့ဗီဒီယိုရဲ့ page ကို သွားပြီး Share link ကို ကလစ်လုပ်ပါ။ မိမိမိတ်ဆွေအားလုံးကို အသိပေးနိုင်ဖို့ Add All Friends link ကို ကလစ်ထပ်လုပ်ရပါမယ်။ ပြီးရင် Add All Contacts link ကို ကလစ်ထပ်လုပ်ရပါမယ်။ ပြီးရင် Add  All Contacts link ကို ကလစ်လုပ်ပြီး သတင်းလွှာပို့လိုက်ရုံပါပဲ။ သတင်းလွှာမှာတော့ "Check out my latest video" လို့ ဖြည့်သွင်းရင်ပင် လုံလောက်ပါတယ်။

## ဗီဒီယိုများအတွက် ကြော်ငြာခြင်း

မိမိဗီဒီယိုကြည့်ဖို့ နှီးဆော်တဲ့ နောက်တစ်နည်းကတော့ ငွေကုန်ကြေးကျ ရှိနိုင်တယ်။ ကြော်ငြာပေးနိုင်းရပါမယ်။ YouTube က ကြော်ငြာပေးမှာဖြစ်တယ်။ ကလစ်တစ်ချက်နှိပ်တိုင်း ကြော်ငြာတစ်ခုပေးရမယ့် အစီအစဉ်ဖြစ်တယ်။




---

**အဓိပ္ပာယ်ဖွင့်ဆိုချက် : Pay Per Click (PPC)**

ကြော်ငြာလိုသူက အွန်လိုင်းကြော်ငြာပုံစံတစ်ခုနဲ့ ကြည့်ရှုသူတစ်ဦးပေါ်လာတိုင်း ကြော်ငြာခပေးရတာကို pay per click စနစ်လို့ခေါ် ဆိုတယ်။

---

ဒီလိုကြော်ငြာမှုကို YouTube က "promoted video" လို့ခေါ် ဆိုသတ်မှတ်ထားတယ်။ ပုံ ၂၆-၁ မှာ မြင်တွေ့ကြရသလို search result page အများစုရဲ့ ညာဘက်ခြမ်းမှာ ထားရှိတတ်တယ်။ အတိုချုံ့ဖော်ပြချက်စာသားနဲ့ link ကိုပါ ညွှန်းဆို ပြသထားပေးတဲ့အပြင် thumbnail လေးပါ တွေ့နိုင်တယ်။




ပုံ ၂၆-၁ YouTube search result page တစ်ခု promoted video များ မြင်တွေ့ရပုံ။

## ဗီဒီယိုကြော်ငြာများကို နားလည်ခြင်း

Pay-Per-click ကြော်ငြာလုပ်ငန်းအတွက်၊ ကြော်ငြာထားရှိမှုအတွက် ပေးစရာမလိုဘဲ မိမိကြော်ငြာကိုနှိပ်ကာ မိမိဗီဒီယိုအပေါ် ကြည့်ရှုသူရှိမှသာပေးရတဲ့ လုပ်ငန်းစဉ်ဖြစ်တယ်။ ကလစ်တစ်ချက်နှိပ်တိုင်း အကြွေစေ့လေးတစ်စေ့ပေးရမယ့်သဘောဖြစ်တယ်။ ကလစ်နှိပ်ချက်များရင် ဗီဒီယိုပိုင်ရှင်ကပေးရမယ့် ငွေကြေးပမာဏ များသွားနိုင်တယ်။

Keyword နဲ့ ရှာသူအတွက်လည်း ဒီလိုနှုန်းထားမျိုးနဲ့ ပေးရမှာဖြစ်တယ်။ ဒီလို ကြော်ငြာနဲ့ မိမိဗီဒီယိုထားရှိဖို့ ဘတ်ဂျက်တွက်ချက်ဖို့တော့ လိုတယ်။ PPC ကို ဆက်လျှင် အတိုင်းအတာ ဘယ်ရွေ့ဘယ်မျှထားပေးပါလို့လည်း တောင်းဆိုနိုင်ပါတယ်။ ဒါမှမဟုတ် ရက်လအတိုင်းအတာတစ်ခုနဲ့ သတ်မှတ်နိုင်းလို့လည်း ရတယ်။

---

**မှတ်ချက် : Google AdWords**

YouTube ရဲ့ promoted video အစီအစဉ်က google ရဲ့ AdWords ရဲ့ အစိတ်အပိုင်း တစ်ခုဖြစ်တယ်။ ဒီအတွက် ကြော်ငြာလိုသူမှာ google AdWords account တစ်ခုရှိထားဖို့ လိုအပ်တယ်။ အသေးစိတ်ကို adwords.google.com မှာ ကြည့်ရှုနိုင်တယ်။

---

## Promoted Videos အတွက် sign up လုပ်ခြင်း

YouTube site ပေါ်မှာ ဗီဒီယိုတစ်ခုအတွက် ကြော်ငြာလိုတယ်ဆိုရင် အောက်ပါ လုပ်ငန်းစဉ်အဆင့်များနဲ့ ဆောင်ရွက်ရပါမယ်။

(၁) YouTube page တစ်ခုခုရဲ့ထိပ်ပိုင်းက အသုံးပြုသူအမည်ကို ကလစ်လုပ်ပြီး My Videos ကို ကလစ်ထပ်လုပ်ပါ။

(၂) My Videos page ပေါ်လာတဲ့အခါ မိမိကြော်ငြာလိုသောဗီဒီယိုအတွက် promote button ကို ကလစ်လုပ်ရပါမယ်။

---

**မှတ်ချက် : Individual Promotions**

ဗီဒီယိုတစ်ခုချင်းကို ကြော်ငြာနိုင်တယ်။ ဗီဒီယိုအမျိုးမျိုးအတွက် သီးခြားဆောင်ရွက်မှု တစ်ခုကို စီစဉ်ပေးရတယ်။ ဒါပေမဲ့ ဗီဒီယိုအားလုံးအတွက် generic campaign အနေနဲ့တော့ ခွင့်မပြုပါ။

---

(၃) YouTube ရဲ့ Promoted Video program ဖော်ပြထားတဲ့ page တစ်ခုကို ကောက်ယူလိုက်ပါ။ Add Promoted Videos to My YouTube Account Now! link ကို ကလစ်လုပ်ပါ။

(၄) တကယ်လို့ google ရဲ့ AdWords program မှာ ပါဝင်ထားခြင်း မရှိသေးတဲ့သူ ဖြစ်ရင် မိမိရဲ့ payment information တစ်ခုကို ပြင်ဆင်ပြီး sign up လုပ်ယူရပါမယ်။ AdWords အစီအစဉ်ပါဝင်ပြီးသားသူအနေနဲ့ တိုက်ရိုက် Set Budget Page ကို သုံးရုံပါပဲ။



(၅) Set Budget page ပေါ်လာတဲ့အခါ မိမိအကုန်အကျခံနိုင်မယ့် ငွေပမာဏကို ရိုက်သွင်းဖော်ပြပေးပါ။ ပြီးရင် "Ok, I Want to Use This Budget" ဆိုတဲ့ button ကို ကလစ်လုပ်ပါ။

(၆) Summary page ပေါ်လာပါလိမ့်မယ်။ Create a New Promotion link ကို ထပ်ပြီး ကလစ်လုပ်ရပါမယ်။

(၇) Choose Video page ပေါ်လာတဲ့အခါ မိမိကြော်ငြာလိုတဲ့ ဗီဒီယိုကို ကလစ်လုပ်ပြီး " Next, I Agree" button ကို ကလစ်ထပ်လုပ်ရပါမယ်။

(၈) Write Your Promotion page ပေါ်လာတဲ့အခါ ပုံ ၂၆-၂ မှာ ပြထားသလို ပထမ box မှာ ဗီဒီယိုအမည် ထည့်ယူရမယ်။ အမည်က စာလုံးရေ ၂၅ လုံးအောက် နည်းရပါမယ်။ လိုင်းနှစ်လိုင်း ရှိပါလိမ့်မယ်။ တစ်လိုင်းမှာ စာလုံးရေ ၃၅ လုံးထက် မပိုရပါ။




ပုံ ၂၆-၂ Promoted video တစ်ခုအတွက် ကြော်ငြာဖန်တီးပုံ

(၉) ကြော်ငြာအတွက် အသုံးပြုဖို့ thumbnail ရွေးချယ်ပြီး 'Next'ကို ကလစ်လုပ်ပါ။

(၁၀) Choose keywords pageကို မြင်တွေ့ရပါပြီ။ မိမိဗီဒီယိုအတွက် လိုရင်းတိုရှင်း အညွှန်းကို ရိုက်ထည့်ပါ။ ပြီးရင် 'Next' button ကို ကလစ်လုပ်ပါ။

(၁၁) Set CPC page ပေါ်လာတဲ့အခါ ကလစ်တစ်ချက်အတွက် သတ်မှတ်လိုတဲ့ ငွေပမာဏကို ရိုက်သွင်းပြီး "Next" button ကို ကလစ်ထပ်လုပ်ရပါမယ်။

(၁၂) Review Your Promotion page ပေါ်လာတဲ့အခါ "Okay, Run My Promotion" ဆိုတဲ့ button ကို ကလစ်လုပ်လိုက်ရုံပါပဲ။

**အဓိပ္ပာယ်ဖွင့်ဆိုချက် : Cost  Per Click (CPC)**

ကလစ်တစ်ချက်အတွက် ကြော်ငြာခ ဘယ်လောက်သတ်မှတ်တယ်ဆိုတာကို cpc လို့ ခေါ်ဆိုတယ်။

---

**လက်တို့အညွှန်း : Set Your Price**

CPC မြင့်တင်ထားသူအနေနဲ့ ဗီဒီယိုကို ကြည့်ရှုသူအများဆုံးဖြစ်စေဖို့ လိုလားကြတဲ့အတွက် search result ကောင်းကောင်းလည်း လိုလားကြမှာ ဖြစ်တယ်။ ဒီအတွက် CPC မြင့်ရင်မြင့်သလို YouTube ကလည်း ပိုပြီး သိသာထင်ရှားတဲ့ ကြော်ငြာမှုမျိုးနဲ့ စီစဉ်ပေးလေ့ရှိတယ်။

---

လုပ်ငန်းစဉ်အဆင့်လိုက် အားလုံးဆောင်ရွက်ပြီးသွားတဲ့အခါ မိမိရဲ့ ကြော်ငြာကိစ္စက YouTube ရဲ့ promoted videos database မှာ ပါဝင်သွားပြီးဖြစ်တယ်။ ရှာဖွေသူတစ်ဦးဦးက မိမိရဲ့ keyword နဲ့ အကျုံးဝင်တာနဲ့ search results page ကို ချက်ချင်းဖော်ပြပေးပါလိမ့်မယ်။

## စွမ်းဆောင်မှုလမ်းကြောင်းကို ခြေရာကောက်ခြင်း

မိမိကြော်ငြာထားတဲ့ ဗီဒီယိုနဲ့ပတ်သက်လို့ ဘယ်လိုအခြေအနေရှိတယ် ဆိုတာကို Promoted Video Dashboard ကနေ လေ့လာကြည့်ရှုနိုင်တယ်။ Ads.youtube.com၊ dashboard ဆိုတဲ့ လိပ်စာအတိုင်း ဝင်ကြည့်ရမှာဖြစ်တယ်။

ပုံ ၂၆-၃ မှာ မြင်တွေ့ရတဲ့အတိုင်း Dashboard Summary page ကို မြင်တွေ့နိုင်တယ်။ လက်ရှိလွှဲဆော်ထားရှိမှု အခြေအနေအရပ်ရပ်ကို တင်ပြပေးထားပါလိမ့်မယ်။ ကြော်ငြာတစ်ခုချင်းအတွက် ကလစ်အရေအတွက်များနဲ့ ကြည့်ရှုသူအင်အားဖော်ပြထားရှိပေးတဲ့အပြင် click through rate (CTR) ကိုလည်း ပြပေးထားတယ်။ ဘယ်လောက်အထိ ငွေကြေးသုံးသွားပြီဆိုတာလည်း ချက်ချင်းသိနိုင်တယ်။ အခြေအနေကိုကြည့်ပြီး ကြော်ငြာကဏ္ဍကို ရပ်နားလို့ရသလို နောက်တစ်ဆင့်မြှင့်ပြီး ကြော်ငြာလိုက ကြော်ငြာနိုင်ပါတယ်။

## YouTube ပြင်ပမှ ကြော်ငြာကိစ္စ

YouTube site ထဲမှာပဲ YouTube videos များကို ကြည့်ရှုဖို့ လွှဲဆော်တဲ့ ကြော်ငြာလုပ်ခြင်းမဟုတ်ဘူးဆိုတာကိုလည်း သိထားသင့်တယ်။ Gmail marketing, blogmar-






ပုံ ၂၆-၃ Dashboard Summary မှ အခြေအနေအရပ်ရပ်ကို မြင်တွေ့ရပုံ

---

**အဓိပ္ပာယ်ဖွင့်ဆိုချက် : Click Through Rate (CTR)**

ကြော်ငြာတစ်ခုအတွက် ကလစ်ပြုလုပ်ချက် ဘယ်လောက်ရှိတယ်ဆိုတာအပေါ် အခြေခံပြီး ကြော်ငြာတွေအကြား အဆင့်နှုန်းထားကို ရာနှုန်းနဲ့ ပြပေးထားလို့ CTR လို့ ခေါ်ဆိုတယ်။

---

keting, social network marketing, banner ads စသလို တခြားကြော်ငြာယူနိုင်မယ့် နည်းလမ်းအများအပြား ရှိပါတယ်။ မိမိအနေနဲ့ တခြားနည်းလမ်းနဲ့ ကြော်ငြာတဲ့အခါ မိမိရဲ့ YouTube channel ကို ထည့်သွင်းညွှန်းဆိုယူနိုင်ပါတယ်။


## အခန်း ၂၆ အနှစ်ချုပ်


မိမိဗီဒီယိုကို ဘယ်လိုအမွှမ်းတင်နိုင်မယ်။ အများကြည့်လာအောင် ဘယ်လိုကြော်ငြာနိုင်မလဲဆိုတဲ့ လုပ်ငန်းစဉ်အရပ်ရပ်ကို သိရှိခွင့်ရသွားစေပါတယ်။

# ကိုယ်တိုင်လေ့လာ Auto CAD သင်ခန်းစာ

ကိုနိုင်

- AutoCAD အင်ဂျင်နီယာပုံဆွဲဘာသာရပ်ကို လေ့လာ သင်ကြား လိုသူများအတွက် လက်တွေ့အသုံးချ သင်ခန်းစာများဖြစ်သည်။
- စာအုပ်တွင် အခြေခံမှ အဆင့်မြင့်အထိ တစ်ဆင့်ချင်း လေ့ကျင့် သင်ကြားသွားနိုင်ရန် အပိုင်းလေးပိုင်း ခွဲခြား ဖော်ပြထားသည်။ ပထမပိုင်းသည် အခြေခံဖြစ်ပြီး ဒုတိယပိုင်းသည် ကျွမ်းကျင်မှုအတွက် ရည်ရွယ်သည်။ တတိယပိုင်းသည် သုံးဖက်မြင်ပုံများ ရေးဆွဲခြင်းနှင့် စတုတ္ထပိုင်းသည် အဆင့်မြင့်ပုံဆွဲခြင်း သဘောတရားများ တင်ပြထားသည်။
- ကွန်ပျူတာအခြေခံနည်းသောသူများအတွက်ရော အင်္ဂလိပ်ဘာသာစကားအားနည်းသူများအတွက်ပါ အလွယ်တကူ လေ့လာနိုင်အောင် အရိုးရှင်းဆုံး မြန်မာဘာသာစကား၊ အရပ်သုံးစကားများဖြင့် ရေးသား ဖော်ပြထားသည်။




Adobe Photoshop CS5 လေ့လာသင်ယူရန် အလွယ်ကူဆုံး၊ အမြန်ဆုံးနှင့် အပြည့်စုံဆုံး နည်းလမ်းများ ပါရှိသည်။

ADOBE

# PHOTOSHOP CS5

Adobe Photoshop လက်တွေ့သင်ခန်းစာများ

ကိုယ်တိုင်လေ့လာသင်ခန်းစာ

# YouTube

in **10** Minutes



လွယ်ကူလေ့လာ သင်ခန်းစာများ
သည် လေ့လာလိုသူတို့အတွက်
လိုအပ်ချက်များကို
လက်တွေ့ကျသော အဖြေများဖြင့်
သင်ကြားပေးသည့်
သင်ခန်းစာများ ဖြစ်သည်။
သင်ခန်းစာတစ်ခုလျှင် ၁၀ မိနစ်စာ
ကိုယ် ကိုယ်တိုင်
လေ့ကျင့်သင်ယူနိုင်စေရန်
စီစဉ်ပေးထားသည်။

အောက်ပါ YouTube လုပ်ဆောင်ချက်များကို ၁၀ မိနစ်အတွင်း သင်ခန်းစာတစ်ခုချင်းကို လေ့ကျင့်သင်ကြား တတ်မြောက်စေနိုင်မည်။

- YouTube ကနေ ဗီဒီယိုများ ကြည့်ခြင်း
- သင့်ဗီဒီယိုဖိုင်များကို သူငယ်ချင်းများအား မျှဝေပေးခြင်း
- ကြည့်လိုသည့် ဗီဒီယိုစာရင်း စီစဉ်ထားရှိခြင်း
- အရည်အသွေးမြင့် ဗီဒီယိုများကို ကြည့်ခြင်း
- သင့် blog တွင် ဗီဒီယိုဖိုင်များကို တင်ခြင်း
- သင့် ဝက်ဘ်ဆိုက်တွင် YouTube မှ ဗီဒီယိုဖိုင်များကို ပေါင်းထည့်ခြင်း၊ Link လုပ်ပေးခြင်း
- ကိုယ်ပိုင်ဗီဒီယိုများ ရိုက်ကူးခြင်းနှင့် တည်းဖြတ်ခြင်း
- YouTube ကို ဗီဒီယိုဖိုင်များတင်ခြင်း
- ဗီဒီယိုအကြောင်းအရာကို စာတန်းထိုးခြင်း
- ဗီဒီယိုပါ တေးသံဖိုင်ကို ပြောင်းလဲထည့်ခြင်း
- iPhone တွင် YouTube ကြည့်ခြင်း
- YouTube အဖွဲ့အစည်းတွင် လှုပ်ရှားပါဝင်ခြင်း

Myanmar
Heritage